မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်
ရန်ကင်းတောင်ခြေ

# ရန်ကင်းအေးငြိမ်းရိပ်သာ

(ယောင်းတောင်ပြေကင်းတောရတိုက်ခွဲ)

အရှင်ကောဝိဒ (သာသနဓဇ ဓမ္မာစရိယ)
စုစည်းဖော်ညွှန်းသည့်



# ဆရာတော်ဦး ရဲ့ဘဝ

(မူရင်းဘဏ်း) ဆရာတော်—စာပေစီစဉ်

သာသနာ = ၂၅၅၂ ကောဇာ = ၁၃၇၀ ခရစ် = ၂၀၀၈

# မှတ်သားဖွယ်ရာ ဩဝါဒ

တန်ဘိုးရှိတဲ့ လူတစ်ယောက်နှင့် ကြက်တစ်ကောင်

သေရင်

ဒီမသာနှစ်ခုထဲက

ကြိုက်တာတစ်ခုယူပြီး အိမ်ပေါ်တင်လို့ပြောရင်

ဘယ်ဟာကို ယူကြမလဲ ?

ကြက်သေကောင်ကိုပဲယူပြီး ချက်စားလိုက်ကြမှာနော်၊

ကြက်သေလောက်မှ တန်ဘိုးမရှိတဲ့ ခန္ဓာကိုယ်ကြီးကို

သိပ်အလိုမလိုက်ကြနှင့် ။

ကုသိုလ်အနှစ်တွေ ရအောင် ထုတ်ယူကြဗျာ။

မောင်းထောင်မြေဖင်းတောရ ဆရာတော်ဘုရားကြီး

ကျေးဇူးတော်ရှင်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး



[illegible]

[illegible]

[illegible]

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏

# ဓာတုစေတီတော်



၁၃၆၈ - ခုနှစ်၊ နတ်တော်လဆန်း ( ၁၃ ) ရက်နေ့တွင်
မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဓာတ်တော်များကို
ဌာပနာသွင်းပူဇော်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၁၇-နာရီကြာ မီးသင်္ဂြိုဟ်တော်မူပြီး ကြွင်းကျန်ခဲ့သည့်
မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏
ရောင်ခြည်တော် ကွန့်မြူးခဲ့သော

# ဓာတ်တော်,မွေတော်များ




(တပို့တွဲလပြည့်ကျော် (၃) ရက် (4-2-2007) တနင်္ဂနွေနေ့
ညနေ (၆) နာရီ မှ (၇)နာရီ မိနစ် (၂၀) အထိ
ဦးခေါင်းခွံတော်, စွယ်တော်တို့မှ အထက်အောက်ရောင်ခြည်တော် ကွန့်မြူးသည်။)


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး မှ
ရန်ကင်းအေးငြိမ်းရိပ်သာဆရာတော် ဦးကောလာသအား
ဒုဿစေတီ ဖူးမြော်နည်း ညွှန်ကြားပြသနေပုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မောင်းထောင် မြေဇင်းတောရ ဆရာတော်




ဦးဥတ္တမ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရန်ကင်းအေးငြိမ်းရိပ်သာ

လက်ထောက်ကမ္မဋ္ဌာနာစရိယ ဆရာတော်



**ဦးခေမာစာရ**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရန်ကင်းအေးငြိမ်းရိပ်သာဆရာတော်



# အရှင်ကေလာသ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)




ရွှေတောင်ဦး ဆရာတော်နှင့်အတူ မောင်းထောင်မြေဇင်းတောရ
ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးမဏ္ဍလ -
ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော် တို့အား
အတူဖူးတွေ့ရစဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)




ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်နှင့်အတူ ရန်ကင်းအေးငြိမ်းရိပ်သာ
ဆရာတော် - မောင်းထောင်မြေဇင်းတောရ ကမ္မဋ္ဌာနာစရိယ
ဆရာတော် တို့အား ဖူးတွေ့ရစဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရန်ကင်းအေးငြိမ်းရိပ်သာ ကျောင်းဒါယကာကြီး ဦးသိန်းအောင်နှင့်အတူ
မောင်းထောင်မြေဇင်းတောရ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးမင်္ဂလ
ရန်ကင်းအေးငြိမ်းရိပ်သာဆရာတော် ဦးကေလာသတို့အား ဖူးတွေ့ရစဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်

ရန်ကင်းတောင်ခြေ

# ရန်ကင်းအေးငြိမ်းရိပ်သာ

(မောင်းထောင်မြေဖင်းတောရတိုက်ခွဲ)

# အရေတော်ခွလှူဘာဝ

နှင့်

(မျှဝေခံစား) မွေ့ရသ=စာတမ်းများ

IAMC

INTERNATIONAL ANAPANA MEDITATION CENTRE -မှ
မှတ်တမ်းတင် ထုတ်ဝေသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ

နိဒါန်း


| | | |
|---|---|---|
| ၁။ရှက်လှပါဘိ ငါအသိ အဘိဓမ္မာဆရာ ဦးသောဘန | | ၁ |
| ၂။မမေ့နိုင်သော ယခုဘဝ | အရှင်ကုလဝံသ | ၁၁ |
| ၃။နာဂစ်နတ်သားများ၏ မှာတမ်းလွှာ | မဝါဝါဆွေ | ၁၅ |
| ၄။စခန်းဝင်ရ အချိန်နောက်ကျ | မဇာဇာအေး | ၂၇ |
| ၄။သမထထိုင် စေတစ်လုံးပိုင် စေတစ်လုံးပိုင် ဝိပဿနာနိုင် | အရှင်ဥတ္တမ | ၃၄ |
| ၅။ဖြစ်,ပျောက်,နွေး,နာ,အေးမြလာ လွန်စွာချမ်းသာရ | Dr.မအေးသီ | ၄၂ |
| ၆။တရားအလင်းဖြင့် အားလုံးသိခဲ့ပြီ | မနုထွေး | ၄၈ |
| ၇။ဝိဇ္ဇာမျက်လုံးနှင့် မဂ်ဖိုလ်လူသား | ဦးထွန်းကြည် | ၅၅ |
| ၈။နိဗ္ဗာန်နန်းသို့ မျှော်ရည်မှန်းလျက် | ဦးသိန်းမြင့် | ၆၂ |
| ၉။အနှိုင်းမဲ့ ဘာသာ | ဦးဝိစိတ္တ | ၆၇ |
| ၁၀။ဌာနေမွန်သို့ | အရှင်နာဂသေန | ၇၅ |
| ၁၁။အရတော်စွ လူ့ဘဝ | ဦးတင်စိုး | ၈၀ |
| ၁၂။အိပ်ပျော်ရာမှ နိုးထလာသူ | D.r ညီညီအောင် | ၉၁ |
| ၁၃။အမြင်ရှင်း၍ အသိလင်းခဲ့ပါပြီ | ကိုညီညီတင် | ၉၇ |
| ၁၄။သမထတရားအား ပူဇော်ခြင်း | ကိုမောင်ငယ် | ၁၀၉ |
| ၁၅။နိဂုံးစကား | | ၁၁၁ |
| ၁၃။ဌာနမြန်ကြွ အမှန်ပ ဖိတ်ခေါ်မှာ | ဦးဉာဏ်ဝင်း | |
| ၁၄။ဓမ္မဒါနအလှူရှင်များ | အလှူရှင်များ | |


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# နိဒါန်း

လူသားအပါအဝင် သတ္တလောကသား သက်ရှိသတ္တဝါ မှန်သမျှတို့သည် ချမ်းသာလိုကြသည်။ သတ္တလောကမှ အသိဉာဏ် အကြီးဆုံးဖြစ်သော လူသားတို့သည် အသိဉာဏ် ရှိသလောက် ချမ်းသာသုခရနိုး မျှော်လင့်ချက် အမျိုးမျိုးတို့ဖြင့် ငန်းတိုက် ရှာဖွေခဲ့ကြသော်လည်း ချမ်းသာ အစစ်ကိုကား မရ ခဲ့ကြ တခဏတာ ချမ်းသာသုခ ရရှိခဲ့ကြ၍ ထာဝရ ချမ်းသာ သုခကိုမူ မရခဲ့ကြပေ။

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ၊ ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ၊ သံဃော လောကေ သမုပ္ပန္နော အနုတ္တရံ ပုညခေတ္တံ" ဆိုသည့်အတိုင်း သတ္တဝါတို့၏ အကျိုးစီးပွားအတွက်လည်းကောင်း ချမ်းသာ သုခ ရရှိရေးအတွက်လည်းကောင်း ကုသိုလ်ကောင်းမှု မျိုးစေ့ များ စိုက်ပျိုးရန် လယ်ယာ မြေကောင်းအဖြစ်လည်းကောင်း လောကကြီးတွင် ရတနာမြတ်သုံးပါး ပေါ်ပေါက် လာခဲ့ ရပါသည်။ ယုံကြည်ကိုးကွယ် တတ်သော သမ္မာဒိဋ္ဌိ ရှိသူများမှာ ချမ်းသာစစ် ချမ်းသာမှန်ကို အမှန်ပင် ခံစားကြရပါသည်၊ ထိုချမ်းသာစစ် ချမ်းသာ မှန်သည်ကား ရုပ်ဓမ္မ, နာမ်ဓမ္မတို့ ချုပ်ငြိမ်းရာ အသင်္ခတဓာတ် မြတ်သော ' နိဗ္ဗာန် ' ပင်တည်း။

ထိုချမ်းသာစစ် ချမ်းသာမှန်ဖြစ်သော မြတ်နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း တရားကောင်းတို့ကို ရှင်တော်ဗုဒ္ဓ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သည် သုံးသွယ်သော ပိဋကတ် တို့ကို ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဖြင့် ဟောကြားတော်မူထားခဲ့ရာ ထိုထိုသော တရားတော်တို့ကို အဆက်ဆက်သော ရဟန်းသံဃာတော် များတို့ကသာ သယ်ပိုးရွက်ဆောင်တော် မူလာခဲ့ကြပေသည်၊ ဤတွင်သံဃာတော် အရှင်သူမြတ်တို့သည် ပရိယတ္တိသဒ္ဓမ္မနှင့် ပဋိပတ္တိသဒ္ဓမ္မတို့ကို သက်စွန့်ကြိုးပမ်း ပင်ပန်း ဆင်းရဲခံကာ သယ်ပိုးခဲ့ကြပြီး မိမိတို့ ကျွမ်းကျင်ရာ ကမ္မဋ္ဌာန်းနည်းတို့ဖြင့် ပဋိပတ္တိသဒ္ဓမ္မတို့ကို ကိုယ်တိုင် ကျင့်သုံးကြလျှက် ကျွတ်ထိုက်သသူ များဗိုလ်လူတို့အား ပဋိဝေဓ သဒ္ဓမ္မ နယ်သို့အရောက်ပေးပို့ ချမ်းသာစေတော်မူခဲ့ကြပါသည်၊ ခေတ်အဆက်ဆက်သော သံဃာတော်တို့၏ ကျေးဇူးကား ကြီးမားလှပေစွ။

ထိုအထဲတွင် တရားအားထုတ်ခွင့်ရသော ယောဂီတို့လွန်စွာအားရ ချမ်းသာခဲ့ကြရသော နည်းတစ်ခုဖြစ်သည့် ကန္ဒီနည်း သမထနှင့် ဝိပဿနာများကို "အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ" ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးမှ ထိမ်းသိမ်းပြသခဲ့၍ တပည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ အမွေဆက်ခံပြသခဲ့မှုကြောင့် ယောဂီတို့တွေ့ကြုံ ခံစားခဲ့ကြရသည့် ဓမ္မရသစာတမ်းများကို ဖတ်ရှုခံစား သဒ္ဓါပွား စေလိုပါ၏။

ထိုသို့သူတော်စင်အများ သဒ္ဓါပွားကြလျှက် တရားတော်၏ အနှစ်ကျသော အကျိုးတရားများ ရရှိစေရန် အလို့ငှါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ အပြည်ပြည်ဆိုင်ရာ သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်း (အထက် မြန်မာပြည်)ကို ၁၃၆၄ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက် နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေတွင် "ရန်ကင်းအေးငြိမ်းရိပ်သာ" ကို စတင် ဖွင့်လှစ်ခဲ့ပါသည်။

ရန်ကင်းအေးငြိမ်းရိပ်သာသည် စတင်ဖွင့်လှစ်သည်မှ စ၍ ယခု ၁၃၇၀၊ ပြည့်နှစ်အထိ ရက်(၆၀)တရားစခန်းများကို တစ်နှစ်လျှင် (၆)ကြိမ်မျှ ဖွင့်လှစ်ပြသခဲ့ရာ စခန်းဝင် ယောဂီ ပေါင်း (၁၆၀၀)ကျော်တို့အား ဓမ္မရသများ ရရှိခံစား စေနိုင်ခဲ့ ပါသည်။ စခန်းဝင်ယောဂီများတို့အားလည်း တရားစခန်းပွဲ ပြီး ဆုံးသည့်အကြိမ်တိုင်းတို့၌ မိမိတို့ရရှိခံစားခဲ့ကြရသော ဓမ္မရသ စာတမ်းများကို ရေးသားမှတ်တမ်း တင်စေခဲ့ကြပြီး သမိုင်းမှတ် တိုင် ထူစေ ခဲ့ပါသည်၊ ရိပ်သာ၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းအဖြစ် သတ်မှတ်ထားရှိ ခဲ့ပါ၏။

ဤသို့ စခန်းဝင်ယောဂီများ ရေးသား မှတ်တမ်း တင် ထားခဲ့သည်များကို စခန်းသို့ ဝင်ရောက်အားထုတ်ခြင်း မပြု နိုင်ကြသူ များအားလည်း စာတမ်းများပါ တရားရသများ မျှဝေခံစားနိုင်ကြစေရန် ရည်ရွယ်လျှက်-

- "မျှဝေခံစား ဓမ္မရသ စာတမ်းများ" စာအုပ်ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း
- "မျှဝေခံစား အေးငြိမ်းရသ စာတမ်းများ"စာအုပ်ကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် လည်းကောင်း
- "ရှာအဝင်လမ်းနှင့် မှုဝေခံစား ဓမ္မရသ စာတမ်းများ"
စာအုပ်ကို ၂၀၀၇ ခုနှစ်တွင် လည်းကောင်း ထုတ်ဝေခဲ့ပါသည်။

ထိုထိုသောစာအုပ်များနှင့် အကြောင်းမတိုက်ဆိုင်၍ ဖတ်ရှုခံစားခွင့် မရရှိသူများအတွက် ယခုလည်း တရားဓမ္မ များကို ပြည်သူအများ လေးစားလိုက်နာ စောင့်ထိမ်းပွား များကြလျှက် ယဉ်ကျေးလိမ္မာကြ၍-

- အခြေခံအားဖြင့် ပုထုဇဉ်သူတော်ကောင်းများ ဖြစ်ကြစေ ရန်လည်းကောင်း

- ဒုတိယအားဖြင့် စူဠသောတာပန် မဟာသောတာပန် အဆင့် ရောက်ကြစေရန်လည်းကောင်း

- အဆုံးစွန်သော ရည်မှန်းချက်အဖြစ် မဂ်လမ်း ဖိုလ်လမ်း ပွင့်ကြ၍ အရိယာ သူတော်ကောင်းများ အဖြစ်ကျင့်ကြံနိုင်ကြစေရန်လည်းကောင်း ရည်ညွှန်းလျှက် စခန်းဝင် ယောဂီတို့၏ တရား အတွေ့အကြုံ ခံစားချက်များ ဓမ္မရသ စာတမ်း အဖြစ် "အရတော်စွ လူ့ဘဝ " မည်သော ဤစာအုပ်ကို ပေါ့ပါးလွယ်ကူစွာ ဖတ်ရှုခံစားနိုင်ကြစေရန် ယောဂီလိပ်စာ တိကျစွာဖြင့် ရွေးချယ် ထုတ်နုတ် မူရင်း မပျက် ရေးသား ထုတ်ဝေ လိုက်ပါ၏။

သတ္တဝါ ခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ . . .။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရှက်လှပါဘိ ငါအသိ အဘိဓမ္မာဆရာ



သုံးတန်သော ပိဋကတ်တော်တွင် အဘိဓမ္မာ ပိဋကတ်တော်လာ စာပေများတို့သည် သဘောသွား အနက် အဓိပ္ပါယ်တို့ ကျယ်ပြန့် လေးနက်ခြင်း ရင့်ကျက် နက်နဲခြင်း လောကသုံးပါးကို ခြုံငုံသုံးသပ် အနက်ဓိပ္ပါယ် ဖွင့်ပေးခြင်း သဘာဝဓမ္မ-တရားတို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးတန်တို့၌ အဖြစ်သနစ်အတိုင်း ဖော်ထုတ် မှတ်ကျောက်တင်လျှက် လမ်းညွှန်ပေးခြင်းစသော အကောင်းဆုံးသော စံနှုန်းတို့ဖြင့် သို့မဟုတ် အကောင်းဆုံးသော အင်္ဂါတို့ဖြင့် ပြည့်စုံလုံလောက်နေသော စာပေတို့၏ စွမ်းဆောင် နိုင်မှုသည်ကား စာသင်သား သံဃာတော်တို့အား တုန်လှုပ် ခြောက်ခြားအောင် ခံစားရသော အဗ္ဘုတရသ မြောက်တော်မူပါပေ၏။

ဤဓမ္မရသစာတမ်းကို ပြုစုတင်ပြသော ဤအရှင်သည် ဆရာကြီးဓမ္မာစရိယ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာလန်ဒန်) တည်ထောင် ဖွင့်လှစ်သော ဗုဒ္ဓတက္ကသိုလ်မန္တလေး၌M.A ဘွဲ့ရရှိပြီး ၎င်းတက္ကသိုလ်အား ပြန်လည် ကျေးဇူးပြုသောအားဖြင့် သင်တန်းသားများတို့အား အဘိဓမ္မာဘာသာရပ်ကို ပို့ချသင်ကြားပေးလျှက်ရှိသည့် ကထိကတာဝန် ထမ်းဆောင်လျှက်ပါ၏။ အဘိဓမ္မာဘာသာကို ထူးထူးခြားခြား နားလည်း သဘော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပေါက်အောင် သင်ကြားပို့ချပေးသော စာတမ်းရှင်ဖြစ်သည့် ဤအရှင်အား စာသင်သားသံဃာများက အထင်ကြီး လေးစားကြပါ၏။

ထိုသို့ တပည့်များ၏လေးစားခြင်းဟူသော အဓိက အကြောင်းတရားသည် ဤအရှင်အား ရိပ်သာသို့ဝင်ရန် တိုက်တွန်းပေးသလို အခြားတစ်ဖက်မှာလည်း ခန္ဓာမှာရှိသည့် တရားများကို ကိုယ်တိုင်သိပါမှ ငါအဘိဓမ္မာ ဆရာဖြစ်သင့်သည် "ငါလိုသေးသည် - ငါလိုသေးသည်" ဟူသော အတ္တသမ္မာပဏိဓိစက်ကို စတင်နှိုးထစေပါသည်။ ထိုသို့ မူလဆန္ဒနှင့် မူလဘ၀ကို အကောင်အထည်ဖော်သောအားဖြင့် သူငယ်ချင်း ဦးစန္ဒောဘာသ (မြစိမ်း)နှင့်အတူ ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀) တရားစခန်း အမှတ်စဉ် (၇၀/၅) သို့ ဝင်ရောက်ခဲ့ပါသည်။

## မာန်ကိုလျှော့၍ မိနစ်ကျော်

အရဟံဂုဏ်တော် ၃-ရက် စတင်ပွားရစဉ်က တစ်ကြိမ်ထိုင်လျှင် မိနစ်(၃၀)သာ ထိုင်နိုင်ခဲ့သော်လည်း-

- ဘ၀သံသရာ အဆက်ဆက်မှ ယနေ့ကျအောင် မပြစ်မှားသင့် မပြစ်မှား ထိုက်သော ဘုရားစသော သူတော်ကောင်းတို့ အပေါ်၌ ကာယကံပြစ်, ၀စီကံပြစ်, မနောကံပြစ်တို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ထိုထိုအပြစ်တို့မှ ခွင့်လွှတ်သည်းခံတော်မူကြပါရန် တောင်းပန်ခြင်း

-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဘုရားရှင်နှင့်တကွ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာသမားတို့အား အပ်နှံခြင်း

-အားလုံးသော(၃၁)ဘုံသားတို့အား မေတ္တာတရားတို့ကို နှစ်နှစ် ကာကာ စူးစိုက်ပို့လွှတ်ခြင်း စသည့် ဆရာတော်၏ နည်းကျ ဌာန်ကျ မာန်ချလျက် ပွားများလိုက်သည့်အခါ မိမိခန္ဓာကိုယ်အတွင်း ရိုးတွင်း ချဉ်ဆီအထိ ပြေလျော့ကာ ပျော့ပြောင်းနူးညံ့သိမ်မွေ့ပြီး မူလမိနစ်(၃၀) ထိုင်နိုင်ခြင်းမှသည် နှစ်ဆတိုးကာ (၁)နာရီထိ ထိုင်လာနိုင်ခြင်းသည် ဤအရှင်အတွက် ထူးခြားသည့် ဝိသေသလက္ခဏာ အတာထွက် ဓမ္မအရသာ ခံစားရမှုပါတည်း။

## သမာဓိဖြင့် နာရီကျော်

(၂)ရက်နေ့မြောက် (၄း၀၀)နာရီမောင်းတွင် ပတ်ဝန်းကျင်အနီးနားရှိ လူတွေရဲ့အသံကို ကျယ်လောင်စွာ ကြားရပြီးနောက် မှတ်သားသော အရဟံဂုဏ်တော်သည် တစ်လုံးချင်း ပြတ်ပြတ်သားသားထွက်ပေါ်လာကာ နာကျင်နေသော ဝေဒနာများအား ကျော်လွှားဖြတ်သန်း၍ ၁-နာရီမှ ၁-နာရီခွဲ ၂-နာရီထိ ထိုင်နိုင်ခဲ့ပါသည်။

အာနာပါနကို (၁၂)ရက် အားထုတ်ရပါသည်။ အရှင်သည် အလင်းနိမိတ်များ အများနည်းတူ ထင်သလောက် မရခဲ့ပါ။ အကြိမ်ရေအားဖြင့် အနည်းအကျဉ်းသာ ရရုံမျှသာ ရခဲ့ပါသည်။ ဆရာတော်သည် စိတ်မပျက်ဖို့ ကိုယ့်ရှိတာ ကိုယ်တရား မှန်မှန်လုပ် ဟုတ်တာပြော မိန့်မှာသည့်အတိုင်း စိတ်ဓာတ်မကျ ကြိုးစားအားထုတ်ပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၁၂)ရက်အားထုတ်ပြီး နေ့လယ် (၂)နာရီထိုင်သော မောင်းတွင် ထူးထူးခြားခြား တစ်ခုဖြစ်ပေါ်ပါသည်။ ပြာလဲ့လဲ့ ဖြူတူတူ ကြောင်ငယ် တစ်ကောင် အာရုံနိမိတ်ထဲ ဝင်လာပြီး မူလအသွင်ပျောက် ကြောင်နက် အသွင်ရောက်ကာ ကားဆလိုက် မီးများကဲ့သို့ မျက်စိ နှစ်လုံးအား သုံး လေးခါမျှ လင်းထိန်ပြသည်။ မျက်စိအား သေချာစွာ ကြည့်သောအခါ မျက်စိ အရာသာ တွေ့ရပြီး ဆလိုက်ထိုးပြနေခြင်းဖြစ်သည်။ ထိုအခါ အရှင်သည် အားတက်သရောဖြစ်ကာ ငါ၏အားထုတ်ခဲ့သော သမာဓိစွမ်းအားတွေ ကြောင်မျက်ရှင်ကဲ့သို့ ကြည့်လို့ရပြီး စိတ်ချ ယုံကြည်စွာဖြင့် နောက်တစ်နေ့ဝယ် မိမိ၏ ခြေရင်းအခန်း နောက် ယောဂီ အဆောင် တစ်ဆောင်လုံး လွယ်လွယ်ကူကူ ဖောက်ဝင်နိုင်ပြီး အခန်းတွင်းရှိ ယောဂီပုဂ္ဂိုလ်များအားလည်း ဘယ်ယောဂီ ဘာလုပ်နေတယ်ဆိုတာကို ကြည်လင်ပြတ်သားစွာ တွေ့မြင်ရပါတော့သည်။

နောက်ရက်များတွင် ရန်ကင်းအေးငြိမ်းရိပ်သာ အတွင်းရှိ ရုပ်ပွားတော်များမှ အစပြု၍ မန္တလေး စစ်ကိုင်း မြန်မာပြည် အတွင်းရှိ ဘုရားများ အားလုံး ဒီအပြင် အိန္ဒိယ သီရိလင်္ကာ နိုင်ငံများရှိ ထူးခြားသော မြတ်စွာဘုရား၏ ဓာတ်တော်များ အားလုံး လူကိုယ်တိုင် သွားရောက် သကဲ့သို့ ဖူးမြော်ခဲ့ရ သည်မှာလည်း ပျော်ရွှင်မဆုံး ဖြစ်ပါသည်။

တာဝတိံသာ စူဠာမဏိ စေတီတော်ကို နိမိတ်လွှတ်၍ ဖူးသော အခါ စူဠာမဏိစေတီမှာ ရွှေသားအတိပုံစံတူ အရံစေတီ လေးဆူဖြင့် ထင်ထင်ရှားရှား တွေ့ခဲ့ပါသည်။ တာဝတိံသာ သုဓမ္မာဇရပ်ကို သွားရောက်၍ ကြည့်သောအခါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သုမေ္မာဇရပ်သို့အဝင် ရွှေရောင်အဆင်းရှိသော နတ်သား နှစ်တန်း မိမိအား လက်အုပ်ချီ၍ မတ်တတ်ရပ် စောင့်ကြို နေသည်ကို တွေ့ရပြီး ၎င်းနောက် နတ်သား နှစ်တန်းကြားထဲမှ ဝင်ရောက် သွားသော မိမိအား ပလ္လင်အနီးသို့ ရောက်သော အခါ ရှေ့ဆုံးမှ နတ်သား နှစ်ဦး ဆီးကြို၍ ပလ္လင်ပေါ်သို့ မတက်ရန် တားမြစ်ပါသည်။ ပလ္လင်၏ ပတ်ခြာလည်တွင် ဝရံတာ ကာထားသည်ကို သတိထားမြင်ခဲ့မိပါသည်။

ဖြဟ္မာ့ပြည် ဒုဿစေတီအတွင်းရှိ သိဒ္ဓတ္ထ၏ ခေါင်းဆောင်း ပေါင်းတော်ကို အနီးကပ် မြင်တွေ့ရသည်မှာ ပေါင်းတော်၏ အောက်သို့ နိမိတ်ရောက်ရှိသွားပြီး ပေါင်းတော်ကို ရွှေသားများဖြင့် ယက်လုပ်ပြီး ပိတ်ဖြူရင့်ရောင် အုပ်ထားသည်ကို ထူးထူးခြားခြား အနီးကပ် ကြည့်ရှု ခဲ့ရပါသည်။

ဥတ္တရကုရုတိုင်း မြောက်ကျွန်းသို့ တစ်ခေါက် ရောက်ခဲ့ရတယ် လူတရပ်ခန့်ရှိသော သစ်ပင် စိမ်းစိမ်းကြားဝယ် တစောင်း ထိုင်နေသော မြောက်ကျွန်းသူအား ထင်ရှားစွာ တွေ့မြင်ရသည်မှာ အသားရေ နီမြန်း၍ ဆံပင်ပုံစံ နောက်သို့ချထားသည်မှာ ဆင်စွယ်လို ချွန်ပြီး တင်ပါးပေါ်သို့ မရောက်ခင် အဆုံးသတ်ထားသည်၊ ဝတ်စား ဆင်ယင်ပုံစံမှာ သစ်ရွက်များဖြင့် စိမ်းစိုနေသော သစ်ပင်၌ အဖြူရောင် ပန်းဆုပ်များ နေရာအနှံ့ ပွင့်နေသလို မြောက်ကျွန်းသူ၏ ကိုယ်ပေါ်ဝယ် အပေါ်အောက် တစ်ရောင် တည်း ဝတ်ဆင်ထားသည်ကို ထူးခြားစွာ တွေ့မြင်ခဲ့ရပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာ၏ ရှေ့ပြေး ပုဗ္ဗကိစ္စလေးပါးကို ရှုမှတ်ပွားများသည့်အခါ ခန္ဓာ၏ အင်္ဂါအစိတ်ပိုင်းများဖြစ်ကြသည့် အသွေး ဦးခေါင်း အသဲ နှလုံးများကို ပီပြင်စွာ မြင်တွေ့ရပြီး သမထ ၏စွမ်းအားဖြင့် ဝေဒနာ ပေါ်ရာ သမာဓိတင် ဝိပဿနာ ရှုသည့်အခါ ပူခြင်း အေးခြင်းနှင့်တကွ ဓာတ်ကြီးလေးပါး အနက်ထင်ရှားသည့် ရုပ်သုံးပါးကို တပြိုင်နက် ဖြစ်ပေါ်နေပုံများ ခန္ဓာကိုယ်ပေါ်မှာ မြင်တွေ့ရပါသည်။ ၎င်းအပြင် ခန္ဓာကိုယ်ကြီး တစတစ ပျက်သည်းပြီး အရိုးများ ကြေမွ၍ ပျက်စီးခြင်း အသဲကျွေခြင်း နှလုံးပေါက်ခြင်း ခန္ဓာကိုယ် တစ်ခုလုံး မြူမှုံအဝ ဖြစ်ခြင်းများ အားလုံးတို့ကို အရှင်ကိုယ်တိုင် တွေ့ရှိသိမြင် ခံစားခဲ့ရပါ၏။

"ပစ္စယပရိဂ္ဂဟ"တွင် မိမိ၏ အတိတ်ဘဝ ဖြစ်စဉ်များ ပြန် လည် အာရုံပြု၍ ကြည့်သောအခါ တစ်ခုပြီး တစ်ခု တစ်သံ တစ်တန်းကြီး ပေါ်ပေါက် လာသည် ဖြစ်လေရာ ဘဝတိုင်းတို့၌ တိရစ္ဆာန်ဘဝတွေသာ အဖြစ်များပြီး လူဖြစ်ခဲ့သော ဘဝမှာ နှစ်ဘဝသာ တွေ့မြင်ခဲ့ရပါသည်။

ဤလူ့ဘဝကို မရောက်ခင် တစ်ခုသော ဘဝဝယ် ဖွတ်ကြီးဘဝကို ရရှိခဲ့ပါသည်။ တစ်နေ့သော အခါဝယ် ကျောက်ကမ်းပါးယံ ပြိုအကျမှာ မိမိ၏ ဖွတ်ဥများအား ဗိုက်အောက်သို့သွင်း၍ ကာကွယ်ခဲ့ရသည်။ ဥသုံးလုံး လွတ်သွားပြီး ဖွတ်ကြီးမှာ ပြားချပ်၍ သေပွဲဝင်ခဲ့ရသည်၊ ဖွတ်ဥကို ကာကွယ်သော ကုသိုလ်ကံကား ဤဘဝ လူဖြစ်လာရပေသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်ရပ်ဆန်းများ အမြောက်အများ ရှိသည့်အနက် တချို့တဝက်ကို တင်ပြခဲ့သည်။ ဤကဲ့သို့ အထက်ပါ အကြောင်း အရာတို့အား ပြန်လည် သုံးသပ်သည်ရှိသော် မရောက်ဖူးသည့် နေရာများကို ရောက်ဖူးခြင်း မသွားနိုင်သည့် နေရာများကို သွားနိုင်ခြင်း မမြင်ဖူးသည်များကို မြင်ဖူးခြင်း ထို့အပြင် မိမိ၏ခန္ဓာကိုယ် အစိတ်ပိုင်း တစ်ချို့ကို မြင်တွေ့ရခြင်း ပညတ်ရုပ် ပရမတ်ရုပ်များနှင့်အတူ ရုပ်၏သဘောတရား နာမ်၏သဘော တရားတို့ကို ပိုင်ပိုင်နိုင်နိုင် ခွဲခြားစိတ်ဖြာ၍ သိရှိခဲ့ရခြင်း စသည့်အကျိုး တရားများရရှိခဲ့ပါသည်။ စာပေ၌ ဖော်ပြသော အကြောင်းအကျိုး တရားများက သဘောမျှသာ ဖြစ်ပြီး စာပေရဲ့ နောက်ကွယ်မှာ မိမိမသိသေးသော တရားဓမ္မများ အများအပြား ရှိနေပါသေးသည်။ မိမိသည် အချိန်မီ ပြင်ဆင်ခွင့်ရသည်မှာ ရန်ကင်းအေးငြိမ်းရိပ်သာမှ သမထ ယာနိကနည်း အားဖြင့် အားထုတ်ခြင်းကြောင့် ဖြစ်ပေတော့ သည်။

ပို၍ ရှင်းအောင် ဆိုရလျှင်မူ ဤအရှင်တို့ သင်ယူ ခဲ့ရသော စာသင်သားတို့အား ပို့ချပေးလျက်ရှိသော အဘိဓမ္မာ ဘာသာရပ်များတွင် အက္ခရာ အမှတ်အသားတို့ဖြင့် ဖော်ပြ ထားသည့် အကြောင်းအကျိုးတရားတို့ထက် သမထနှင့် ဝိပဿနာ ဘာဝနာတို့ကို ကိုယ်တိုင် ကျင့်ကြံ၍ သိရှိရသော အကြောင်းအကျိုးတရားတို့သည်ကား ပိုမိုကျယ်ပြန့် နက်ရှိုင်း ၍ အသေးစိတ် အနုစိတ် တွေ့မြင်ရကြောင်း နှိုင်းယှဉ် အဖြေ ထုတ် ရရှိလာခဲ့ပါသည်၊ ထိုသို့ ကိုယ်တိုင် တွေ့ကြုံလာခဲ့ရ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သောကြောင့်"ရဟန်း ပုဂ္ဂိုလ်လူထိုထို စာကိုကျင့်သုံး၏ စာကားမှန်၏ ဉာဏ်မမီ ထိအောင် သူမသိ"ဟု ရှေးရှေး ဆရာတော်ကြီးများ ရေးသားခဲ့ကြပါလားဟု သုံးသပ်လာ နိုင် ခဲ့ပါသည်။ အရှင်၏ဖြစ်အင်မှာ ဗုဒ္ဓ၏အခြေခံ အဆင့်ဖြစ်သော မာန်ကင်းခြင်း၏ အကျိုး ကျေးဇူးကို အသေးစိတ်မသိရလေဘဲ ဤမာန်မာနတရားတို့ကြောင့် ဘဝ သံသရာ အတိတ်ပုံရိပ်ကို ကြည့်လိုက်တိုင်း တိရစ္ဆာန်ဘဝတို့၌သာ အဖြစ်များနေသည်ကို တွေ့ရှိရပါသည်။

ဤကဲ့သို့ အပါယ်ဘုံသို့ ရောက်စေနိုင်သည့် အသေး အမွှား ကံတရားမှ အစ နိဗ္ဗာန်သို့ ရောက်စေနိုင်သော ဂံ တရားများကို ယခုလို တရားထိုင်မှ သိလာရပြီး ဘဝသံသရာ ခရီးအတွက် ငြိမ်းအေးအောင် ပြတ်ဆဲအောင် ပြင်ဆင်မှသာ ဖြစ်ပေတော့မည်ဟု သံဝေဂ ရနေမိပါတော့ သည်။

ထိုသို့ဖြစ်ရာ အဘိဓမ္မာဆရာလုပ်နေသော စာတမ်းရှင် ဖြစ်သည့် ဤအရှင်အနေဖြင့် မိမိကိုယ်ကို **"ရှက်လှပါဘ ငါအသိ အဘိဓမ္မာ ဆရာ"** ဟူ၍ ဝိပဿနာ မှတ်ကျောက်တွ နိဂါတမင်္ဂလာ တင်လျှက်ဖြင့် - သမထ ဝိပဿနာနည်းကို ကျ ပိပြင်စွာ စနစ်တကျ သင်ကြားပြသ ပေးတော်မူသော ဆရ တော်ဦးကေလာသ (ရန်ကင်းအေးငြိမ်းရိပ်သာ)အား အထူး နိဗ္ဗာန်ကို ညွှန်းဆိုပြသပေးသည့် ဆရာအဖြစ် အသိအမှတ ပြုပါ၏ဘုရား။

တရားစခန်း၌ အစစအရာရာ စောင့်ရှောက်ပေးသော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဥက္ကဋ္ဌကြီး ဦးသိန်းအောင်နှင့် ဦးညာဏ်ဝင်းတို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း . . . ။

စခန်းဝင် အမှတ်စဉ် ၇၀/၅
ဦးသောဘန (ကျိုက်လတ်)
M.A ကထိက ဗုဒ္ဓတက္ကသိုလ် မန္တလေး
ထိန်ရတနာကျောင်း
စကုတိုက် မန္တလေးမြို့
Ph-၀၂. ၇၇၂၅၄

**"ကမ္ဘာပျက်စေမယ့် မပျက်စီးတဲ့တရား"**

ယောဂီတို့ပြုလုပ်ထားတဲ့ ကုသိုလ် ကောင်းမှု့ဆိုတာ တစ်ကြိမ်, တစ်ခါပြုလုပ်ထားရင်-အဲဒီကုသိုလ်တွေက မီး,ရေ,လေတို့ကြောင့် ကမ္ဘာကြီးပျက်စီး သွားပေမဲ့ ယောဂီတို့ ပြုလုပ်ထားတဲ့ ကုသိုလ်ကံ အကြောင်းတရားတွေက ပျောက်မသွားဘူး, ပျက်မသွားဘူး, ဆွေးမြည့်မသွားဘူး။

ကြည့်ပါလား မြတ်စွာဘုရားရှင်က -

"လွန်လေပြီးသော ကမ္ဘာတစ်သိန်း အထက်က ပြုလုပ်ထားတဲ့ ကုသိုလ်ကံ အကြောင်းတရားတွေက ယခုထိ အကျိုးပေးတုန်းတဲ့" ယောဂီတို့ အခုပြုနေတဲ့ တစ်ရှု တစ်ရှိုက် ကုသိုလ်ကံ အကြောင်းတရားတွေကလဲ ကမ္ဘာတစ် သိန်းတိုင်အောင် နိဗ္ဗာန် မရောက်မချင်း အကျိုးပေးသွားမှာ. . . . ။

**မောင်းထောင်မြေခင်းတောရ ဆရာတော်ဘုရားကြီး**

## မမေ့နိုင်သော ယခုဘဝ



ဘုန်းကြီးက အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကပါ၊ မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး၏ နည်းကို အားထုတ်ချင်တာကြာခဲ့ပါပြီ၊ ယခုတော့ ရန်ကင်းအေးငြိမ်းရိပ်သာသို့ ၁၃၆၉-ခုနှစ် ကဆုန်လပြည့်နေ့တွင် ရောက်ရှိ အားထုတ်ခဲ့ရပါပြီ၊ ၎င်းနေ့ည စခန်းစတင် ဖွင့်လှစ်ပြီး "အရဟံ" ဂုဏ်တော် (၃)ရက် "မေတ္တာဘာဝနာ" (၁)ရက် "အသုဘနှင့် မရဏာနုဿတိ" နှစ်မျိုးပေါင်း(၁) ရက် ပွားများရပါသည်၊ ကဆုန်လပြည့်ကျော် (၆) ရက်နေ့တွင် ဆရာတော် အရှင် ကေလာသမှ အာနာပါနကမ္မဋ္ဌာန်း ဂဏနာနည်း အားထုတ်ပုံ အားထုတ် နည်းကို အသေးစိတ် ရှင်းပြပါသည်၊ (၂) ရက်အကြာတွင် နိမိတ်များစ၍ ပေါ်လာခဲ့ပါသည်။ မီးခိုးပုံစံ တိမ်တိုက်ပုံစံ အရောင်စူးစူးဖြင့် ဆလိုက်ထိုး သလိုပုံစံမျိုးဖြင့်လည်းကောင်း တစ်ခါတစ်ရံ မျက်နှာတစ်ခုလုံး လင်းနေ သည့်ပုံစံမျိုးဖြင့်လည်းကောင်း ပေါ်လာခဲ့ရပါသည်။

နိမိတ်ဖြင့် အပို့အယူလုပ်ကာ မြန်မာနိုင်ငံအတွင်း ထင်ရှားသည့် တန်ခိုးကြီးဘုရားများကို လည်းကောင်း အိန္ဒိယ သီဟိုဠ် နိုင်ငံများရှိ မဟာဗောဓိစေတီစသည့် ထင်ရှားသည့် ဘုရားများကို လည်းကောင်း မိမိတရားအားထုတ်ရာ အခန်း ကွင်းမှ ထိုင်ရာမထ ဖူးမြော်ရရာ ယခုဘဝ တွင် မမေ့နိုင်သော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဧကေဂ္ဂတာ စေတသိက်ကျသည်အထိ ခမ္မရသကို ခံစား ရပါသည်။

စတုတ္ထနည်း ငြိမ်းစေမည် ဟုပွားရာ၌ မည်သည့် လောက ဥပမာနှင့်မျှ နှိုင်းယှဉ်မရသော ငြိမ်းအေးမှုကို တစ်ဝကြီး ခံစားခဲ့ရပါ သည်။

ဝိပဿနာပိုင်း "ရူပရိဂ္ဂဟ"ခေါ် ရုပ်ကို သိမ်းဆည်းခြင်း ကျင့် စဉ်၌ ရုပ်. . . ရုပ် ဟု ရှုမှတ်ပွားများ နေစဉ်ပင် မိမိ၏ ခန္ဓာကိုယ်သည် နံရိုးတွေ အချောင်းချောင်းဖြင့် ခြောက်သွေ့ပြီး အခေါင်းအတိ ဖြစ်နေသည် ကိုလည်းကောင်း ဦးခေါင်းတွင် လည်း အရိုးအတိသာ ဖြစ်နေသည်ကို လည်းကောင်း တင်ပလ္လင်ခွေထားသည့် ခြေသလုံးများသည်လည်း ဖွေးဖွေး ဖြူနေသော အရိုးအတိသာ ဖြစ်နေသည်ကို လည်းကောင်း ခန္ဓာကိုယ်၏ အရိုးစုကို မိမိကိုယ်တိုင်ပင် မြင်ခဲ့ရပါသည်။

"နာမပရိဂ္ဂဟ" ၌ သိသည်. . . သိသည် ဟု ရင်ချိုင့် တွင် စိတ်စိုက် ထားပြီး ရှုသည့်အခါ ခန္ဓာကိုယ်ကြီးသည် အခေါင်းကြီးဖြစ် သွားကာ အထဲတွင် မီးတောက် မီးလျှံများကို လည်းကောင်း မီးခိုးများ တလူလူ ထွက်နေသည်ကို လည် ကောင်း မြင်နေခဲ့ရပါသည်။

ဉာဏ်စဉ် (၁၀)ပါးကို ပွားရာ၌ ဘင်ဉာဏ်တွင် ခန္ဓာကိုယ်ကြီး အထက်ပိုင်း ရင်အုပ်သည် နှစ်ခြမ်းကွဲသွားပြီး အထဲတွင်ဘာမျှမရှိ အခွံသက်သက်ဖြင့် နီရဲရဲ ညိုမဲမဲ ဖြစ်ကာ နံရိုးများ ကြောရိုးများကိုပင် ထင်ရှားစွာ မြင်နေရပါသည်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တင်ပလ္လင်ခွေထားသည့် ခြေသလုံးသည် အတွင်းပိုင်း၌ ခြကောင်များ လိုက်စားထားသည့်ပမာ ခြောက်သွေ့ပြီး ရှည်မျှောမျှော အခေါင်းတွေ ဖြစ်နေသည်ကိုလည်း ပေါ်လွင် ထင်ရှားစွာ ရှုမြင်ရပါသည်။

ဤသို့ သမထပိုင်းရော ဝိပဿနာမှာပါ ရှုမှတ်ရာ၌ တရားတော်၏ သတ္တိစွမ်းအား ထက်မြက်ပုံတို့ကို ယခုဘဝ မမေ့နိုင်လောက်အောင်ပင် မိမိကိုယ်တိုင် တွေ့ကြုံ ခံစားခဲ့ ရပါသည်။ မိမိတွေ့ကြုံခံစားရသလို ဗုဒ္ဓဘာသာဝင် သူတော် စင်များကိုလည်း တရားထိုင်ခြင်းဖြင့် တွေ့ကြုံခံစားရ စေချင် ပါသည်။

စခန်းဝင် အမှတ်စဉ် ၆၉/၁<br>
အရှင်ကုလဝံသ<br>
သာသနဓဇ ဓမ္မာစရိယ<br>
ဂဏဝါစက စာချ<br>
မဟာဂန္ဓာရုံကျောင်းတိုက်<br>
အမရပူရမြို့ မန္တလေးတိုင်း။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## "ပုဂ္ဂိုလ်(၄)မျိုး"

ယောဂီတို့ ခုလို သာသနာနှင့်တွေ့ကြုံ ဆုံဆည်းရတဲ့ အခိုက် ကြိုးစားအားထုတ်ကြ ဒီဘဝ ဒီအချိန် လူဖြစ်တဲ့ ပုဂ္ဂိုလ်တိုင်း ကံကောင်းတယ်။

ပုဂ္ဂိုလ်ကလဲ (၄) မျိုးရှိတယ်

၁။ သာသနာနှင့် တွေ့ ပြီး၊ လူမဖြစ်တဲ့ - ပုဂ္ဂိုလ်၊
၂။ လူဖြစ်ပြီး သာသနာနှင့် မတွေ့တဲ့ - ပုဂ္ဂိုလ်၊
၃။ သာသနာနှင့်လဲ မတွေ့ လူလဲ မဖြစ်တဲ့ - ပုဂ္ဂိုလ်၊
၄။ သာသနာနှင့် လဲတွေ့ လူလဲဖြစ်တဲ့ -ပုဂ္ဂိုလ်။

ခုယောဂီတို့ သာသနာနှင့်လဲ တွေ့ပြီး လူလဲ ဖြစ်နေပြီ၊ သာသနာအတွင်း ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန် ရှိနေသေးတာ-

ကြိုးစားကြ အချိန်မှီသေးတယ်။

**တောင်းထောင်ဖြေဖင်းတောရ ဆရာတော်ဘုရားကြီး**

## နာဂစ်နတ်သားများ၏ မှာတမ်းလွှာ



မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၌ ၂၀၀၈-ခုနှစ် မေလတွင် တိုက်ခတ်နှိပ်စက်သွားသော ထူးထူးခြားခြား လူသားအားလုံး ထိတ်လန့်ခြောက်ခြားသွားခဲ့သည့် နာဂစ်မုန်တိုင်း အကြောင်း လူတိုင်းအသိပင်၊ ထိုမုန်တိုင်းအတွင်း ကံဆိုးမိုးမှောင်ကျ၍ အသက်ဇီဝိန် စွန့်ခဲ့ကြရသူများ အားကြားရသူတိုင်းက အလွန်ပင်သနားခဲ့ကြ မေတ္တာပို့ခဲ့ကြ အမျှဝေခဲ့ကြ ရင်ထုမနာ ဖြစ်ခဲ့ကြရနှင့် ကိုယ်ချင်းစာနာခဲ့ကြ စိတ်မကောင်းခဲ့ကြ။

ကံဆိုးမိုးမှောင်ကျ၍ ဘေးဒုက္ခရောက်ပြီး ဇီဝိန်ချုပ်ခဲ့ရသူ များထဲမှ အသက်ဆုံးခဲ့ရသော်လည်း ကံဘုန်းမောက်ကာ တဖြစ်လဲ နောက်ဘဝတွင် ချက်ခြင်းပင် နတ်သား, နတ်သမီး ဖြစ်ခဲ့ရသူ (၄)ယောက်တို့၏ ဖြစ်ကြောင်းကုန်စင် ပြောပြချင်လို့ပါ။

သူတို့ဇာတ်ကြောင်း ပြန်ပြောင်းဂန ဖွင့်ဟ ပြောနိုင်သူကတော့ မဝါဝါဆွေတဲ့၊ ဥပဒေပညာဖြင့် တက္ကသိုလ်မှာ နောက်ဆုံးနှစ်ဖြေထားတဲ့ ကျောင်းသူကလေးပါ။ သူ့နေရပ်လိပ်စာလည်း အပြည့်စုံပေးထားပါ၏။ ဆည်မြောင်းဦးစီးဌာန ပုသိမ်ကြီးမြို့ မန္တလေးတိုင်း ပါတဲ့၊ ဒါ့အပြင် ဖုန်းနှင့်မေးချင်ပြောချင်လျှင်လည်း (၀၂ ၈၈၇၆၉) ဟု ပေးထားပါ၏၊ သူမက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူ့သူငယ်ချင်းများကိုလည်း ပြောပြဦးမှာတဲ့၊ သူရေးပေးထားတဲ့ စာလေး များကို မူရင်းမပျက် ရေးကူးတင်ပြလိုက်ပါ၏၊ သူမ၏ စာတမ်းခေါင်းစီးလေးက **" အထူးပေါ်မှာ မြူးပျော်ရတဲ့ တရားရသာ"** တဲ့။

ကျမသည် (Final Year Law) ကျောင်းသူပါ၊ တက္ကသိုလ်ကျောင်းသူပီပီ အပျော်အပါးကို ခုံမင်ခဲ့ပြီး ဘုရား, တရား, သံဃာကို မေ့လျော့ခဲ့ပါသည်၊ စာမေးပွဲမဖြေခင် တစ်ရက်မှာ ဆရာလေးတစ်ပါးနှင့် ရန်ကင်းအေးငြိမ်းရိပ်သာသို့ ရောက်ခဲ့ပါသည်။ "ရွှာအဝင်လမ်း" ဆိုတဲ့ စာအုပ်ကို ဖတ်ခဲ့ရပါတယ်၊ ဒီစာအုပ်လေးကို ဖတ်ပြီး တရားစခန်းဝင်ချင်စိတ် ပေါက်ခဲ့ပါသည်၊ ဘာလို့လည်းဆိုတော့ စာအုပ်ထဲမှာ သူများတွေ ဘုရားဖူးသလို ကျမလည်း ဘုရားတွေ ဖူးချင်ပါ၏၊ နတ်ပြည်, ဗြဟ္မာ့ပြည်မှ အတိတ် အနာဂတ် ပစ္စုပ္ပန်တို့ကိုလည်း ကြည့်ချင်၍ စခန်းဝင်လိုသော ဆန္ဒ ဖြစ်ခဲ့မိပါသည်၊ စာမေးပွဲဖြေပြီးတော့ ကိုယ်တက်ရမည့် သင်တန်း တွေကို စွန့်လွှတ်ပြီး ရိပ်သာသို့ ဝင်ဖြစ်ခဲ့ပါသည်၊ ရိပ်သာသို့ ဖေဖေနှင့် မေမေတို့ လိုက်ပို့ကြပါသည်၊ ဖေဖေက ပြုံးပြုံးရွှင်ရွှင် လိုက်ပို့ပြီး မေမေက တော့ မျက်ရည်များ ကျနေတာကို တွေ့ရပါတယ်၊ ကျမလည်း ဝမ်းနည်း ပေမဲ့ တရားကိုတော့ ကြိုးကြိုးစားစား အားထုတ်ခဲ့ပါတယ်။

ရိပ်သာမှ ဆရာတော်ပေးသည့် နည်းလမ်းများအတိုင်း ကျင့်ကြံ ခဲ့ရရာ အာနာပါန စတင်ပွားများသည်မှစ၍

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အလင်းနိမိတ်တွေ ကောင်းမွန်စွာ ရရှိခဲ့ပြီး သမထပိုင်းမှာ အခြားယောဂီများ ဖူးမြင်ရသလို အလင်းနိမိတ်ဖြင့် လှူပြည်ရှိ တန်ခိုးကြီးဘုရားများ ကိုလည်းကောင်း ဗုဒ္ဓဂါယာ သီရိလင်္ကာ တို့ရှိ ဌာပနာ ဓာတ်တော်, ညှပ်ရိုးတော်, စွယ်တော်တို့ကို လည်းကောင်း ဖူးမြင်ရသဖြင့် အတိုင်းမသိ ဝမ်းသာခဲ့ရပါသည်၊ တာဝတိံသာ စူဠာမဏိ စေတီကိုလည်းကောင်း ပြဟ္မာ့ပြည် ဒုဿစေတီကို လည်းကောင်း ဖူးမြော်ခဲ့ရပါသည်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကို ကြည့်တဲ့ ကြေးမုံပြင် သုံးချပ်ကို ကြည့်တော့လည်း အတိတ်ဘဝမှာ မြွေကြီးတစ်ဘဝ ငရဲသား တစ်ဘဝ ခွေးမတစ်ဘဝ ဆင်းရဲသားအဖွားကြီး တစ်ဘဝ၊ သူဌေးသား တစ်ဘဝ၊ နတ်ပြည်မှာတစ်ဘဝ ရဟန်းဘဝ နှစ်ဘဝ၊ ၎င်းနောက် နဂါးဘဝနှင့် ယခုဘဝ အမျိုးသမီးဘဝ ဖြစ်ကြောင်း တွေ့ရှိရပါ သည်၊ ပစ္စုပ္ပန်ဘဝ သက်တမ်းသည် (၇၈)နှစ်ဖြစ်ပြီး အနာဂတ်ဘဝများ ကိုလည်း တွေ့မြင်ရသဖြင့် ဘဝမျိုးစုံ နေရသည့် သံသရာခရီးကို ကြောက်လန့်ကာ သံဝေဂ တရားတွေရခဲ့ပါသည်။

ဝိပဿနာပိုင်းရောက်တော့ သမထအားတွေကြောင့် ပင်ပန်းမှုမရှိဘဲ ခန္ဓာရဲ့ဖြစ်ပျက်မှုကို မြင်ရကာ မိမိခန္ဓာကိုယ်ကို မလိုချင်တော့ပါ၊ ကျမသည် ယခင်က ပညာမာန ဥစ္စာမာန ထားခဲ့မိတယ် တကယ်တော့ ဒါတွေဟာ မမြဲတဲ့သဘောတွေ ကိုလည်းကောင်း အမြဲတမ်းဖြစ်ပြီး ပျက်နေကြကြောင်းကို လည်းကောင်း သိရှိနေတော့သဖြင့် ယခုဘဝရှိ ပညာ ဥစ္စာ ပစ္စည်းတွေဟာ ဒီဘဝတစ်ခုတည်း အတွက်သာဖြစ်ကြောင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အမှန်အတိုင်း သိရ၍ နောင်တလည်း ရခဲ့မိပါတယ်၊ ဘဝသံသရာ အဆက်ဆက် ကောင်းစွာနေရဖို့အတွက် ဒါန, သီလ, ဘာဝနာ ပြုကျင့်နိုင်မှ ငရဲတိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံမှ လွတ်ကင်းနိုင်မှာ ဖြစ်တယ်၊ ကျမသည် မိမိခန္ဓာကိုယ်ကို ရှုကြည့်တဲ့အခါ အမြဲတမ်း ဆင်းရဲဒုက္ခတွေ ခံစားနေရတာတွေ တွေ့ခဲ့ရတယ်၊ မိမိရဲ့ ကိုယ်ပွားဟာ မီးလောင်ပြီး အရိုးစုကြီးဖြစ်ကာ နောက်ဆုံး အမှုံအမွှားတွေဖြစ်ပြီး ပျောက်သွားတာကို တွေ့ရပါတယ်။

## "နတ်သား မှာတမ်း နာခံစမ်းလော"

လောကကမ္ဘာ ဤလူ့ရွာတွင်
မြပင်ရှိုငြား လေးပါးဖွဲ့နေ
မြေ,ရေ,လေ,မီး ဓာတ်ကြီးစဉ်သာ
ညီညွတ်ပါမှ သာယာလှ၏ . . . ။

ထိုသည့်သဘော မရောနှောဘဲ
ဖောက်လွဲတစ်ခု လွန်ကဲပြုက
ပျက်ရမည်သာ ဓမ္မတာတည်း . . . ။

ဓမ္မတာလမ်း လျှောက်လှမ်းဖောက်လွဲ
လွန်ကဲပေငြား လေဖိအားညှစ်
နာဂစ်မုန်တိုင်း ဆင်ရိုင်းဝင်လာ
ဧရာဝတီ တိုင်းဌာနီတွင်
များဖျင်လူသား ဆုံးပါးဇီဝိန်
ကံဆိုးချိန်များ ရောက်ကာသွား၏ . . . ၊

ကံဆိုးလူသား　　များအပြားတွင်
နတ်ခွင်ဘုံပေါက်　　လေးယောက်ထိုသူ
ကံကောင်းထူခဲ့　　တကယ့်ဖြစ်ရပ်
ဘဝဇာတ်ကြောင်း　　ပြန်ပြောင်းဖွင့်ဟ
ပြောပြကာသွား　　လူသားရှေ့လမ်း
လက်ဆင့်ကမ်းမည်　　ယောဂီကလျာမေ
"ဝါဝါဆွေ"၏　　ထူးသည့်တရား
ရသများဝယ်　　အံ့ဘယ်လူသား
နတ်သားမှာတမ်းနာခံစမ်းလော. . . ကျင့်ကြံလော။

ဝိပဿနာပိုင်းမှာ ကျမရဲ့ ပွားများမှု ဘာဝနာပိုင်းတွင် ထူးထူး ခြားခြားတွေ့ခဲ့ရမှု ပထမတစ်ခုကို မှတ်တမ်းပြု ရေးသားပါ၏၊ တာဝတိံသာ မှာရှိတဲ့ သိကြားမင်း ဦးမာဃနှင့် တကွ နတ်သား နတ်သမီးတွေကို မေတ္တာပို့ခဲ့ပါသည်၊ ၁၃၇၀- ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၃)ရက်နေ့ (၂၅. ၁၁. ၀၈)နေ့ နံနက်တွင် ကျမ ဝါရေဝါမှတ် မှတ်နေတုံး (၁၀)နာရီ (၁၀)မိနစ် အချိန်၌ ပထမ နာဂစ်နတ်သား ရောက်လာပါတယ်။ ပြီးသူ နတ်ပြည်ရောက်တဲ့ အကြောင်းကို ပြောပြပါတယ်။ နတ်သားရဲ့ ကိုယ်ရောင်ကိုယ်ဝါတွေဟာ ကျမရဲ့ခန္ဓာကိုယ်ကို အလင်းရောင်များ လာဟပ် နေပါသည်၊ နတ်သား၏ အဝတ်အစားမှာ ရွှေရောင်ဖြစ်ပြီး အသားအရေမှာ ဝါဝင်းနေပါသည်။ နတ်သား၏ လွန်ခဲ့သောဘဝတွင် နာမည်မှာ ဦးလှမြင့်ဖြစ်ပြီး ဧရာဝတီတိုင်း ရွာသစ်ကြီးမှာ နေပါတယ်၊ သူက တံငါလုပ်ငန်းနှင့် အသက်မွေးတယ် ဘုရားမှန်း တရားမှန်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်း မသိကြဘူး၊ ဒီလိုနဲ့ အသက်အရွယ် ရောက်လာတော့ အမျိုးသမီး တစ် ယောက်နှင့် အိမ်ထောင်ကျပြီး သား, သမီး လေးယောက် ထွန်းကားခဲ့တယ်၊ တစ်နေ့မှာ မိသားစု ထမင်းစား ချိန်မှာ ရဟန်းတစ်ပါး ကြွလာတာ တွေ့တော့ ဆွမ်းလှူချင်တဲ့ စိတ်ပေါ်လာတဲ့အတွက် စေတနာသဒ္ဓါတရားထက် ထက်သန် သန်နဲ့ လောင်းလှူခဲ့တယ်။

သူ့အသက် (၄၆)နှစ်ထဲ တစ်နေ့မှာ နာဂစ်မုန်တိုင်း ကျလာတယ်။ သာမန် မုန်တိုင်းတွေလို ထင်တာပေါ့၊ ဒါပေမဲ့ မုန်တိုင်းဟာ ပြင်းလာပြီး ရေလှိုင်းက သူတို့အိမ်ကို ဝါးမျိုလိုက် တယ်၊ သူတို့မိသားစု အိမ်တိုင်ကို ဖက်ထားပေမယ့် မရပါဘူး၊ သူသေရတော့မယ်ဆိုတာသိတော့ သူဟာ ဒီအချိန်မှာ ဆွမ်းလှူ ခဲ့ရတာတွေကို သတိရပြီးသေသွားတယ်၊ သေသွားတော့ နတ်ပြည်မှာ နာဂစ်နတ်သားလာဖြစ်တယ်၊ သူ့မိသားစုက တိရစ္ဆာန်ဘုံကို ရောက်သွားတယ်၊ သူဒီအကြောင်းတွေ ပြောပြ တာက ကျမအပြင် တစ်ခြားသူတွေကိုပါ သံဝေဂ ပွားစေချင်တဲ့ အတွက်ပါတဲ့၊ လူ့ဘဝ တိုတိုလေးမှာ ဘုရား, တရား, သံဃာ မိဘဆရာသမားကို မမေ့ကြနဲ့ မကောင်းမှုတွေကို မပြုလုပ်ကြဖို့ မှာသွားတယ်။

ဒုတိယ နတ်သား တတိယနတ်သားနှင့် စတုတ္ထ နတ်သမီးတို့သည် ဇင်းနေ့ (၂၅. ၁၁. ၀၈) နေ့ နေ့ဆွမ်းစား ပြီး တရားမှတ်ချိန် (၁၂း၃၀) နာရီမှာ ရောက်လာပြောပြခြင်း ဖြစ်ပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒုတိယနတ်သားရဲ့ ရုပ်ရည်မှာ ယောက်ျားပျို ပုံစံဖြစ်ပြီး အသား အရေမှာ ရွှေရောင်အဆင်းပါ၊ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပနေတာပါ၊ သူ့နာမည်က ဦးကျော်သာ လပွတ္တာမြို့ လမုတောမှာ နေတာ၊ သူငယ်ငယ်လေးကတည်းက သူ့မိဘတွေ ကွယ်လွန်သွားတဲ့အတွက် ဘုန်းကြီးကျောင်းမှာ နေခဲ့ရတယ်၊ ဒါမို့ ကောင်းတဲ့အကျင့်တွေ တတ်ပြီး မကောင်းမှုတွေ ရှောင်ကြဉ်ခဲ့တယ်၊ ဒီလိုနဲ့ ကြီးလာတော့ ကုန်းတို့ သမားအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့တယ်။

တစ်နေ့မှာ နာဂစ်မုန်တိုင်း တိုက်လာပြီး သူသေရတော့ မယ်ဆိုတာ သိတော့ မြတ်စွာဘုရားကို အာရုံပြုကာ သေသွားခဲ့တယ်၊ သေပြီး နတ်ပြည်မှာ နာဂစ်နတ်သား လာဖြစ်တယ်၊ သူဒီအ ကြောင်း လာပြောတာက လူသားတွေကို မကောင်းမှုတွေ မပြုစေချင်လို့ သံဝေဂတရားတွေ ရစေချင်လို့ပါ။

တတိယနတ်သား၏ ရုပ်ရည်မှာ ယောကျ်ားပျို ပုံစံမျိုးဖြစ်ပြီး အသားအရေမှာ ဝါဝင်း၍ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပနေပါသည်၊ ဒီနတ်သားက ရဟန်းဘဝက နေ လာတာပါ၊ ရဟန်းဘဝဆိုပေမယ့် ပြည့်ပြည့်စုံစုံ မရှိသည့် အတွက် တရားဘာဝနာတွေကို ကြိုးကြိုးစားစား အားမထုတ်နိုင်ခဲ့ဘူး၊ ဆွမ်းခံပြီး ဖြစ်သလို ဘုန်းပေးခဲ့ရတယ်၊ အဆင်မပြေတဲ့အချိန်မှာ ကိုယ်တိုင်ချက်ပြုတ်ရတယ်၊ ဒီလိုနဲ့နေရင်း သီလကို လည်း ငါးပါးသီလကိုသာ စောင့်ထိန်းနိုင် တော့တယ်၊ သင်္ကန်းဝတ်ထားရရုံပဲ ရှိတာပါ၊ ကျောင်းနာမည်မရှိဘူး၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျောင်းကလည်း ဖြစ်သလိုလေးပါလို့ ပြောပါ တယ်၊ တစ်နေ့မှာ နာဂစ်မုန်တိုင်း တိုက်လာတော့ ရေလှိုင်းကြီး တွေလည်း တက်လာတယ်၊ ရဟန်းကတော့ ကျောင်းထဲမှာ တရားရှုမှတ်နေရင်း သေသွားတယ်၊ သေသွားတော့ နာဂစ် နတ်သား လာဖြစ်တယ်၊ ဒီအကြောင်းတွေ ပြောပြတာကတော့ ငါးပါးသီလအကျိုး ဘယ်လောက် ကြီးမားတယ်ဆိုတာ သိစေချင်လို့ ပြီးတော့ သေခါနီး ဇောကအရေးကြီးတယ်၊ တရားရှုမှတ်ရင်း သေတဲ့အတွက် နတ်ပြည်ကို ရောက်စေတယ် လို့ ပြောပြခဲ့တယ်။

စတုတ္ထ နတ်သမီးကတော့ မျက်နှာဝိုင်းဝိုင်းလေးဖြစ်ပြီး မျက်လုံးမှာ အရမ်းလှ၍ အသားအရေမှာ ဝင်းဝါ နေပါသည်၊ ဆံပင်က အနက်ရောင်ဖြစ်ပြီး ရှည်လျားပါသည်၊ အဝတ် အစားမှာ ရွှေရောင်တောက်ပ၍ စကားပြောသံမှာ ညင်သာပြီး မိန်းမပျိုလေး အသံမျိုး ကြားရပါသည်၊ သူမဟာ အရင်ဘဝက " မမြရင် "ဆိုတဲ့ အမျိုးသမီး ဖြစ်ခဲ့တယ်၊ အမျိုးသား တစ်ယောက်နှင့် အိမ်ထောင်ကျပြီး အဲဒီ အမျိုးသားက တံငါလုပ်ငန်းလုပ်ကိုင်တယ်၊ အိမ်ထောင်မကျမီက ရဟန်း သံဃာတွေကို နေ့စဉ် ဆွမ်းလောင်းလှူခဲ့တယ်၊ အိမ်ထောင် ကျတော့ အိမ်မှုကိစ္စတွေ လုပ်ကိုင်ရတယ်။

ကျမမှာ သားသမီး နှစ်ယောက် ထွန်းကားခဲ့တယ်၊ ဒီလို တစ်နေ့မှာ နာဂစ်မုန်တိုင်း တိုက်လာပြီး ရေတွေတက်လာ တယ်၊ ဒီတော့ သူသေရတော့မယ်ဆိုတော့ ဆောက်တည်ရာ မရ ဖြစ်လာတယ်၊ ပြီးမှ နေ့စဉ်ဆွမ်းလောင်း လှူခဲ့တာတွေကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သတိရလာပြီး သေသွားခဲ့ပါတယ်၊ ယခု ဘဝမှာ နာဂစ်နတ်သမီး ဖြစ်လာတယ်၊ ဒီအကြောင်းတွေ ပြောပြတာက ကျမအပြင် တစ်ခြားသူ တွေကိုပါ သံဝေဂရစေချင်လို့ပါတဲ့၊ အခု အပါယ် လေးဘုံမှာ ကျတဲ့သူကများပြီး နတ်ပြည်ကို ရောက်တဲ့သူက နည်းနေတယ်၊ အဲဒါကြောင့် လူတွေကို မကောင်းမှုရှောင် ကောင်းမှုတွေကိုပဲ ပြုလုပ်ကြဖို့ မှာကြားခဲ့တယ်၊ သူ့ရဲ့ကျန် မိသားစုကတော့ ငရဲကျနေတယ်လို့ ပြောပြခဲ့တယ်၊ ကျမ ဒီအကြောင်းတွေ နားထောင် နေရတဲ့ အချိန်တွေမှာ ကြက်သီး မွေးညှင်း ထခဲ့ရပါတယ်။

ကျမသည် ဒီစာဖြင့် မိဘနှစ်ပါးနှင့်တကွ နိဗ္ဗာန် ရောက် ကြောင်း တရားကောင်းများကို သွန်သင်ပြသပေးသော ဆရာ သမားဖြစ်သည့် အရှင်ကေလာသအား ကျေးဇူးဆပ်ခွင့်ရတဲ့ အတွက် အတိုင်းမသိ ဝမ်းသာခဲ့ရပါတယ်၊ ကျမ ရေးသားထား သော အကြောင်းအရာများကို ဖတ်ရှုရသူတိုင်း သံဝေဂ တရားများရကြပြီး မကောင်းမှုတွေမပြုဘဲ ကောင်းမှုတွေ ကိုသာပြုကာ ဒါန,သီလ,ဘာဝနာတွေကို ကျင့်ကြံအားထုတ်၍ ဘဝတိုတိုဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ကြပါစေဟု ဆုတောင်း မေတ္တာများ ပို့သပါသည်။

(၁၃. ၁၁. ဝ၈)နေ့တွင် ဥပဒေနောက်ဆုံးနှစ် ဖြေဆို ထားသော စာမေးပွဲအောင်စာရင်းကို နိမိတ်လွှတ်၍ ကြိုတင် ကြည့်ကြည့်ရာ Star- (၂)ခုပါကြောင်း ကြိုတင်သိခဲ့ပါသည်၊ (၂၆. ၁၁. ဝ၈) နေ့တွင် စာမေးပွဲအောင်စာရင်းထွက်လာ သည့်အခါ အမှန်တကယ်ပင် Star-(၂)ခု ပါကြောင်း ထူးခြားမှု

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒုတိယအကြိမ် တွေ့ရှိရပြန်ပါသည်။ (၂၇. ၁၁. ၀၈)နေ့တွင် နေ့လယ်( ၂း၄၅ )နာရီအချိန်တွင် တရားနိမိတ်ထဲ၌ Master ပါမည် ဖြစ်ကြောင်းနှင့် ထိုသို့ Master ပါမည့်အကြောင်းကို ဖေဖေမှ ဖုန်းဆက်မည်ဖြစ်ကြောင်း တရားထိုင်နေသည့် ကျောင်းလေးထဲမှ ကြိုတင်၍ သိရှိနေရပါသည်၊ ထိုနေ့ (၂း၅၅) မိနစ်တွင် ဖေဖေ့ထံမှ အမှန်တကယ် ဖုန်းလာပြီး အမှန် တကယ် Master ပါကြောင်း ပြောပါသည်၊ ဤအချက် သည် ကျမအတွက် တတိယအကြိမ် ထူးခြားမှုတစ်ခုအဖြစ် တွေ့ရ ပြန်ပါသည်၊ တရားတော်၏ အစိန္တေယျဂုဏ်တော် အစွမ်းပါ တည်း၊ ထို့ကြောင့်လည်း ကျမ၏ ဤစာတမ်းလေးကို **"အထူးပေါ်မှာ မြူးပျော်ရသော တရားရသ"** ဟု ကင်ပွန်း တပ်လိုက်ပါ၏။

စခန်းဝင် အမှတ်စဉ် ၇၀/၄<br>
**မဝါဝါဆွေ**<br>
ဆည်မြောင်းဦးစီးဌာန<br>
ပုသိမ်ကြီးမြို့နယ်၊မန္တလေးတိုင်း<br>
ဖုန်း- ၀၂ - ၈၈၇၆၉၊

ကဲ. . . စာရှုသူရေ ဤဆောင်းပါးကို ဖတ်ရှုပြီး မယုံလျှင် ပုံပြင်ဟုမမှတ်ထင်လိုက်ကြပါနှင့် ဖုန်းဆက်မေး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြည့်လိုက်ပါ အဖြေမှန် ကေန်သိရှိပါလိမ့်မည်။

ကိုယ်တွေ့မှ အလိုပြည့်မည်ဆိုလျှင်လည်း ရန်ကင်းအေးငြိမ်းရိပ်သာသို့ ကြွရောက်အားထုတ်ကြည့်ပါ။ တရားတော်၏ သန္ဒိဋ္ဌိကော- ကျနကုန်စင် ကိုယ်တိုင်သိမြင်ရခြင်း အကာလိကော-နက်ဖြန်သဘက် ဖန္တဲ့ရက်ဟု လိုးလွဲမထွက် အကျိုးဆက်တရား ခံစားကြရမည်မှာလည်း ကေန်ပါပဲ။

နာဂစ်နတ်သားတို့၏ မှာတမ်းလွှာကို လိုက်နာကြလျှင်လည်း မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ရော လူသားကမ္ဘာပါ ချမ်းသာကြပြီး အပါယ်ငရဲမှ လွတ်ကြရမှာလည်း ကေန်ပါပဲဟု အကြံပေးတိုက်တွန်းလျှက်

အားလုံးချမ်းသာကြပါစေ . . . ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## " ကိုယ့်ဝေစု ကိုယ်ယူသွားကြ "

ဘုန်းကြီးတို့ ယောဂီတို့ အခုရောက်နေကြတာ အပျက်တောကြီးထဲ ရောက်နေကြရတာ, ခေတ်ကြီးက ပျက်ပြီးရင်း ပျက်ရင်း, တစ်ပျက်ထဲ ပျက်နေတဲ့ အပျက်တောကြီး –

အဲကြောင့် ဘုရားရှင်က

ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ အထူးသတိပေးသွားတာ– ချစ်သား– ချစ်သမီးတို့ ''မေ့မေ့လျော့လျော့ မနေကြနှင့်၊ သတိလက် မလွတ်ကြနှင့်၊ အမြဲတမ်း ရှုမှတ်မှု သတိကလေးနှင့် နေကြ'' လို့ မှာတော်မူသွားတာ–

ဒီသာသနာတော်မှာ သတိမြဲပြီး ဝီရိယရှိတဲ့ပုဂ္ဂိုလ်တွေ စိတ်ဓာတ်ကြံ့ခိုင်တဲ့ ပုဂ္ဂိုလ်တွေကတော့ အသီးသီး ကိုယ့်ဝေစု ကိုယ် ယူသွားကြပြီ။

ယောဂီတို့လဲ ကိုယ့်ဝေစု ကိုယ်အရ ယူနိုင်အောင် ကြိုးစားပြီး ဒီဘုရား သာသနာတော်မှာပဲ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းငြိမ်း ဇာတ်သိမ်း နိဗ္ဗာန်ဝင်စံရအောင် ကြိုးစားအားထုတ်ကြ။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## စခန်းဝင်ရ အချိန်နောက်ကျ



တပည့်တော်မသည်ဘဝအခြေအနေအခက်အခဲ တွေများစွာကျော်ဖြတ်ပြီး မြတ်ဗုဒ္ဓ၏ အဆုံးအမတရားများဖြစ်သော အဘိဓမ္မာ သုံးဆင့်နှင့် ဂုဏ်ထူးဆောင်တို့ကို သင်တန်းတက်ရောက်ဖြေဆိုအောင်မြင်ခဲ့သည့်အပြင် ယခုလည်း ဝိသုဒ္ဓိမဂ် ဖြေဆိုရန် စီစဉ်လျက်ပါဘုရား၊ ပရိယတ္တိသာမက ပဋိပတ္တိတည်းဟူသော အကျင့်မြတ်ကိုလည်း ကိုယ်တိုင်ကျင့်သုံးလိုပါ၍ အလွန်ဝေးလံသောမြစ်ကြီးနားမြို့မှသည် ရန်ကင်းအေးငြိမ်းရိပ်သာသို့ ဆန္ဒာဓိပတိဖြင့် ဝင်ခဲ့ပါသည်ဘုရား။

စခန်းဝင်ပြီး (၂)ရက်မြောက် (၂၀. ၇. ၀၇ )နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျမ အိပ်ငိုက်နေ၍ ခေါင်းပေါ်သို့ ဖွဲပြာထုပ်လိုလို အထုပ်မည်းကြီး ကျလာသဖြင့် လန့်နိုးရာ တကယ်ကျလာသလား စမ်းကြည့်မိပါသည်၊ အိပ်ငိုက်မှုတွေ ပျောက်စေရန် နတ်ကောင်း နတ်မြတ်တို့ နှိုးဆော်လိုက်ရာ ထိုနေ့မှစ၍ အိပ်ငိုက်မှုမရှိ နေ့စဉ်ပင် အဓိဋ္ဌာန်ထားသည့် အချိန်များ၌ နှိုးစက်မလို အံ့ဩစရာ နိုးထလာခဲ့သော မူလအိပ်ရေးကြီးမလေးပါ ဘုရား။

ဆရာတော်ဖူးခိုင်းသော ဘုရားပေါင်း (၅၃) ဆူကို တပည့်တော် နိမိတ်ဖြင့် အကုန်ဖူးနိုင်ခဲ့ပါသည် ဘုရား၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူကိုယ်တိုင် မဟာမြတ်မုနိနှင့် မန္တလေးတောင်ပေါ် ဘုရား နှစ်ဆူကိုသာ ဖူးခဲ့ဘူးရာ လူသားဘဝဖြင့် စိန်ဖူးတော် ထီးတော် ဓာတ်တော် အသေးစိတ်တို့ကို အပေါ်တက်၍ ဖူးမရနိုင်သော်လည်း ဓမ္မစက္ခုဖြင့် အသေးစိတ် စိတ်တိုင်းကျ ဖူးမြော်ခဲ့ရရာ ငွေလည်းမကုန် လူလည်းမပန်း အံ့ဩဘနန်း ရွှင်လန်းသုခ ကုသိုလ်ရ၍ သဒ္ဓါတရား အလွန်ပင် ပွားခဲ့ရပါသည် ဘုရား၊ တပည့်တော် ဖူးခဲ့ရ သော စေတီတော်နှင့် ရုပ်ပွားတော်တို့တွင် အထူးသဖြင့် မျက်ရည်စီးကျ ပီတိသောမနဿ အဖြစ်ခဲ့ရဆုံးမှာ ကျိုက်ထီးရိုးဘုရားနှင့် အလောင်းတော်ကဿပပါဘုရား၊ အလောင်းတော်ကဿပ မထေရ်မြတ်သည် သလွန်ပေါ်တွင် လျောင်းတော်မူဖြစ်၍ သက်န်းအညိုရောင်ဖြင့် ပေ(၃၀) ခန့်ရှည်လျားပြီး လူ၏ပကတိမျက်နှာတော် မျက်ခုံး မည်းမည်းနက်နက် အမွေးများနှင့် အသားအရေ ဝါဝင်းနေရာ ပကတိ " လူအစစ်ကြီးပါလား " ... ဟု နှုတ်မှ ရေရွတ်မိပါသည် ဘုရား။

နတ်ပြဟ္မာများ ရဟန်းရှင်လူများ များစွာဖူးမြော်နေကြခြင်း နှင့်တကွ ရွှေဝါရောင်အဆင်းဖြင့် သလွန်ညောင်စောင်းပေါ်တွင် လက်ျာဘက်သို့ စောင်းကာ လျောင်းတော်မူပြီး ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယပြည် ကုသိနာရုံမှ အခမ်းအနားကို ဖူးမြော်ရရာတွင် တပည့်တော်မ အလွန်ဝမ်းနည်းခြင်း တရားတော်၏ အစွမ်းကို အံ့ဩခြင်းများ များစွာဖြစ်ခဲ့ရပါသည် ဘုရား။

ဝိပဿနာပိုင်း "နာမပရိဂ္ဂဟ" တွင် နာမ်တရားမှီခိုရာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဟဒယဝတ္ထု နှလုံးအိမ်တွင် တည်နေသော စိတ်သည် ခန္ဓာကိုယ် ရုပ်တရားကြီးကို အဓိကဦးဆောင်ပြီး သူကမှ တဆင့် ခန္ဓာကိုယ်အနှံ့ သွေးကြောများ ထိန်းချုပ်ကျေးဇူး ပြုနေပုံတို့ကို မြင်တွေ့ရပါသည်။

"ပစ္စယပရိဂ္ဂဟ"တွင် ထူးခြားသည်မှာ သမထပိုင်း၌ ဖြဟွာ့ပြည် ရှိ အတိတ်ကြေးမုံ မြင်ကွင်းတွင် အတိတ်ဘဝ (၁၁)ဘဝမြင်ရမှုသည် ဓာတ်ပုံကြည့်ရသည့် အဆင့်မျိုးဖြစ်ပြီး ယခု ဝိပဿနာ ပစ္စယပရိဂ္ဂဟ မြင်ကွင်းတွင်မူ စီဒီ အောက်စက် ထဲသို့ စီဒီခွေထည့်ပြီး အပေါ်စက်တွင် ကြည့်ရသည့်အလား မြင်ကွင်းမှာ ပိုမိုကြည်လင် ကောင်းမွန်ရှင်းလင်း နေပါသည် ဘုရား။

ရှစ်ဘဝမြောက် တပည့်တော်၏ ဘဝဟာ **"ဆင်ဖြူ"** ဘဝ ဖြစ်ပါတယ်ဘုရား။ ဆင်တွေအများကြီးထဲ ဆင်ဖြူလေး ပါလာ၍ ချစ်ခင်ဂရုစိုက်ကြပါသည်။ ဆင်ဦးစီးက ဆင်ဖြူလေး ကို ဘုရင့်နန်းတော်ဆီ ပို့သ၍ နန်းတော်သို့ရောက်ရှိခဲ့ရပါ သည်။ နန်းတော်သို့ လိုက်ပါသွားချိန် မိခင် ဆင်မကြီး၏ မျက်ရည်စီးကြောင်းကို မြင်တွေ့ရ၍ မိဘမေတ္တာကို ပို၍ နားလည်မိပါသည်။ ကောင်းမှုကုသိုလ်ကြားမှာ ကြီးပြင်းနေလာ ခဲ့ရ၍ ဆင်ဘဝသေ ဆုံးသည့်အခါ စစ်သူကြီးဘဝ ရောက်လာ ပါသည်ဘုရား။

ခုနှစ်ဘဝမြောက် **"စစ်သူကြီး"** ဘဝဖြစ်လာပြီး ဘုရင့်နန်း တော်တွင် စစ်သူကြီးအဖြစ် တာဝန်ထမ်းဆောင်ရင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တိုက်ပွဲ တိုက်ခိုက်ရာ ဒဏ်ရာရလာကာ အနီးနားရွာသို့ ပြေးလာခဲ့ပါသည်။ ရွာအဝင်ထိပ်တွင် ကုန်းမြင့်ပေါ်၌ ဘုရားစေတီတော်ကို မျက်စိထဲတွင် ဖူးမြင်ပြီး စစ်သူကြီး သေဆုံးခဲ့ရပါသည်။

ခြောက်ဘဝမြောက် **"နယ်စားမင်းကြီး၏ သမီးတော်"** ဘဝ ဖြစ်ပါသည်ဘုရား။ ဖခင် နယ်စားမင်းမှ ပုဂံနန်းတွင်းရှိ အမှုထမ်းနှင့် ထိမ်းမြားပေး၍ ပုဂံပြည်သို့ လိုက်ပါသွားရပါသည်။ သားလေးတစ်ယောက် ငါးနှစ်အရွယ်တွင် ခင်ပွန်းသည်သည် မိမိလက်ပေါ်မှာဘဲ ဆုံးသွားရှာပါသည်။ အဲဒီစိတ်ဖြင့် သမီးတော် သေဆုံး၍ ဘီလူးဘဝသို့ ရောက်ရပါသည် ဘုရား။

ငါးဘဝမြောက် **"ဘီလူးဘဝ"** တွင် သစ်ပင် အကြီးကြီးပေါ်၌ ဗိမာန်ကြီးဖြင့် တောထဲတွင် နေလာခဲ့ပြီး လာလာသမျှလူကို မလွတ်တမ်း ဖမ်း၍ စားသောက်ခဲ့ပါသည်။ ဘီလူးဘဝသေသွားခဲ့သော် "ဒေါင်း"ဘဝ သို့ရောက်လာခဲ့ရပါသည်ဘုရား။

စတုတ္ထမြောက် **"ဒေါင်း"** ဘဝတွင် မုဆိုး၏ ကျော့ကွင်းတွင် ဖမ်းမိသွား၍ မုဆိုးမှ မသတ်ဘဲ ရောင်းစားပါသည်ပိုင်ရှင်လက်ထဲတွင် ဒေါင်းမွေးများကို တစ်ပင်ချင်း အရှင်လတ်လတ် အနှုပ်ခံရပါသည်။ ဘီလူး ဘဝတုံးက ရက်စက်ခဲ့သမျှဒေါင်းဘဝတွင် ဝဋ်ကျွေး ပြန်လည်ပေးဆပ် နေရပါသည်။ ဒေါင်းဘဝ သေဆုံးတော့ မုဆိုးဘဝ ရောက်လာခဲ့ရပါသည်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တတိယမြောက် "မုဆိုး" ဘဝတွင် မိဘလုပ်သူက မုဆိုး အလုပ်ဖြင့် လုပ်ကိုင်စားသောက်ခဲ့ရာ သားဖြစ်ခဲ့သူ ကျမဘဝမှာလဲ မုဆိုးဘဝ ဖြစ်ရပါသည်။ ရွာမှ မိန်းမတစ်ယောက်ဖြင့် အိမ်ထောင်ကျပြီး မုဆိုးဘဝနဲ့ ဖြတ်သန်းလာခဲ့၍ ဘုရားတရား ဆိုတာကို မေ့လျော့နေခဲ့ပါသည်။ မိန်းမလုပ်သူက ဆွမ်း လောင်းပါသည်။ မုဆိုး နာတာရှည် အိပ်ရာထဲမှာ ခံစား၍ သေဆုံးသွားရရှာပါသည် ဘုရား။ မုဆိုးဘဝ သေဆုံးတော့ ခွေးဘဝ ဖြစ်ရပါသည်ဘုရား။

ဒုတိယမြောက် "ခွေး" ဘဝတွင် မိခင်ကြီး၏ နို့ချိုကို ဝိုင်းစို့ကြရင်း တစ်နေ့မှာ ကိုရင်လေးက ဆွမ်းခံပြန် စလိုက် ဆော့လိုက် လုပ်ပါသည်။ ကြာလာတော့ ကိုရင်နှင့် ဆော့က စားရင်း ကျောင်းကိုပါသွားပြီး ကျောင်းခွေးဖြစ် သွားပါသည်။ ကိုရင်လေးကပဲ အစာကျွေးပါသည်။ ခွေးကလေး သေဆုံးခါနီး တွင် ကိုရင်လေးတစ်ပါးက ခွေးလေး၏ အနီးမှာ ထိုင်နေသည် ကို တွေ့ရပါသည်။ ကိုရင်လေး၏ သင်္ကန်းကို အာရုံပြု သေဆုံးခဲ့သည့်တွက် လှူဘဝ ရောက်လာခဲ့ ရပါသည်ဘုရား။

တပည့်တော် ယခုလာခဲ့သည့်ဘဝသည် "ဦးပဥ္စင်း" ဘဝဖြစ် ပါသည်။ မိခင်ဝမ်းတွင် ဒူးနှစ်ဘက်ကို ကွေးနိုင်သမျှ ကွေး၍ ပဋိသန္ဓေ နေလာခဲ့ရပါသည်။ မိဘများသည် ရွာမှ ကိုးကွယ်ထားသည့် ဘုန်းကြီး ကျောင်းပို့ထား၍ ဘုန်းကြီး ကျောင်းသား ဖြစ်ခဲ့ပါသည်။ ကိုရင်ဘဝ ရောက် လာသည့်အခါ စာသင်သားအဖြစ် မြို့ပေါ်ကျောင်းသို့ လာခဲ့ရပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဦးပဥ္စင်းဘဝဖြင့် လေနာရောဂါ ရလာကာ ပျံလွန်တော်မူခါနီး ရောဂါ ခံစားရခိုက်မှာပင် မိန်းမရုပ်ပုံ ရေအိုးပိုက်လျက် မျက်စိထဲတွင် မြင်လာ ပါသည်။ ဦးပဥ္စင်းဘဝ ဖြင့် ပျံလွန်တော်မူပြီး ယခုဘဝသို့ ရောက်လာခဲ့ပါ သည်ဘုရား။

ထိုသို့ သမထပိုင်းတွင်ရော ဝိပဿနာပိုင်းမှာပါ တရားမျက်လုံးဖြင့် ဘုရားတွေ ဖူးရခြင်း ထွက်လေဝင်ကို အသုံးချပြီး ခန္ဓာဖြစ် ပျက်မှုအလုံးစုံ ကိုယ်တိုင် မိဋ္ဌဓမ္မ တွေ့ကြုံရခြင်း စသည့် ဓမ္မအရသာများ အတွင်းကျကျ လေးနက်ထိမိစွာ ခံစားရခြင်းတို့ကြောင့် ဤရန်ကင်းအေးငြိမ်းရိပ်သာသို့ အရောက် နောက်ကျရလေခြင်း ကုန်လွန်သွားခဲ့သော နေ့ရက်နာရီတို့ကို နှမျောမိလေခြင်း စသည့် ရင်မှဓမ္မဝိဌာန်ကျသော အတွေးများဖြင့် တပည့်တော်မ၏ " စခန်းဝင်ရ အချိန်နောက်ကျ" ဟူသော စာတမ်းလေးကို ရေးသား၍ " အနန္တ ကျေးဇူးရှင် ဆရာတော် ဦးကေလာသ" အား စွမ်းနိုင်သမျှ ကျေးဇူးဆပ်လိုက်ပါ၏ ဘုရား။

စခန်းဝင် အမှတ်စဉ် ၆၉/၂ -
မဇာဇာအေး (BA. Eco)
အဘိဓမ္မာ ဂုဏ်ထူးဆောင်၊ ဝိသုဒ္ဓိမဂ်
RP (၄၅၅) ရမ်ပူရပ်ကွက်
မြစ်ကြီးနားမြို့။
Ph; 074-22595

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ကိုယ့်ဟာမှ ကိုယ့်ဟာ မလုပ်ကြနှင့်

ယောဂီတို့ အထူး သတိပေးလိုတာက –

တချို့ ယောဂီတွေဟာ ကိုယ်အားထုတ်တဲ့ တရားက လွဲလို့ အခြားတရားနည်း အခြားဆရာ အခြားဂိုဏ်းတွေကို အထင်သေး အမြင်သေး ဖြစ်တတ်ကြတယ်၊ ကဲ့ရဲ့ရှုံ့ချမိတတ်တယ်၊ ပြောဆိုမိကြတယ် သတိထားကြ အခြားဆရာ အခြားဂိုဏ်း၊ အခြားတရား နည်းတွေလဲ ကောင်းတာချည်းပဲ – ကျေးဇူးများတာချည်းပဲ – ကိုယ့်ဟာမှ ကိုယ်မလုပ်ကြနှင့်။

အထင်သေး အမြင်သေး ကဲ့ရဲ့ရှုံ့ချ ပြောဆိုမိတယ် ဖြစ်မှားမိတယ် ဆိုရင် အပြစ်ကြီးတယ်၊ တရားက မတက်တော့ဘူး၊ အရပ်ထဲမှာ ရောင်းရင်း ဝယ်ရင်း ဖြစ်တဲ့ ငရဲက တရားရိပ်သာ သူတော်ကောင်းတွေကြားမှာ ဖြစ်တဲ့ ငရဲ လောက် ကြောက်စရာမကောင်းဘူး၊

ယောဂီတို့ ကြပ်ကြပ် သတိထားကြ။

ကိုယ့်တရား ကိုယ်လုပ် ဘာမှ မပြောကြနှင့်။

**မောင်းထောင်မြင်းတောရ ဆရာတော်ဘုရားကြီး**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## သမထပိုင်း ဓေတစ်လုံးပိုင်း ဓေတစ်လုံးပိုင်း ဝိပဿနာပိုင်း



၁၃၆၉-ခု ကဆုန်လ ပြည့်နေ့တွင် ရန်ကင်းအေးငြိမ်းရိပ်သာသို့ တပည့်တော် ရောက်ရှိ ခဲ့ပါသည်ဘုရား၊ ၎င်းနေ့ ညတွင် တရားစပေးပြီး "အရဟံ"ကမ္မဋ္ဌာန်း (၃)ရက် ပွားစေပါ၏။ အရဟံဂုဏ်တော်ပွား ရသည့်ရက်များ၌ တပည့်တော်၏ ဝမ္မ အာရုံတွင် ကောင်းကင်၌ ဘုရားရဟန္တာတို့ ကြွနေကြသည် ကို လည်းကောင်း၊ မိမိ၏ ခန္ဓာကိုယ်သည် တောတောင်များ ပေါ်၌ အလိုလို ရောက်သွားနေသည်ကိုလည်းကောင်း တွေ့ရပြီး မည် သည့်အချိန်ကမျှ မဖြစ်ပေါ်ခဲ့ဘူးသော ပီတိများ စတင်ရရှိခဲ့ ရပါသည်၊ ၎င်းနောက် မေတ္တာနှင့် အသုဘ မရဏာနုဿတိ ကမ္မဋ္ဌာန်းပါ (၁) ရက်စီ ပွားရပါသည်။

စခန်းစပြီးသည့်နောက် ၆-ရက်မြောက်တွင် သမထပိုင်း အာနာပါန ပထမနည်းကို ပေးပါသည်၊ ပထမနည်းပွား၍ သုံးရကမြောက်နေ့တွင် အင်မတန် အေးမြသာယာသည့် အလင်းရောင်ရှိသော ဟင်းလင်း ပြင်တွင် တစ်ပါးတည်း တရားထိုင်နေရသလို ဖြစ်သွားရာ အလွန်အံ့ဩ သွားရပါ သည်။ နောက်ပိုင်းရက်များတွင် တရားရှုမှတ်တိုင်း တရား နိမိတ်များဟု ဆိုအပ်သော အလင်းရောင်များ အမြဲတွေ့နေ ရပါ သည်။

ပထမနည်း စတင်ပွားပြီး (၆)ရက်အလွန် (၇) ရက်

မြောက်တွင် ဒုတိယနည်းပေးရာ မိမိအခန်းတွင်းရှိ နံရံကို နှစ်တောင်ကွာ, သုံးတောင်ကွာ စ၍ ပို့လွှတ်ခိုင်းပါသည်။ ထို့နောက် ကျောင်းတွင်းရှိ ဘုရားများ ရန်ကင်းတောင်ပေါ်ရှိ ဘုရားများ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပဲခူး၊ ပုဂံ၊ ရန်ကုန်၊ ကျိုက်ထီးရိုး စသည့် ပြည်တွင်းရှိ တန်ခိုးကြီး ဘုရားများကို အခန်းထဲမှထိုင်၍ တရားအလင်းနိမိတ်ဖြင့် ဖူးမြော်စေခဲ့ပါ သည်။

ပို၍ ထူးဆန်းအံ့ဩသည်မှာ ပြည်တွင်းရှိ တန်ခိုးကြီး ဘုရားများ သာမက ပြည်ပ၌ရှိသော အိန္ဒိယနိုင်ငံရှိ မဟာဗောဓိ စေတီ၊ ဓမ္မစကြာ တရားဦးဟောရာ ဌာနတို့ကိုလည်းကောင်း၊ သီရိလင်္ကာ နိုင်ငံရှိ ထူပါရုံ စေတီတော်ကြီးနှင့် စွယ်တော်တိုက် ထဲ၌ ရှိသော မြတ်စွာဘုရား၏ စွယ်တော်တို့ကို ဖူးတွေ့ရ သည်ဟုဆိုလျှင် မယုံနိုင်စရာပါဘုရား။ ပို၍မယုံ နိုင်စရာ ကောင်းသည်မှာ မြေပြင်ပေါ်ရှိ ဘုရားများသာမကပဲ အထက် နတ်ပြည် တာဝတိံသာ စူဠာမဏိ စေတီတော်၏ ထီးတော်၌ ရှိသော ကြက်သွေးရောင် အဆင်းရှိသည့် စိန်ဖူးတော်ကို အနီးကပ် ဖူးတွေ့ခဲ့ရ၍ ပြောမပြ နိုင်တဲ့ ပီတိတွေ ဖြစ်ခဲ့ရပါ သည်။ ထို့နောက် ဗြဟ္မာပြည်၌ ဒုဿစေတီကို ဖူးရာတွင် အတွင်း၌ဌာပနာ၌ တည်ရှိသော အလောင်းတော်၏ ဝတ်လဲ တော် တို့ကိုလည်း ဒီဘဝမှာ ဒီတစ်ခါတည်းသာ ဖူးရသည်ဟု အောက်မေ့မိပါ သည်ဘုရား။

ထို့နောက် အာနာပါန တတိယနည်းတွင် နိမိတ်ကို အထက် အောက်ပို့ရာ၌ အောက်အဝီစိ ရောက်ခိုက်တွင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မကြာသေးမီကမှ ဆုံးသွားသော အဖိုးသည် ငရဲတွင်ခံ နေရသည်ကို သွားတွေ့ခြင်းကြောင့် စိတ်တွေ လှုပ်ရှားခဲ့ရပါသည် ဘုရား။

မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး ဩဝါဒ ပေးထားသည့်အတိုင်း လူတိုင်းလူတိုင်း အမျိုးသား အမျိုးသမီး မရွေး ဘုန်းထူး ကံထူးတွေ ပါလာနေကြရာ မိမိသန္တာန်၌ ဖုံးအုပ်လျက်ရှိသော ကာမဂုဏ် တရားတို့ကို ဖယ်ရှားလျက် သမထတရားများကို ဆရာနည်း ကျကျ ပွားများ အားထုတ်ကြပါက စေတစ်လုံး ပိုင်သူများကဲ့သို့ စိတ်စေရာ နိမိတ်ဖြာလျက် သိရှိနိုင်ကြလေရာ တပည့်တော်၏ ရန်ကင်း တရားစခန်းအတွေ့အကြုံ သမထပိုင်းကို **"သမထထိုင် စေတစ် လုံးပိုင်"**ဟု ကင်ပွန်း လေး တပ်ပါရစေဘုရား။

ရန်ကင်းအေးငြိမ်းရိပ်သာ ရက် (၆၀) တရားစခန်း၏ ဒုတိယပိုင်း ဖြစ်သော ဝိပဿနာပိုင်း၌ ရုပ်ကိုသိမ်းဆည်းခြင်း "ရူပပရိဂ္ဂဟ"ကို ပွားရာတွင် ရုပ်တရားကြီးသည် အသားအရေတွေ တဖြေးဖြေးနှင့် ပျက် လာ ပုံ အရိုးစုကြီးတွေ ဖြစ်လာပုံ ထိုအရိုးစုကြီးသည် မှုန့်မှုန့်ညက်ညက် ကြေမွသွားပုံကို တွေ့ရှိရပါသည်၊ ရုပ်တရားကြီးသည် အရိုးအိမ်ကို အစာထည့် အသားကပ်ကာ အကြောနှင့် တုတ်ချည်ပြီး အရေဖုံးထား ကြောင်းကို အမှန်တိုင်း သိမြင်ရပါသည်။

"နာမပရိဂ္ဂဟ"နာမ်ကို သိမ်းဆည်းရာ၌ ရုပ်တရားနှင့်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နာမ်တရားတို့ကို သိရှိနေသော နာမ်တရားသည်လည်း သိပြီးပျောက် သိပြီးပျောက် ဖြစ်နေကြောင်းကို တွေ့ရှိရပါသည်။

**"ပစ္စယပရိဂ္ဂဟ-အကြောင်းကို သိမ်းဆည်းခြင်း"**ကို ပွားရာ၌ တပည့်တော်တို့၏ ရုပ်နာမ် ခန္ဓာတို့သည် အတိတ်ကြောင်းတရား ငါးပါးတို့ ပြုပြင်၍ ဖြစ်လာပုံတို့ကို လည်းကောင်း တပည့်တော်၏ ရှေ့အတိတ် ဘဝတို့ကိုလည်းကောင်း ကိုယ့်ရှေ့မှာ ဗွီဒီယို ထိုင်ကြည့်နေရသလို ကွင်းဆက်လိုက် မြင်တွေ့ရပါသည်။ တပည့်တော်၏ အတိတ်ဘဝတို့ကို တစ်ချို့ တစ်ဝက် ပြန်ပြောင်းပြောပြရလျှင် တပည့်တော်သည် နွားကျောင်းသား ဘဝတွင် နွားကျောင်းရင်း သူတစ်ပါးအခင်းကို သွားစားသော နွားကလေးအား ကျောက်ခဲကြီးဖြင့် ပစ်ပေါက်လိုက်ပါသည်။ နွားကလေးသည် ညာဘက်ခြေထောက်ကို ထိမှန်၍ ထော့ခနဲထော့ခနဲ ဖြစ်သွား၏။ ထိုအကုသိုလ်ကံကြောင့် နောက်ဘဝတွင် လက်တစ်ဖက် မသန်သော နွားသွားဖြစ်၏။ လက်မသန်သော နွားဖြစ်ရာ နွားပိုင်ရှင်က ခိုင်းမရ၍ တောင်ခြေ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ဘေးမဲ့လွှတ်လိုက်၏။

ထိုဘုန်းကြီးကျောင်းတွင် မြက်ရိပ်ပေါင်းရှင်း အမြဲသန့်ရှင်းရေး လုပ်သော အမျိုးသမီး တစ်ယောက်သည် ထိုနွားအား မြက်အစာတို့ကို နေ့စဉ်ကျွေး၏။ ငါလည်းတစ်နေ့ကျတော့ ဒီအမျိုးသမီးကို ပြန်လုပ်ကျွေး ကျေးဇူးဆပ်ရမည်ဟု အမြဲတွေးနေ၏။ အဲဒီ နွားဘဝမှ သေဆုံးသော် နောက်ဘဝ၌ ထိုအမျိုး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သမီးကြီး၏ သမီးဖြစ်၍ အမေတစ်ခု သမီးတစ်ခု လုပ်စားရ၏။ မိခင်ကြီး နေမကောင်းချိန်တွင် အမြဲလုပ်ကျွေး ပြုစု၏။ အဲဒီ ကုသိုလ်ကြောင့် နောက်ဘဝ၌ နတ်ပြည် နတ်သမီး ဖြစ်ရ၏။ အဲဒီ နောက်ဘဝ၌ အလွန်ချမ်းသာ ကြွယ်ဝသော သူဌေးမကြီး ဖြစ်ရ၏။ ကျွန် ၁၂-ယောက်လည်းရှိ၏။ ထိုကျွန် ၁၂-ယောက်ကို အမြဲ ဆဲဆို ကြိမ်း မောင်းနေ၏။ ထို၀စီကံကြောင့် နောက်ဘဝတွေ၌ ကျွန်ဘဝ ၁၂-ဘဝ ဖြစ်ရ၏။ ထိုကျွန်ဘဝ ၁၂-ဘဝတွင် နောက်ဆုံးကျွန် ဘဝ၌ ယောကျာ်းလေးဖြစ် ရ၏။

တစ်နေ့တွင် ကျွန်ပိုင်ရှင် သူဌေးမှ ကျွန်အားလုံးတို့ကို ခေါ်၍ သန့်ရှင်းရေး လုပ်အားပေး ကုသိုလ်အလုပ်ခိုင်း၏။ ထိုဘုန်းကြီးကျောင်း၌ ဘုန်းကြီးနားတွင် အမြဲနေသော လိမ္မာသော ခွေးလေးတစ်ကောင် ရှိ၏။ ထိုခွေးကလေး၏ ကောင်း ကောင်းစား ကောင်းကောင်းနေရသည်ကို တွေ့ရ၍ သန့်ရှင်း ရေးလုပ်ရင်း အဲဒီခွေးကလေးမျိုး ဖြစ်ရတာမှ ကောင်း သေးတယ်။ နောက်ဘဝ ဘုန်းကြီးကျောင်း ခွေးဖြစ်ရပါ၏လို့ ဆုတောင်း ရမလိုဘဲ ဟုအတွေးနှင့် ၀စီကံဟာ ဆုတောင်း သလိုဖြစ်၍ နောက်ဘဝတွင် တောင်ခြေတွင်ရှိသော တောကျောင်း တစ်ကျောင်းတွင် ခွေးကလေး ဖြစ်ခဲ့ရ၏။

ထိုခွေးကလေးဘဝတွင် ဘုန်းကြီး၏ တရားဟောမှုနှင့် ကျောင်းသားကိုရင်တို့၏ စာကျက်စာအံ သံတို့ကို အမြဲကြားရ၍ စိတ်ထဲတွင် အမြဲ ကြည်နူးမိရာဘုန်းကြီးဘဝကို အမြဲ ဆုတောင်းနေမိ၏။ ထိုကျောင်းတွင် မြောက်မကြီး တစ်ကောင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်းရှိ၏။ ထို မြောက်မကြီးသည် ခွေးကလေးကို အလွန်ချစ်၏ အမြဲကြည့်ရှု စောင့်ရှောက်၏။ ယခုဘဝတွင် ခွေးကလေးဟာ တပည့်တော်ဖြစ်၍ မြောက်မကြီးမှာ တပည့်တော်၏ ပစ္စည်းလေးပါး ရဟန်းအမကြီး ဖြစ်နေသည်ကို သိရ၍ အင်မတန် အံ့သြ မိပါသည် ဘုရား။

" အဒ္ဓါနပရိဂ္ဂဟ " ကိုပွားရာ၌လည်း ရုပ်, နာမ် ခန္ဓာတို့၏ ရှေ့ကလည်း ဖြစ်ပျက်ပုံ ယခုလည်း ဖြစ်ပျက်နေပုံ နောက်လည်း ဖြစ်ပျက်မည်တို့ကို ရှုမှတ်ပွားများ ရပါသည် ဘုရား။ ထိုနောက် ဉာဏ်စဉ် ၁၀-ပါးကို ပွားများအားထုတ်ရာ၌ ခန္ဓာကိုယ်ကြီး၏ အရည်တွေ ယိုစီးပုံ၊ အကြောတွေ ပျော့လာပုံ၊ အသားတွေ ပျော့လာပုံ၊ အရိုးတွေ ရင့်လာပုံ အရိုးစုပုံ မီးလောင်ပြီး ပြာကျနေပုံတို့သည် မှောက်ထားသော အိုးကို လှန်ပြသကဲ့သို့လည်းကောင်း မျက်စိလည် လမ်းမှား နေသူအား လက်ကို ကိုင်စွဲကာ ဤလမ်းဘဲဟု ညွှန်ပြသကဲ့သို့လည်း ကောင်း ညအမှောင်မှာ ဆီမီးတန်ဆောင်ကို ထွန်းပြသကဲ့သို့ လည်းကောင်း၊ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ လည်းကောင်း၊ ခန္ဓာ၏ဖြစ်ပုံ ပျက်ပုံတို့ကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရ၍ သံဝေဂတရားများ တဖွားဖွား ဖြစ်ခဲ့ရပါသည် ဘုရား။

ဤကဲ့သို့ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပျက်နေပုံတို့ကို ကွက်ကွက် ကွင်းကွင်း မြင်နိုင်သည်မှာ သမထတရား သမာဓိ အားကြောင့် ဖြစ်ပါသည်။ ထိုသို့ သမာဓိ အားကောင်း၍ ဝိပဿနာကို ပိုင်ပိုင်နိုင်နိုင် ရှုပွားနိုင်ရခြင်းမှာ ကန္နီနည်းကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အခြေခံ၍ ကျေးဇူးတော်ရှင် မောင်းထောင် မြေဇင်းတောရ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ကျင့်ကြံ၍ ဝေနေယျ သတ္တဝါတို့ အား ဟောပြောပြသ ခြင်းကို ယခုလက်ရှိ ရန်ကင်း အေးငြိမ်းရိပ်သာကြီး၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဖြစ်တော်မူသော ဆရာတော် ဦးကေလာသ (သာသနဓဇ ဓမ္မာစရိယ)၏ တစ်ဆင့် ဟောပြောပြသ ခြင်းကြောင့်ဖြစ်၍ ထိုထေရ်ရှင်တို့အား တပည့်တော်ဘဝမှာ အခါခါဝန္ဒာမိ ပါဘုရား ။ တပည့်တော်ကဲ့သို့ သမထထိုင်၍ ဝိပဿနာကို လွယ်လွယ်ကူကူ ပိုင်ပိုင်နိုင်နိုင် ကျင့်ကြံကြိုးစား ပွားများအား ထုတ်လိုကြသည့် ပုဂ္ဂိုလ် များအား ရန်ကင်းအေးငြိမ်းရိပ်သာသို့ မြန်မကြာ ကြွရောက် ကြပါဟု ဖိတ်ခေါ်ရင်း တပည့်တော်၏ **"သမထထိုင် စေတစ်လုံးပိုင် စေတစ် လုံးပိုင် ဝိပဿနာ နိုင်"** ဟူသော စာတမ်းဖြင့် တရားတော်နှင့် မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ ကန္တီနည်း သမထ ဝိပဿနာ ကျင့်စဉ်တို့အပေါ် ဒိဋ္ဌဖလ အကျိုးရမှု သက်သေခံ ချက်ကို တင်ပြအပ်ပါသည် ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့ . . . ။

တရားစခန်းဝင် အမှတ်စဉ်မှတ် ၆၉/၊

**အရှင်ဥတ္တမ (ဓမ္မာစရိယ**

သရက်တော ကျောင်းတိုက်

ပုသိမ်ကြီးမြို့နယ်

မန္တလေးတိုင်း၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်လောကလုံးကို မြင်ချင်တာ မြင်ရတွေ့ ရ ဖူးရသည့်အခါ အံ့သြစရာတွေ ပြောလို့မကုန် ပါဘုရား။ အာနာပါန တရားကို ကြိုးစား အားထုတ်ခဲ့ရာမှ ရက်ပိုင်း လပိုင်းမျှဖြင့် ထူးထူးခြားခြား မြင့်မြတ်လှသည့် ဓမ္မရသကို ခံစားရသဖြင့် ကမ္ဘာ့အတိုင်း အတာအထိ သာသနာပြုရန် ဆန္ဒဖြစ်ပွားလာပါသည် ဘုရား။

ရတနာမြတ်သုံးပါး အပေါ် မည်သည့်အခါကမျှ မဖြစ်စဖူး မခံစားရဘူးသော သဒ္ဓါတရားများ ဖြစ်ပေါ်ခဲ့ရ၍ တန်ဖိုး မဖြတ်နိုင်ပါ ဘုရား။ ယခုမူ စာတွေ့မျှ မဟုတ်ဘဲ လက်တွေ့ အားထုတ်ရသဖြင့် အလွန်ပင် ဝမ်းမြောက်ရပါသည်။ မကောင်းသောစိတ်ကူး အကြံအစီများ ကြံစီစိတ်ကူးခြင်း မပြုရဲတော့ပါ ဘုရား။ အပူအပင်ကင်း၍ စိတ်ငြိမ်းအေးပြီး ဘုရားရှင်နှင့်အတူ နေရသလို အမြဲနေချင်ပါသည်ဘုရား။

မြတ်စွာဘုရား ပွင့်တော်မူရာ ဒေသဖြစ်သော အိန္ဒိယ နိုင်ငံရှိ ဓမ္မစကြာ တရားဦးဟောရာဌာန၊ ပရိနိဗ္ဗာန်စံရာ ဌာနများကို နိမိတ်ဖြင့် သွားရောက်ဖူးမြော်ခဲ့ရသည်မှာ အားရ စရာကောင်းလှပါသည်။ သီဟိုဠ်နိုင်ငံမှ ဘုရားရှင်၏ စွယ်တော် ကို ဖူးမြင်ရပါသည် ဘုရား။

လူ့ပြည်ရှိ ဘုရားများ သာမက နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နဂါးပြည်ရှိ ဘုရားများကိုလည်း ဖူးမြော်ခဲ့ရပါသည် ဘုရား။ နတ်ပြည်ရှိ စူဠာမဏိ စေတီကို ထင်ထင်ရှားရှား ဖူးရပါသည် ဘုရား။ ပင်လယ်ကသစ်ပင်နှင့် မြကျောက်ဖြာပါမကျန်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖူးတွေ့ရပါသည် ဘုရား။ ဗြဟ္မာ့ပြည်ရှိ ဒုဿစေတီကို ဖူးတွေ့ရပါသည် ဘုရား။ မြောက်ကျွန်းသူ, မြောက်ကျွန်းသားများနှင့် ပဒေသာပင်ကြီးများကို အေးချမ်းစွာဖြင့် မြင်တွေ့ခဲ့ရပါသည် ဘုရား။

သမထပိုင်း တတိယနည်းဖြစ်သော လုံးစုံလင်းရာ တဉ်သာ သင်ခန်းစာဖြစ်သည့် ပါးဖောက်, နားဖောက်၊ လှီးစား, ဖြတ်စား ပြုရာတွင် တပည့်တော်၏ ခန္ဓာကိုယ်အနှံ့ လှီးဖြတ်ရာ တစ်ကိုယ်လုံးဖြူဖွေးကာ အရိုး စုပါလင်းပြီး ဖန်တုံးကြီးသဖွယ် ဖြစ်သွားပါသည် ဘုရား။ ကျန်းမာရေး အတွက် တစ်ကိုယ်လုံး ပေါ့ပါးပြီး နေပါသည်ဘုရား။

တပည့်တော်တို့ ဆေးတက္ကသိုလ်တက်ခဲ့စဉ် ခန္ဓာဗေဒ (Anat- omy ) ဘာသာရပ် သင်ခန်းစာများ၌ လူတစ်ယောက်၏ ခန္ဓာကိုယ် တည်ဆောက်ပုံတို့ကို ပုံဖော်ကားချပ်များဖြင့် လည်းကောင်း၊ အက္ခရာ အမှတ်အသားများဖြင့်လည်းကောင်း နည်းပြ, ကထိက, ပါမောက္ခ များတို့၏ ပို့ချချက်များဖြင့် သိရှိခဲ့ရသော်လည်း အားလုံးလင်းရှင်းစွာ မသိရှိခဲ့ရပါ။ ယခု အခါ တရားအလင်းနိမိတ်ဖြင့် မိမိခန္ဓာကိုယ် အတွင်း ကိုယ်အင်္ဂါ အစိတ်အပိုင်းလေးများ (ဥပမာ- Muscles, Lung Stomach, Large intestine , Small intestine ) တို့သည် သူ့နေရာ နှင့်သူ ဖွဲ့စည်းတည်ဆောက်ထားပုံ , တာဝန်ကိုယ်စီ ထမ်းရွက်နေကြပုံတို့ကို အနုကြည့်မှန်ပြောင်းဖြင့် စိတ်ဖြာ ကြည့်ရှုနေရသည့်အလား ဓမ္မ စက္ခုတွင် ထင်ရှားစွာတွေ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## "လောကကြီးကို ဘယ်လိုရှင်းမလဲ"

တစ်ချို့က ဒီအာနာပါန သမထကို ရှုတ်ချချင်ကြတယ်၊ သာသနာပတရားကြီးပါကွာတဲ့ ပါဠိစာပေတွေထဲ နေရာများစွာမှာ သမထရျာန်ပြီးမှ ဝိပဿနာကူးကြတာ၊ ဘုရားလက်ထက်တော်မှာ နတ်သား တစ်ယောက်က မြတ်စွာဘုရားကို လျှောက်တယ်၊ မြတ်စွာဘုရား 'အတွင်းအပြင် ရှုတ်နေတဲ့ လောကကြီးကို ဘယ်လိုရှင်းရမလဲ' ဘုရားလို့ လျှောက်တော့ ဘုရားရှင်က 'သမထဝိပဿနာ' တရားကို လုပ်ပါလို့ ဟောလိုက်တယ်၊ ဘုရားအဆူဆူလည်း ဒီအာနာပါန ကမ္မဋ္ဌာန်းကို အများကြီးချီးကျူး ဂုဏ်ယူကြတာ ဒီအာနာပါနတရား အားထုတ်ရင် စိတ်တွေ ငြိမ်းအေးတယ်၊ တင်းတိပ်ရောင့်ရဲ အားရခြင်း မရှိအောင်မွန်မြတ်တယ်၊ကိုယ်ချမ်းသာ စိတ်ချမ်းသာနေရတယ်၊

အေး . . . ယောဂီတို့ သူများ ပြောတိုင်းလဲ နားမယောင်ကြနဲ့၊ တရားကို အပြစ်ပြောတဲ့သူဟာ ဘုရားရှင်ကို စွပ်စွဲရာ ရောက်တယ်၊ ကိုယ့်ကိုလဲ တူးမြို ဖျက်ဆီးရာရောက်တယ်၊ အကုသိုလ်လဲ တိုးပွားတယ်၊ ယောဂီတို့ ဘယ်သူ ဘာပဲပြောပြော ကိုယ့်တရားကို ကြိုးစားပြီး အားထုတ်ကြ။

**ဓမာင်းဓထောင်ဓမြဇင်းဓတာရ ဆရာဓတော်ဘုရားကြီး**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဖြစ်, ပျောက်, နွေး, နာ, အေး ဖြဲလော လွှန်စွာချမ်းသာရ



တပည့်တော်မသည် ၁၃၆၉-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့ ရန်ကင်းအေးငြိမ်းရိပ်သာသို့ စ ရောက်ပြီး ဒီရက်၆၀- တရားစခန်းမှာ သမထ ဝိပဿနာ ရှုပွား ရခြင်းအပြင် ထိခြင်းငါးပါးဖြင့် ဦးချပုံ၊ ကိုးပါး သီလ ခံယူပုံ၊ မေတ္တာပို့ပုံနှင့် အမျှပေးဝေပုံ အခြေခံကအစ အကုန် သင်ပြ ပေးနေပါလားလို့ ကြည်နူးစွာ ခံစားရပါသည် ဘုရား။ လပြည့်ကျော် ၁-ရက်မှ စ၍ "အရဟံ" ဂုဏ်တော် (၃)ရက် ပွားရပါသည်။ ဂုဏ်တော် ပွားရင်း တပည့်တော်မသည် ဘုရားရှင်၏ ရှေ့မှောက်တွင် ရောက်နေသည့် အလား ခံစားရပါသည်ဘုရား။ အရဟံ ၃-ရက်ပြီးနောက် မေတ္တာ ကမ္မဋ္ဌာန်း ၁-ရက်ပွားရာတွင်လည်း စိတ်ထဲတွင် သိသိသာသာ အေးချမ်းစွာ ခံစားရပါသည် ဘုရား။ "အသုဘ မရဏာဿတိ" ပွားရာတွင် မသေသေးခင် ဒီတရားကို အားထုတ်ခွင့် ရတာပ် လားဆိုပြီး စိတ်ထဲက သတိတရား ဖြစ်မိပါသည် ဘုရား။

လပြည့်ကျော် ၆-ရက်နေ့ မှစ၍ "အာနာပါနဿတိ" ဝါရေဝါမှတ် စလုပ်ပြီး နိမိတ်များ ရလာသောအခါ နိမိတ်ကို အပို့အယူ လုပ်ရပါသည်။ နိမိတ် အားကောင်းလာသောအခါ နိမိတ်များနှင့် မြန်မာပြည် အရပ်ရပ်၌ရှိသော ဘုရားစေတီတွေ ဓာတ်တော် မွေတော်တွေဖူးရ မြေထု,ရေထု, လေထုမကျန်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြင်ရပါသည်ဘုရား။

ထို့ပြင် ဤသင်ခန်းစာ၌ တပည့်တော်တို့ ဆေးပညာရှင်များသည် လူတစ်ယောက်၏ ရောဂါဝေဒနာ တစ်ခုခုကို စားဆေး, ထိုးဆေး, လိမ်းဆေးနှင့် လက်နက်ကိရိယာ အမျိုးမျိုးတို့၏ အကူအညီဖြင့်သာ ပျောက်ကင်းအောင် ကုသပေးနိုင်သော်လည်း ဘုရားပေးသော ဆေးသည်ကား မည်သည့် ဆေးဝါး လက်နက်ကိရိယာမျှ အကူအညီမလိုဘဲ ရောဂါများ ပျောက်ကင်းခဲ့ပါသည် ဘုရား။ တစ်ကိုယ်လုံးလည်း ပေါ့ပါးသွက်လက်နေပါသည် ဘုရား။ ယောဂီတို့အား ဤသင်ခန်းစာ ပေးသည့်နေ့က ဆရာတော်မှ-

"လောကကြီးမှာ ဆေးတွေဟာ လွန်စွာပေါလှသည်"
"တရားအလား ဆေးစွမ်းကား ဘယ်မှာမရှိပြီ"
"ရောဂါကင်းရေး တရားဆေး မနှေးသောက်ရမည်"

ဟူသော ဆောင်ပုဒ်လေးများချပေးရာ ဆေးသမားမို့ အပြေးအလွှား ရေးထားမိ ပါသည် ဘုရား။

ငြိမ်းစေမည် ရှုမှတ်ရာတွင် ပြောမပြနိုင်လောက်အောင် အေးငြိမ်းမှုကို ခံစားရပါသည်ဘုရား။ သမထတရား ရှုမှတ်ရသည်မှာ လူသစ် စိတ်သစ် အမြင်သစ်တွေ ဖြစ်ပေါ်စေပါသည် ဘုရား။ စိတ်တွေထက်သန် ရဲတင်းလာပြီး အေးငြိမ်းမှုကိုလည်း ခံစားရပါသည် ဘုရား။

ဝိပဿနာရောက်သည့်အခါ ရုပ်သပ်သပ်, နာမ်သပ်သပ် ရှုမှတ်သည့် အချိန်ကစပြီး အလွန်ပင် ရှင်းလင်းပြတ်သား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လာပါသည်။ မိမိခန္ဓာကိုယ်အတွင်း ဖြစ်ပျက်နေသည်များကို မျက်ဝါးထင်ထင် မြင်တွေ့နေရပါသည်ဘုရား။ ဝိပဿနာ တရားကို ရက်ပိုင်းလောက် ရှုပွားရုံနှင့် တငြိမ့်ငြိမ့် တသိမ့်သိမ့် နှင့် ခန္ဓာကိုယ်ကြီးသည် လေထဲတွင် တည်ရှိနေသလို ခံစားရသည့်အပြင် အတုံးကြီးဖြစ်ပေါ်လာလိုက်၊ ပျောက်လိုက်၊ နွေးလိုက်၊ နာလိုက်၊ ရင်ထဲတွင် အေးမြစွာ ဖြစ်ပေါ်လာလိုက် နှင့် အလွန်ပင် ချမ်းသာ လှပါသည် ဘုရား။

စခန်းဝင် အမှတ်စဉ် ၆၇/၄
**Dr.** ပအေးသီ
တံတားဦးရပ်
ကမာဝက်ရွာ
မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

" နတ်တွေကြည့်နေတယ် "

နတ်တွေက လူတွေ ဘာလုပ် နေတယ် ဆိုတာ အမြဲကြည့်နေတယ်၊ မြင်နေတယ်။

ယောဂီတို့ တရားအားထုတ်ဖို့ စိတ်ကူးတယ်, ပြင်ဆင်တယ် ဆိုရင်ပဲ နတ်ကောင်း နတ်မြတ်တွေက ဘယ်မြို့ ဘယ်ရွာ ဘယ်သူကတော့ မာရ်နတ်နှင့်တိုက်ဖို့ စစ်ပြင်ဆင်နေပြီ ဆိုပြီး . . . ပထမ အကြိမ် သာဓုခေါ်ကြတယ်။

ဟော . . . ယောဂီတို့ အခုလို စိတ်ကူးထားတဲ့အတိုင်း တကယ်တရားဝင်ပြီး တရားအားထုတ်နေတော့လည်း မာရ်နတ်နှင့် တိုက်ပြီဟော့ ဆိုပြီး . . . ဒုတိယအကြိမ် သာဓုခေါ်ကြပြန်တယ်။

နောက်ဆုံး . . . ယောဂီတို့ တရားတကယ်လုပ်လို့ အဟုတ်တရား ရသွားပြီဆိုတော့လဲ

မာရ်နတ်ကို အောင်သွားပြီဟော့ ဆိုပြီး . . . တတိယအကြိမ် သာဓုခေါ်ပြန်တယ်။ ဒါ့ကြောင့်

ယောဂီတို့ နတ်တွေက ကြည့်နေတာနော် . . .

နတ်ကောင်း နတ်မြတ်တွေ သာဓု သုံးကြိမ် ခေါ်ခံရအောင် ထိ အဟုတ်တရားအားထုတ်ကြ။

မောင်းထောင်မြေဝင်းတောရ ဆရာတော်ဘုရားကြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## တရားအလင်းဖြင့် အားလုံးသိခဲ့ပြီ



တပည့်တော်မသည် ၁၃၆၉ ခု၊ နတ်တော်လဆန်း (၁၅)ရက်နေ့ ညနေ (၄း၃၀)နာရီ အချိန်တွင် ရန်ကင်း အေးငြိမ်းရိပ်သာ သို့ရောက်ခဲ့ပါသည်၊ ဆရာတော် ဦးကေလာသမှ အရဟံဂုဏ်တော် ၃-ရက်၊ မေတ္တာ ၁-ရက်၊ အသုဘ မရဏာနုဿတိ ၁-ရက် အပွားခိုင်းပြီး (၆)ရက်မြောက်တွင် အာနာပါန ကမ္မဋ္ဌာန်းပေးပါသည်၊ တစ်ပတ်အကြာတွင် တရားအလင်းနိမိတ်များ ကောင်းစွာရရှိပြီး ဘုရားဖူးခိုင်းရာ မြန်မာပြည်အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများသို့ လူကိုယ်တိုင် သွားရောက် ဖူးရသည့်အလား ကြည်လင်ပြတ်သားစွာ ဖူးမြင်ရပါသည်။

တိုင်းခြား ပြည်ရွာများနှင့် ကမ္ဘာခြားရှိ ဘုရားစေတီပုထိုးများကို ဖူးမြော်သည့်အခါတွင်လည်း တပည့်တော်မသည် ဘုရားစေတီအားလုံး နေရာဌာန အားလုံးတို့တွင် အနုစိတ်ထင်ရှားပြတ်သား ကြည်လင်စွာဖြင့် ဝမ်းသာမဆုံး အံ့ဩ၍မပြီး ချီးကျူး၍မကုန် စုံလင်စေ့စွာ ဖူးမြင်သိရှိရပါသည်ဘုရား၊ ဥပမာအားဖြင့် ဘောဂဝတီ နဂါးပြည်ရှိ စွယ်တော်စေတီကို ဖူးရာတွင် ပုံတော်မှာ ဆူးလေပုံစံဖြစ်ပြီး ထီးတော်(၇)ဆင့် ကျောက်မျိုးစုံစီကာ ရွှေဝါရောင်ကိုလည်းကောင်း ကြာဖူးပုံသဏ္ဍာန် ရွှေဝါရောင် တောက်ပနေသော စိန်ဖူးတော်ကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်းကောင်း အဖြူရောင် စွယ်တော်ကိုလည်းကောင်း ရွှေရောင်ကလာပ်ဖြင့် ပူဇော်ထားသည့် ကျောက်မျက် ရတနာမျိုးစုံတို့ကိုလည်းကောင်း ဖူးတွေ့ရသည့်အပြင် နဂါးမလေးများ၏ ဝတ်စားဆင်ယင်မှု လှပကျော့ရှင်းမှုတို့ကို အားလုံး အသေးစိတ် တွေ့မြင်ရသဖြင့် ဂနသေချာစွာ အာမခံပြောပြနိုင်ပါသည်ဘုရား။

ငရဲပြည်တွင် စိဥ္စမာန၊ အဇာတသတ်နှင့် ဒေဝဒတ်တို့ ခံစားနေကြရပုံကိုလည်း အသေးစိတ်ပြောပြ နိုင်ပါသည်ဘုရား။

လှီးစား ဖြတ်စား သဒ်န်းစာတွင် ခန္ဓာကိုယ် အတွင်းပိုင်းရှိ အင်္ဂါအစိတ်အပိုင်းလေးများကို သူ့နေရာနှင့်သူ ရှင်းလင်းပြတ်သား ကြည်လင်လင်းရှင်းစွာ မြင်ရပေရာ ရှေးရှေးဆရာတော် ဘုရားကြီးများက ဩော်. . . "လုံးစုံလင်းရာ တဥ္စသာ" ဟု ရေးသားမှတ်တမ်းတင်နည်း ပေးထားတာပါလားလို့ တွေးတောနေစဉ် တပည့်တော်မ၏ အရိုးအဆစ်များ တစ်ဆစ်ပြီး တစ်ဆစ် ပြုတ်ကျ ကြွေကျ သွားကြသည်ကို တွေ့လိုက်ရပါသည်ဘုရား။

ဝိပဿနာပိုင်း "ရူပပရိဂ္ဂဟ"တွင် ခန္ဓာကိုယ်မှ အရည်များ စီးကျပြီး အတွင်းပိုင်းတွင် ကလီစာများနှင့် အရိုးများ ကြွေကျ ပဲ့ကျသွားသည်ကို တွေ့ရပါသည်ဘုရား။

"ပစ္စယပရိဂ္ဂဟ"ကိုပွားသောအခါ၌ အတိတ်ဘဝများကို တွေ့မြင်ရပါသည်။ ပထမဆုံးတွေ့မြင်ရသော ဘဝမှာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သမင်ဘဝဖြစ်ပြီး၊ တောအုပ်ကြီးထဲရှိ ဘုရားအနီးက ရေအိုင်တွင် ရေသောက်ဆင်းနေစဉ် မုဆိုးပစ်လိုက်သော မြှားမှန်၍ လဲကျသွားရာ ထိုမုဆိုးကိုမြင်ပြီး ငါလူဖြစ်ရရင် ကောင်းမှာပဲ ဟူသော စိတ်အတွေးဝင်၍ သေဆုံး ခဲ့ရပါသည်။ သမင်ဘဝမှ သေ၍ လူ့ဘဝရောက်ခဲ့ ရပါသည်။ လူ့ဘဝရောက်စဉ် သူတစ်ပါးအသက်ကို သတ်၍ မီးရှို့ခဲ့ပါ သည်။ ထိုလူ့ဘဝမှ သေဆုံးပြီး တောကျွဲရိုင်း ဘဝသို့ ရောက်ခဲ့ရပါသည်။

တောကျွဲရိုင်းဘဝတွင် တောမီးလောင်၍ သေဆုံးခဲ့ရပါသည်။ မသေခင်တွင် တောမီးလောင်မှုကို လွတ်ကင်းရန် ပျံသန်းနိုင်သော ငှက်ကလေးများကို မြင်တွေ့ပြီး ငါလည်း ငှက်ဖြစ်ရင် ပျံနိုင်မှာပဲဟု စိတ်အတွေးဝင်၍ သေဆုံးခဲ့ပါသည်။ ကျွဲဘဝမှ သေဆုံးသောအခါ ဒေါင်းငှက်ဘဝ ရောက်ခဲ့ရပါသည်။ ဒေါင်းငှက်ဘဝတွင် လူတစ်ယောက်၏ လိုက်ဖမ်းခြင်းကို ခံခဲ့ရပါသည်။ ဖမ်း၍မမိသောအခါ မြှားနှင့်ပစ်၍ မြှားမှန်ခံရပြီး သေဆုံးခဲ့ပါသည်။ မသေမီတွင် မြွေတစ်ကောင်ကို မြင်ရပြီး မြွေဖြစ်ရင် ကောင်းမှာဘဲဟု စိတ်အတွေးဝင်၍ သေဆုံးခဲ့ပါသည်။ ဒေါင်းဘဝမှသေ၍ မြွေဘဝသို့ ရောက်ခဲ့ရပါသည်။

မြွေဘဝ ရောက်သောအခါ ရေသောက်နေစဉ် လူတစ်ယောက်က ဒုတ်နှင့်ရိုက်၍ သေခဲ့ရပါသည်။ မသေမီတွင် မြင်းကို မြင်ပြီး မြင်းဖြစ် ရင်ကောင်းမှာပဲဟု စိတ်အတွေးဝင်ကာ သေခဲ့ပါသည်။ မြွေဘဝသေ၍ မြင်း ဘဝသို့ ရောက်ခဲ့ပါသည်။

မြင်းဘဝတွင် မြင်းလှည်းဆွဲ ခဲ့ရပါသည်။ လှည်းဝန်ဆွဲပြီး အရိုက်အနှက်ခံခဲ့ရပါသည်။ အလွန် ပင်ပန်းဆင်းရဲပါသည်။ သေခါနီး အချိန်တွင် နွားလေးတစ်ကောင်အား အလှဆင်ထား သည်ကိုမြင်ပြီး နွားဖြစ်ရင် ကောင်းမှာဘဲဟု စိတ်အတွေးဝင်ပြီး သေဆုံးခဲ့ပါသည်။ မြင်းဘဝမှ သေ၍ နွားဘဝသို့ ရောက်ခဲ့ပါ သည်။

နွားဘဝ ရောက်သည့်အခါ ပို၍ကံဆိုးပါသည်။ လယ်ထွန်ရုန်းရသည့် နွားဘဝတွင် မြေကျွံ၍ မရုန်းနိုင်သော အခါ ရိုက်နှက်ပါသည်။ ရိုက်နှက်သည်မှာ အလွန်နာကျင် သောကြောင့် ဆောင့်ရုန်းလိုက်သောအခါ ထွန်မောင်းသူမှ ဓားနှင့် ပစ်လိုက်သောကြောင့် ခြေထောက်ကို ထိမှန်ခံရ ပါသည်။ ထို့ကြောင့် မသွားနိုင်ဘဲ လယ်ကန်သင်းဘေးတွင် လဲကျသွားခဲ့ပါသည်၊ ထိုအခါ ဖျိုင်းတစ်ကောင်ကို မြင်ရပြီး ဖျိုင်းဖြစ်လျှင် ကောင်းမှာဘဲဟု အတွေးဝင်ပြီး သေဆုံးခဲ့ပါ သည်။ နွားဘဝသေ၍ ဖျိုင်းဘဝ ရောက်ခဲ့ပါသည်။

ဖျိုင်းဘဝတွင် ကတွတ်ပေါက်၌ အစာကောက်နေစဉ် လူတစ်ယောက်မှ လေးခွဖြင့် ပစ်ခတ်ခြင်းကို ခံခဲ့ရပါသည်။ သေခါနီးတွင် လူတစ်ယောက်ကိုမြင်ပြီး လူဖြစ်ရင် ဘယ် လောက်ကောင်းမလဲဟု စိတ်အတွေးဝင်ကာ သေဆုံးခဲ့ပါသည်။ ဖျိုင်းဘဝမှ သေ၍ အမျိုးသမီးဘဝသို့ ရောက်ခဲ့ရပါသည်။

အမျိုးသမီးဘဝတွင် ကျောင်း၌ ဝေယျာဝစ္စလုပ်သော အမျိုးသမီး ဖြစ်ပါသည်။ ကျောင်းတွင်း၌ နတ်သမီးပုံ ပန်းချီ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကားချပ်ကိုမြင်၍ နတ်သမီးဖြစ်ရင် ကောင်းမှာဘဲဟု စိတ်အတွေးဝင်ခဲ့ပါသည်။ ထိုအမျိုးသမီး ဘဝမှ သေဆုံးသောအခါ ရေကန်စောင့် နတ်သမီးဘဝသို့ ရောက်ခဲ့ရပါသည်။ ရေကန်စောင့် နတ်သမီးဘဝတွင် အမျိုးသားများ ရေလာခပ်သည် ကိုကြည့်ပြီး အမျိုးသားဖြစ်ရင် ကောင်းမှာဘဲဟု စိတ်အတွေးဝင်ခဲ့ပါသည်။ နတ်သမီးဘဝမှ သေ၍ အမျိုးသားဘဝသို့ ရောက်ခဲ့ရပါသည်။

ထိုအမျိုးသားဘဝတွင် လမ်းပြင်ခြင်း ၊ ကျောင်းတွင်းဝေယျာဝစ္စများ လုပ်ကိုင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုအမျိုးသားဘဝမှ သေဆုံး၍ နတ်သားဘဝသို့ ရောက်ခဲ့ရပါသည်။ နတ်သားဘဝတွင် ရွှေဗိမာန်နှင့်တကွ နတ်စည်းစိမ်များ ခံစားရပြီး သေဆုံးခဲ့ပါသည်။ နတ်သားဘဝမှသေ၍ အမျိုးသားဘဝသို့ ရောက်ခဲ့ရပါသည်။

အမျိုးသားဘဝတွင် လယ်ယာထွန်ယက် လုပ်ကိုင်စားသောက်ခဲ့ရပြီး ပင်ပန်းဆင်းရဲခဲ့ရပါသည်။ လယ်ထွန်ရင်း လယ်ကန်သင်းဘေးမှ ဖြတ်သွားသော အမျိုးသမီးများကို ကြည့်ပြီး သူတို့လို မပင်မပန်းဘဲ လှလှပပလေးနေရရင် ကောင်းမှာဘဲဟု စိတ်အတွေး ဝင်ပြီးနောက် သေဆုံးခဲ့ရပါသည်။ ထိုအမျိုးသားဘဝမှသေ၍ ယခုဘဝ အမျိုးသမီး (မနုထွေး) ဘဝသို့ရောက်လာရပါသည်။ တပည့်တော်မ၏ တရားရှုကွက်တွင် သေခါနီးဇောများက ဆက်ကာဆက်ကာ ကျေးဇူးပြုနေကြသည်ကိုလည်း သတိပြု တွေ့ရှိရပါသည်ဘုရား။

အဒ္ဓါန ပရိဂ္ဂဟကို ပွားရာတွင် ခန္ဓာကိုယ်အတွင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နှလုံးကို ရှုလိုက် သောအခါ နှလုံးသွေးများ လည်နေသည်ကို တွေ့ရပါသည်။ ဉာဏ်စဥများကို ပွားသောအခါတွင် ခန္ဓာကိုယ် အတွင်းပိုင်း ကလီစာများကိုလည်းကောင်း၊ ခန္ဓာကိုယ်ကြီး ဖောက်ပြန်ပျက်စီးနေသည်ကို လည်းကောင်း ကြည်လင်ပြတ် သားစွာတွေ့မြင်ရပါသည်။ အသားအရေများ ပြတ်ကျသွား သည်ကို လည်းကောင်း၊ ကလီစာများ ပြတ်ကျသွားသည်ကို လည်းကောင်း၊ အရေပြားများ တွန့်လိမ်နေသည်ကို လည်း ကောင်း၊ ခန္ဓာကိုယ်ကြီးမှာ အရိုးစုကြီး ဖြစ်သွားပြီး ပျက်ကျ လိုက် ပြန်ဆက်လိုက်နှင့် နောက်ဆုံး အမှုန်မှုန် အမွှားမွှား ဖြစ်သွားသည်ကို လည်းကောင်း တွေ့မြင်ရပါသည်။ သံဝေဂ တရားများ ရမိပါသည်။

ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော်ဘုရား၏ သွန်သင်ပြသမှုကြောင့် သမထပိုင်းတွင် အနီးအဝေး ဘုရား များဖူးရပြီး ဝိပဿနာပိုင်း တွင်လည်း ခန္ဓာကိုယ်၏ အဖြစ် အပျက်များကို ရှင်းရှင်း လင်းလင်း မြင်တွေ့ခဲ့ရသဖြင့် ကျေးဇူး တင်၍ မဆုံး ဝမ်းသာ၍မဆုံး ဖြစ်ခဲ့ရပါသည်ဘုရား။

စခန်းဝင် အမှတ်စဉ် ၆၉/၅<br>
မနုထွေး(ခ)မယဉ်ထွေး<br>
အသက်(၂၄)နှစ်<br>
ရွှေသီးအုပ်စု၊ ရွှေသီးကျေးရွာ<br>
ဝမ်းတွင်းမြို့နယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

" များများပွား များများမှတ် "

" ပွားများ " ဆိုတဲ့အတိုင်း

ယောဂီတို့ အာနာပါန သမထကို များများပွား များများဝါရတွေ့ မှတ်လေ နိမိတ်တွေ ကောင်းလေဘဲ နိမိတ်တွေ ကောင်းတော့ –

"များ" ဆိုတဲ့အတိုင်း ကိုယ်ဖူးချင်တဲ့ ကိုယ်ဖူးလိုတဲ့ အိန္ဒိယ – သီဟိုဠ် – တာဝတိံသာ – ဖြတ္တာပြည်က ဘုရားစေတီတော်တွေအားလုံး များများဖူး ရတာပေါ့။

ဒီလိုဖူးရတာလဲ ကိုယ်ကိုတိုင် အားထုတ်လို့ ပွားများလို့

ကိုယ့်လုပ်ခ, ကိုယ်ရတာ၊
ကိုယ့်နေ့တွက်, ကိုယ်ရတာ၊
ကိုယ့်ဝေစု, ကိုယ်ရတာ၊
ဘယ်သူမှ ကူလုပ်ပေးလို့ ရတာမဟုတ်ဘူး။
ကြိုးစားကြ . . . ။

မောင်းထောင်မြင်းတောရ ဆရာတော်ဘုရားကြီး

## ဝိပဿနာချက်သုံး နှင့် ခေါ်ပိုလ်လေ့သား



ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော်အရှင်ကေလာသ စီစဉ်သည့် "စေလိုရာစေ အလင်းတွေ" ဆိုသည့် ဓမ္မဒါန စာအုပ်ငယ်လေးတစ်ခု လက်ဆောင်ပေးသဖြင့် လေ့လာဖတ်ရှုကြည့်မိသောအခါ တရားဓမ္မ၏ မယုံကြည်နိုင်လောက်သော ထူးခြားဆန်းပြားပုံ တွေကို တွေ့ရသဖြင့် သဒ္ဓါတရားများ တဖွားဖွား ဖြစ်ပေါ်လာ ကာ တရားစခန်းသို့ ရောက်ရှိခဲ့ပါသည်။

အရဟံ ဂုဏ်တော် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း (၃)ရက်
မေတ္တာဘာဝနာ ကမ္မဋ္ဌာန်း (၁)ရက်
မရဏာနုဿတိ ကမ္မဋ္ဌာန်း (၁)ရက် ကို

ကျင့်ကြံ ပွားများစေခဲ့ပါသည်။

၆-ရက်မြောက်သောနေ့တွင် ဆရာတော်မှ သတိမြဲရာ ပထမ သင်ခန်းစာအဖြစ် ဝင်လေ ထွက်လေကို ဂဏနာနည်းဖြင့် စနစ်တစ်ကျ ရှုမှတ်ပွားများ စေခဲ့ပါသည်။ ရက်သတ္တတစ်ပတ် အကြာတွင် အလင်းနိမိတ်လေးတွေ ရရှိလာပါသည်။ စတင်တွေ့ရှိသော ထိုအလင်းနိမိတ်လေးများသည် ပရိကမ္မနိမိတ်ဟု သိရှိခဲ့ရ မှတ်သားခဲ့ရပါသည်။

နိမိတ်ရပြီး သုံးရက်မြောက်သောနေ့တွင် မိမိကမ္မဋ္ဌာန်းကျောင်းခန်းအတွင်းမှ နိမိတ်ကို တစ်တောင်ခန့်မှသည်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နှစ်တောင်ခန့် ပို့လွှတ်လေ့ကျင့်စေခဲ့ပြီး အေးငြိမ်းရိပ်သာ ပတ်ဝန်းကျင်ရှိ ဘုရားအချို့တို့ကို စတင်ဖူးစေခဲ့ရာ လူကိုယ်တိုင် သွားစရာမလိုဘဲ အလင်းနိမိတ် အစွမ်းဖြင့် ဖူးတွေ့စေခဲ့ပါသည်။

သမာဓိအားကောင်းသည်ထက် ကောင်းလာချိန်တွင် ဥဂ္ဂဟနိမိတ်များ ဖြစ်ပေါ်လာခဲ့ပြီး မြန်မာပြည် အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများဆီသို့ ဖူးစေခဲ့ရာ သဒ္ဓါကြည်နူး ရွှင်မြူးစွာ ဖူးတွေ့ခဲ့ရသည်မှာ ကျွန်တော်ကိုယ်တိုင် စာဖွဲ့မပြနိုင်လောက်အောင်ပင် ဖြစ်မိပါသည်။ တကယ်ကျင့်ကြံ၍ သမထအစွမ်းတွေနှင့် ထိတွေ့ခဲ့ရသော ကျွန်တော်သည် ယခုမှ လူဖြစ်ရကျိုးနပ်ပေစွဟု ယူဆမိခဲ့ပါသည်။ လွယ်ကူသောအကျင့် လျင်မြန်သော အသိဉာဏ်ကို ရန်ကင်းအေးငြိမ်းရိပ်သာသို့ ရောက်ရှိမှ ခံယူရရှိလာခဲ့ရပါသည်။

မြန်မာပြည် အရပ်ရပ်တွင်သာမက တိုင်းခြား ပြည် ရွာများဆီသို့လည်း ဗီဇာမလိုဘဲ သွားရောက် ဖူးတွေ့ရပါသေးသည်။ မဇ္ဈိမဒေသ အိန္ဒိယရှိ ဗွာ:, ပွင့်, ဟော, စံ သံဝေဇနီယလေးဌာနသို့လည်း စိတ်ညွတ်ကာ အလင်းနိမိတ်ဖြင့် ဖူးတွေ့ရပါသည်။ အလင်းနိမိတ် ဆိုသည်မှာလည်း စေလိုရာဝေလွှတ်၍ ရနိုင်ခြင်း၊ မမြင်ရသေးသော အရာကို ထိုအလင်းနိမိတ်က ညွှန်ပြခြင်း မိမိဆန္ဒဟူသမျှကို စိတ်ညွှတ်ရုံနှင့် မြင်နိုင်ရောက်နိုင်စွမ်း သတ္တိရှိသော သမာဓိအစွမ်း သဘောပင်ဖြစ်ပါသည်။

ကျွန်တော်ဖူးတွေ့ခဲ့ရသော တာဝတိံသာနတ်ပြည်မှ စူဠာမဏိ စေတီတော်ကြီးကို လူသားမျက်စိ ပကတိအမြင်နှင့် ကြည်နူးမဝ ဖူးတွေ့ လိုက်သည့် ကျွန်တော့ရင်တွင် အေးမြခြင်း ပီတိကို လှိုက်လှဲစွာ ခံစားမိ ပါသည်။ တာဝတိံသာရှိ ပင်လယ် ကသစ်ပင်ကြီးကိုလည်းကောင်း၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ကြီးနှင့် ဆယ့်လေး ငါးနှစ်အရွယ်ရှိ နတ်သား, နတ်သမီး တွေကိုလည်းကောင်း တဖိတ်ဖိတ် ရွှေရောင်တောက်လျက် ရှိ သော တရားသဘင် ဆင်ယင်ကျင်းပရာ သုဓမ္မာဇရပ်ကြီး ကိုလည်းကောင်း သိကြားမင်း၏ ဘုံခုနှစ်ဆင့်ရှိသော ဝေဇယန္တာ နန်းပြသာဒ်ကြီးကိုလည်းကောင်း ကြီးကျယ် ခမ်းနားစွာ တွေ့ရှိ ရပါသည်။

အကနိဋ္ဌ ဗြဟ္မာ့ပြည်ရှိ ဒုဿစေတီတော်ကို ဖူးတွေ့ ခဲ့ ရာတွင် လည်း မြတ်စွာဘုရားသခင်၏ အလောင်းတော်ဘဝမှ အသုံးအဆောင် ပစ္စည်းများအား ကြည်ညိုဖွယ်ရာ ခင်းကျင်း ဌာပနာထားသည်ကို မြတ်နိုးစွာ ဖူးမြင်ခဲ့ရပါသည်။ စေတီကြီး၏ အတွင်းပိုင်းတွင် ကြေးမုံမှန်ကြီး သုံးချပ်ကိုလည်း တွေ့မြင်ခဲ့ ရပါသည်။ ကာလသုံးပါးကြည့် မှန်ချပ်ကြီးများ ဖြစ်ကြောင်း သိရသဖြင့် ကျွန်တော် အတိတ်ကြေးမုံမှန်ကို စိတ်ဝင်စားစွာ ဖြင့် ကြည့်လိုက်သော အခါ -

ရသေ့ တစ်ဘဝ၊ ဆေးဝိဇ္ဇာ တစ်ဘဝ၊ လူစွမ်းကောင်း သူခိုးကြီး တစ်ဘဝ၊ နတ်နဂါး တစ်ဘဝ၊ ရှမ်းစော်ဘွားကြီး၏ သား တစ်ဘဝ၊ ပုဂံခေတ် မင်းသား တစ်ဘဝ၊ သိုက်နန်းရှင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ဘဝ ၌ ၇- ဘဝကို တီဗွီမှာ ထိုင်ကြည့်ရ သကဲ့သို့ ပီပီပြင်ပြင် မြင်တွေ့လိုက်ရသောအခါ ကျွန်တော့ တစ်ကိုယ်လုံး ကြက်သီး တဖျန်းဖျန်းထကာ အံ့သြဘနန်း ဖြစ်ခဲ့ရပါသည်။ ဘဝဖြစ်စဉ်တွေထဲမှာ ဆေးဝိဇ္ဇာဘဝက နောင်တော် စရဏ ဝိဇ္ဇာ၏ အစွမ်းထက် ဆေးဝါးများကို ခိုးစားမိသော အဒိန္နာဒါနကံ အကြောင်းတရားကြောင့် သူခိုးကြီးတစ်ဘဝ လာဖြစ်ရပုံမှာ သံဝေဂဉာဏ်ရစရာ ဖြစ်ခဲ့မိပါသည်။ နောင်သံသရာ တွင်လည်း ခန္ဓာ့ဝန်ကို မထမ်းချင်တော့ လောက်အောင်လည်း စက်ဆုပ် ဖွယ်ဖြစ်လာ ခဲ့မိပါသည်။

တပည့်တော်သည် သမထနှင့် ဝိပဿနာကို နှစ်စုံတွဲ၍ ယုဂနဒ္ဓ နည်းစနစ်ဖြင့် ကျင့်ကြံအားထုတ်ခဲ့ရသော ရန်ကင်း အေးငြိမ်းရိပ်သာ ရက်(၆၀) တရားစခန်း အတွေ့အကြုံကို ဘယ်အရာနဲ့မှ တန်ဘိုးထား မလဲနိုင်ကြောင်းပါဘုရား။ မိမိ အသက်ထက်ပင် တရားတော်တွေကို တန်ဖိုး ထားမိကြောင်း ပါဘုရား။

ပါးထွက်နားထွက် ကျန်းမာရေးလေ့ကျင့်ခန်းတွင်လည်း မိမိရှိထားသော အလင်းနိမိတ်ဖြင့် ခန္ဓာကိုယ်ကြီး တစ်ခုလုံးကို ဆရာတော် သင်ပြပေးသည့်အတိုင်း စိတ်တိုင်းကျ ကျင့်ကြံ ပွားများ အားထုတ်ခဲ့ရာ အပေါ်ယံမျှသော အာဂန္တုက ရောဂါ လောက်မျှပင် မဆိုထားနှင့် ကြီးကြီးမားမား ဝေဒနာများပင် လျှင် လွင့်စဉ်ကင်းပျောက် ချမ်းသာခြင်း ရောက်ရ ကြောင်းကို လည်း လက်တွေ့ ခံစားသိမြင်ခဲ့ရပါသည်ဘုရား၊ သမားပေး သောဆေးထက် ဘုရားပေးသောဆေးက အစွမ်းထက်လှ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြောင်းပါ ဘုရား။

လှိုးစားဖြတ်စား အခန်းတွင်လည်း မိမိရရှိထားသော အလင်းနိမိတ်ဖြင့်ပင် ခန္ဓာကိုယ်တစ်ခုလုံးကို မွှေနှောက် ကြည့်ခဲ့ရာ ရောဂါဟူသမျှ မြူမျှ မကျန်အောင်ပင် သိသာ ထင်ရှားစွာ ပျောက်ကင်း သက်သာကြ ရပါသည် ဘုရား။

စတုတ္ထနည်း "ငြိမ်းစေမည်" ဆိုသည့် သင်ခန်းစာတွင် လည်း ကျွန်တော့် တစ်ကိုယ်လုံး အေးငြိမ်းပေါ့ပါးသော ပီတိသုခ များ တငြိမ့်ငြိမ့် တသိမ့်သိမ့်နှင့် ဓမ္မပီတိများ အပြည့် အဝ ရရှိခဲ့ကြောင်းပါဘုရား။

ဝိပဿနာပိုင်း ဉာဏ်စဉ်များ ရှုပွားရာတွင်လည်း အလွန်လျင်မြန်စွာ တရစပ် ဖြစ်ပျက်နေသော ရုပ်တရား၊ နာမ် တရားများကို လိုက်လံ ရှုမှတ်ခဲ့ရာတွင် ဇရာ၊ မရဏ သဘော တွေ ရှုမှတ်တွေ့မြင်ရပါသည်။ အနှစ်မရှိသော ဤခန္ဓာကိုယ် ကြီး၏ ဖောက်ပြန် ပျက်စီးမှုတွေကိုသာ ဆက်တိုက် တွေ့မြင် နေရပါသည်။

"အရိုးတွေက စဉ်ကာစီ
အကြော တုပ်လို့ချီ
အသားနီနီ အတွင်းမှာထား
ဖုံးအုပ် အရေပြား
ကာယဆိုတဲ့ ရုပ်ကိုဒေါင်
သုံးဆယ့်နှစ် မျိုးလှောင်
လှမယောင်ပင် မှတ်ထင်ကြ
အားလုံး အသုဘ။ " ဟု ဆိုသော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘမင်းခေါင်၏စကားကို ကျွန်တော်အမှတ်ရ ခံစားမိ ပါသည်။ ခန္ဓာကိုယ်ကြီး ဖုရောင်တာတွေ၊ အသားဆိုင်တွေ ပဲ့ကြွေကျတာတွေ၊ ဦးခေါင်းကြီး ပြတ်ကျသွားတာတွေ၊ အရိုးစုကြီး မြင်ရ တာတွေ၊ ခန္ဓာကိုယ်မှာ ရွရွမွမွ စစ်စစ်ကျင်ကျင်ဖြစ်တာတွေ စသည့် ဝေဒနာ အပေါင်း၏ ဖောက်ပြန် ပျက်စီးခြင်း သဘောတွေ ရင်ချိုင့်က တဒိတ်ဒိတ် ခုန်သံတွေ ခန္ဓာကိုယ်ကြီးသည် အိုင်းအမာကြီးနှင့် တူပုံတွေ၊ အကျိုးမဲ့သဘောတွေ၊ အို၊ နာ၊ သေ စခန်းသို့ နေ့စဉ် ခြေလှမ်းနေပုံတွေကို ရှုပွားမှတ်သား ခဲ့ရပါသည်ဘုရား။

ဆရာတော်ညွှန်ပြ သွန်သင်သည့် နည်းစနစ်များဖြင့် ဝိပဿ နာကို ရှုမှတ်ပွားများသူ ယောဂီတိုင်း မဂ်ဖိုလ်စခန်းသို့ လှမ်း၍ပင် မြင်နေရ သယောင် ခံစားမိပါသည်။ ကျွန်တော်နားလည်သလို တင်စားပြောဆိုရပါလျှင် ကျွန်တော်တို့ ယောဂီအားလုံးသည် မဂ်ဖိုလ်လှသားများဟုပင် ဆိုလိုက်ရလျှင် ကျွန်တော့် အဆိုအညွှန်းသည် ပိုအံ့မထင်ပါ။ သို့ပါ၍ ဤမည်သော **"ဝိဇ္ဇာမျက်လုံးနှင့် မဂ်ဖိုလ်လှသား"** ဟူသော ဓမ္မရသစာတမ်းငယ်ကို လက်ကမ်း မျှဝေလိုက်ပါသည်။

စခန်းဝင် အမှတ်စဉ် ၆၉/၃
**ဦးထွန်းကြည်(၆၃)နှစ်(M.P.P.E)ငြိမ်း**
ရန်ကင်းသာယာရပ်ကွက်၊ မြင်စိုင်းလမ်း အနောက်ထိပ်၊
ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်း။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**" အထက် ဘဝဂ် အောက်အဝီစိ ကြည့်နိုင် မြင်နိုင် "**

ယောဂီတို့ တကယ် သမာဓိတွေကောင်း နိမိတ်တွေကောင်းလာရင် အထက် ဘဝဂ်– အောက် အဝီစိ ထက်အောက် ဝဲယာ စကြာဝဠာ တံတိုင်း အထိ တိုးလျှိုပေါက် အလင်းနိမိတ်တွေနှင့် ကြည့်နိုင် မြင်နိုင်သွားမှာ–

ခန္ဓာကိုယ်တွင်း ရောဂါတွေကိုလည်း ဒီအလင်းနိမိတ်တွေနှင့်ခြေဖျက်နိုင်တယ်၊ ရက်ပိုင်း,လပိုင်းမျှနှင့် ဒီလို မြင်နိုင် ကြည့်နိုင်တော့ တရားမှန်ပြောင်း မေ့စက္ခုလို့ ဆိုတဲ့ နတ်မျက်စိ ရသူပမာ ရှေးက မရှိဖူးတဲ့ သဒ္ဓါတတ်တွေ ဖြစ်ပေါ်တိုးပွားလာမှာ သေချာတယ်၊

ကြိုးစားအားထုတ်ကြ။

မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## နိဗ္ဗာန်နန်းသို့ မျှော်ရည်မှန်းလျှက်



မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ ဥပနိဿယ နည်းဖြင့် ရန်ကင်းအေးငြိမ်းရိပ်သာ၌ သမထဝိပဿနာကျင့် စဉ်များ ပြသလျက် ရှိသော ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကေလာသ အရှင်မြတ်ဘုရား . . . ဘုရားတပည့်တော်၏ ရက်(၆၀) တရားစခန်း အတွေ့အကြုံများကို ပင်ကိုယ် အရှိအရှိအတိုင်း တွေ့သိသမျှ စာတမ်းပြု လျှောက်ထား အပ်ပါသည်ဘုရား။

**နေရာချင်းတော့ မတူပါလေ။** ။ ဘုရားတပည့်တော် သည် ၁၃၆၈-ခု ကဆုန်လဆန်း (၇)ရက် (၃. ၅. ၂၀၀၆)နေ့ စ၍ "အရဟံ" ဂုဏ်တော်ပွားများရပါသည်၊ ဝိပဿနာ ရှုပွား သည့် ရက်(၆၀) ကာလသည် တပည့်တော်နေခဲ့ ကျင်လည် ခဲ့ရသော အသိုင်းအဝိုင်းနှင့် အလွန်ကွာခြားလှပါသည် အထက်နှင့်အောက် အရှေ့နှင့်အနောက်လို ဆန့်ကျင်နေ သ သို့ ခံစားတွေ့ရှိရပါသည်။ ဤရိပ်သာတွင် မျက်စိဖွင့် နိုးသ မှစ၍ မျက်စိပိတ် အိပ်သည့်အချိန်ထိ ယောဂီတိုင်း တရာ အကြုံ၊ တရားအလုပ်တွေနှင့် ဣရိယာပုတ်လေးပါးလုံး ကိုယ် အားထုတ်နေသည်ကို တွေ့ရပါသည်ဘုရား။ အလော အဒေါ်သ အမောဟ ဖြစ်နေကြပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အလင်းနိမိတ်တွေ။ ။အာနာပါနကမ္မဋ္ဌာန်း(၆)ရက် လောက် ရှုမှတ်မိတော့ ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် ပဋိဘာဂ နိမိတ်တွေရလို့ နိမိတ်တွေကို အတိုအရှည် အပို့အယူတွေ ကျင့်ရတာလည်း စိတ်ဝင်စားစရာတစ်ရပ်ပါဘဲ။ အဲဒီအလင်း နိမိတ်တွေကို ဆရာတော်ခိုင်းတဲ့အတိုင်း အနီးနားက ဘုရား တွေ အဝေးက ဘုရားတွေ ပြည်တွင်းက ဘုရားတွေ ပြည်ပက ဘုရားတွေ တာဝတိံသာက ဘုရားတွေ ဗြဟ္မာ့ပြည်က ဘုရား တွေ ဘောဂဝတီ နဂါးပြည်ကဘုရား ဖူးခိုင်းတော့ သူတွေ့တာ သူလျှောက်၊ ကိုယ်တွေ့တာ ကိုယ်လျှောက်ပြီး ကြည်နူးဝမ်း မြောက်နေတာကို မြင်တွေ့နေရတော့ ပီတိသောမနဿ ဖြစ်ရပါတယ်ဘုရား။ အံ့မခန်းပါပဲ။

အမြင်မှန်။ ။အထူးလျှောက်ထားလိုသည်မှာ ရက်(၄၀)လောက်လုပ်ထားသော သမထ၏အကျိုးကျေးဇူး သည် ဝိပဿနာအကူးမှာ အလွန့်အလွန် လွယ်ကူစွာ အမြင် မှန်မှု သိနားလည်မှု ရှိရပါသည်ဘုရား။ ရူပပရိဂ္ဂဟပွားပုံ၊ နာမ ပရိဂ္ဂဟပွားပုံ၊ ပစ္စယပရိဂ္ဂဟပွားပုံ၊ အဒ္ဓါနပရိဂ္ဂဟပွားပုံ နည်းလမ်းပေးပြီး ပွားများသည့်အခါ မိမိ၏ခန္ဓာကိုယ်ထဲမှာ ဒေနာတွေ အဆက်မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်ခန္ဓာနှင့်သိတတ် ဘဲ့ နာမ်ခန္ဓာကလွဲလျှင် အခြားဘာမျှမရှိပုံကို သူပြော လူပြော စာပြော ပေပြော မဟုတ်ဘဲ မိမိကိုယ်တိုင် ရှင်းရှင်းလင်းလင်း သိမှုတွေ့ရှိမှု(disti-netly self-known and experie nced)ရရှိသည်ဟု ဆိုရလိမ့်မည် ထင်ပါသည်ဘုရား။ အခြား ဘာသာကြီးတွေပြောတဲ့ (အတ္တ လိပ်ပြာ ဝိညာဉ် soul )ဆို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒါတွေ တစ်ခုမျှလည်းမရှိမှန်း သိခဲ့ရလို့ သက္ကာယဒိဋ္ဌိ ဉစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိ အယူမှားတွေရှင်းသွားလို့ အမြင်မှန်ပြီး အမှန်မြင်လာရပါသည်ဘုရား။

အထူးသဖြင့် တပည့်တော်လျှောက်ထားလိုသည်မှာ ဝိပဿနာခန်း ဉာဏ်စဉ်များမပွားရမီ ရှေ့ပြေးပရိကံအဖြစ် ရူပပရိဂ္ဂဟ, နာမပရိဂ္ဂဟ, ပစ္စယပရိဂ္ဂဟ, အဒ္ဓါနပရိဂ္ဂဟ, ဟူသော ကျင့်နည်း ကျင့်စဉ်များထဲမှ ပစ္စယပရိဂ္ဂဟ ကျင့်စဉ်တွင် တပည့်တော် အပါအဝင်ယောဂီအပေါင်းတို့သည် အတိတ်အတိတ်သော ဘဝါဘဝများက ပြုလုပ်ဖန်တီးခဲ့ကြသော "အဝိဇ္ဇာ တဏှာ ဉပါဒါန် ကံ အာဟာရဟူသော အတိတ်အကြောင်းတရားငါးပါးပြုပြင်သည် ပြုပြင်သည်" ဟု သီလနှင့်သမာဓိ အခြေခံကို မှီ၍ ပွားများလိုက်သည့်အခါ မိမိတို့ ကိုယ်တိုင် ရှုပ်ခဲ့ ပြုခဲ့ ဖန်တီးခဲ့သော ဖျဉ်ရခက်အောင် ပွေလိမ် ရှုပ်နေသော ဘဝအဆက်အဆက်တို့ကို ဧကန်ဆတ်ဆတ် ကိုယ်တိုင် မြင်ကြတော့သဖြင့် ထိုသို့သော အရှုပ်တော အရှုပ်ဘဝကြီးကို မလိုချင် မရချင်တော့ဘဲ ထိုအရှုပ်တောကြီးကို တွင်ကျယ်စွာ ခုတ်ထွင် ရှင်းလင်းနိုင်သော လမ်းစတွေ့ရပါ ပကောလား . . . . . ဟု ဝမ်းသာမဆုံးဖြစ်ရခြင်းပါဘုရား။

ထိုသို့ဖြစ်ရာ တပည့်တော်နှင့်တကွ အားလုံးသော ယောဂီသူတော်စင် အပေါင်းတို့သည် ဤတရားစခန်းတွင် ယောဂီများ ကျင့်ကြံပွားများ အားထုတ်ရသည့် ဝိပဿနာခန်း၌ သမ္မသနဉာဏ်မှသည် အနုလောမဉာဏ်အထိ (၁၀)ပါးသော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်စဉ်တို့ကို ဆရာနည်းကျနစွာဖြင့် ကိုယ်တိုင် အားထုတ်ကြရ၍ "နိဗ္ဗာန်နန်းသို့ မျှော်ရည်မှန်းလျှက်" အမှန်ပင် တက်လှမ်းနိုင်ကြရမည့် လမ်းကောင်း လမ်းစများ လက်ဆုပ် လက်ကိုင် ရရှိကြရပါပြီဟု ဧဝကန် အမှန်ပင် လျှောက်ထားအပ်ပါသည် ဘုရား။

စခန်းဝင် အမှတ်စဉ် ၆၈/၁
ဦးသိန်းမြင့် (I. Sc. B-A. H. G. P)
အင်္ဂလိပ်စာနည်းပြ Ph;066-21961
၃/၁၄၅ အေးကျင်းရပ်/ မြင်းခြံမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

### " တန်ဖိုးသိ တန်ဖိုးရှိအောင် စနကြ "

ယောဂီတို့ ကိုယ့်ဘ၀ ကိုယ့်တန်ဖိုး သိရင် တန်ဖိုးရှိအောင် တရားဘာဝနာတွေ များများ အားထုတ်ကြ။

နောက်ဆို တရားဓမ္မတွေ လမ်းညွှန်ပြသမည့် ဆရာသမားတွေနှင့် တွေ့ဘို့ဆိုတာ မလွယ်ဘူး။

ဆရာသမားတွေက တပြည်းပြည်း နည်းကုန်ကြပြီ သိပ်နှမြောစရာ ကောင်းတာ။ ကိုယ့်ဘ၀ ကိုယ့်တန်ဖိုး မသိတဲ့ လူတွေကတော့ နှမြောရ ကောင်းမှန်း ဝမ်းနည်းရကောင်းမှန်း မသိကြဘူး။

တစ်ရက်ကုန် တစ်ရက်နှမြောစရာကောင်းလေပဲ။

တစ်လကုန် တစ်နှစ်ကုန်သွားတော့ ပိုနှမြောစရာ ကောင်းတာပေါ့။ တစ်ရက်နေရ တစ်ရက်တန်ဖိုးရှိအောင်နေကြ။

ခုမှတ်နေတဲ့ ထိ, သိ, လေးကိုလဲ မလွှတ်စေကြနှင့်။ ယောဂီတို့ တစ်ရက်, တစ်နာရီ တန်ဖိုးတွေ ကျေးဇူးတရားတွေ သိနေတော့- ဘ၀တန်ဖိုး ရှိအောင် နေသွားကြ။

မောင်းထောင် မြေဖင်းတောရ ဆရာတော်ဘုရားကြီး

## အနှိုင်းခွဲ ဘာသာ



မိမိသည် ကန္တိနည်း ဥပနိဿယ အတိုင်း တရားအားထုတ်ချင်တာ ကြာပါပြီ
တော် တော်နှင့် အားထုတ်ခွင့်မရခဲ့ပါ။

၁။ခွင့်သာခိုက်မှ မလိုက်ချင်လျှင်
အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား၊
၂။ခွင့်သာဆဲမှ မခဲချင်လျှင်
အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား၊
၃။ခွင့်သာတုန်းမှ မရုန်းချင်လျှင်
အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။

ဆိုသော လယ်တီဆရာတော်ဘုရားကြီး၏ တေးထပ်အတိုင်း မိမိသည် အခါအခွင့်သင့်တုန်း ကံအားလျော်စွာဖြင့် ရန်ကင်းအေးငြိမ်းရိပ်သာသို့ ၁၃၇၀-ပြည့်နှစ် နတ်တော်လပြည့်နေ့တွင် ဖွင့်လှစ်သော တရားစခန်းအမှတ်စဉ် ၇၀/၅ သို့ ဝင်ရောက် တရားအားထုတ်ဖြစ်ခဲ့ပါသည်။

အရဟံဂုဏ်တော် (၃)ရက်၊ မေတ္တာကမ္မဋ္ဌာန်း (၁)ရက်၊ အသုဘ မရဏာဿတိကမ္မဋ္ဌာန်း (၁)ရက် ပွားများရပြီး နောက် ထွက်လေဝင်လေကို ဂဏနာနည်း ဖုသနနည်းအတိုင်း ဝါရေဝါမှတ် ရေတွက်သည့်နည်းဖြင့် စတင်ပွားများရပါသည်။ သမထပိုင်း ဒုတိယနည်းတွင် ပြာသိုလ်လဆန်း (၆)ရက်နေ့မှ စတင်၍ ကျောင်းဝင်းထဲမှ ဘုရားများ၊ ပြည်တွင်း ပြည်ပမှ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘုရားများကို ဖူးမြော်စေခဲ့ပါသည်။

ဆံပင်အစ ရင်ဝအလယ် ချက်တိုင်အဆုံးနှင့် ပါးထွက် နားထွက်၊ လှီးစားဖြတ်စား ပြုလုပ်ရသော တတိယနည်းကို ပြာသိုလ်လဆုပ်(၄)ရက် နေ့တွင် ဆရာတော်မှ ပွားများစေခဲ့ပါသည်။ ပြာသိုလ်လပြည့်ကျော်(၇)ရက်နေ့ ငြိမ်းစေမည်ဟုဆိုသော စတုတ္ထနည်းတွင် မိမိ၏ခန္ဓာကိုယ်သည် အထက်သို့မြောက်နေသည့်အလား တွေ့ကြုံခံစားရပါသည်။

ပြာသိုလ်လပြည့်ကျော် (၈)ရက်နေ့၌ ဝိပဿနာခန်း စတင်ပေးရာ ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ၊ ပစ္စယပရိဂ္ဂဟ၊ အဒ္ဓါန ပရိဂ္ဂဟတို့ကို တရှိန်ထိုး အားထုတ်လာရသောအခါ မိမိခန္ဓာကိုယ်အတွင်းရှိ သွေးကြောများ လည်ပတ်နေပုံ၊ ဆံပင်ကို လေတိုးနေပုံ၊ ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းအားလုံးတို့သည် သူ့တာဝန်နှင့်သူ အလုပ်လုပ်နေကြပုံမျိုးစုံတို့ကို တွေ့ရှိရပြီး ပညတ်တရားတို့၏ သဘောသဘာဝများကို အထင်းသား တွေ့ရှိခဲ့ရပါသည်။ ပူမှု အေးမှု တောင့်တင်း မာကျောမှု တွန်းကန်လှုပ်ရှားမှုနှင့် ပရမတ်ရုပ် သုံးပါးလုံးနှင့် တပြိုင်နက် ဖြစ်ပေါ်နေကြောင်းကိုလည်းကောင်း ဓာတ်ကြီး လေးပါးတို့ကိုလည်းကောင်း ကွက်ကွက်ကွင်းကွင်း ရှင်းရှင်း လင်းလင်း သိသာလာရပါသည်။

ရှေးခေတ်က ပင်လယ်ပြင်တွင် သင်္ဘောဖြင့် ကုန်ကူးသွားရသည့် ကုန်သည်တွေ အချိန်နာရီသိရန် ကြက်ဖ နှင့် ကြက်မ ယူဆောင်သွားရပြီး ကမ်းခြေကို သိရန်လည်း ကျီးဖိုနှင့်

ကျီးမကိုယူဆောင်သွားရသည့် ပုံပြင်လေးတစ်ခု တွေ့ရဖူးပါ၏။ ၎င်းပုံပြင်တွင် ကြက်ဖနှင့်ကျီးမ သေသွား ပြီး ကျန်သည့် ကြက်မနှင့်ကျီးဖို အတူတူပေါင်းပြီး သားလေး တစ်ကောင် ပေါက်ခဲ့လို့ တွန်တတ်သည့်အရွယ်တွင် "အဂရီ-ဂရီ-အောက်"ဟု တွန်ခဲ့ရာ ကြက်သံလည်းမပီ ကျီးသံလည်းမရောက် ကြက်-ကျီး ကပြားဖြစ်နေသည်။ ထိုကဲ့သို့ပင် မိမိတို့၏ ဗုဒ္ဓဘာသာမှာလည်း မိရိုးဖလာ ဗုဒ္ဓဘာသာမျှသာ ဖြစ်နေသည်ကို တွေ့ရပါ သည်။ ဘာသာရေး အနှစ်သာရကို ဂဃဏန သိသူကနည်းပြီး သူများပါးစပ်ဖျားမှာ လမ်းဆုံးနေကြ တာပါ။ ဆရာကောင်း ဥပနိဿယကို မှီဝဲပြီး ကံ,ဉာဏ်,ဝီရိယအားနှင့် ကိုယ်တိုင် ထိထိရောက်ရောက် အားထုတ်မှ ပညတ် ပရမတ် သဘောကို သိလာမည်ဖြစ်ပါသည်။ သို့မှသာ သမ္မာဒိဋ္ဌိဗုဒ္ဓဘာသာဝင် ဖြစ်လာပါလိမ့်မည်။ ပီပြင်မှုရှိအောင် ကိုယ်တိုင် ကြိုးစား အားထုတ်ကြပါဟု တိုက်တွန်းချင် ပါသည်။

"ဥဒယဗ္ဗယ" ဉာဏ်တွင် ခန္ဓာကိုယ်ပေါ်၌ တရွရွပေါ်နေပုံ တလစပ်ဖြစ်ပြီး တလစပ်ပျက်သွားပုံ ထိုသို့ ဖြစ်မှုပျက်မှုတို့ကို မိမိ ဉာဏ်ဖြင့် လိုက်၍ မမှီနိုင်အောင် လျင်မြန်လွန်းလှကြောင်း တွေ့ရှိရ ပါသည်။

Information Technology ( IT ) ခေတ်ကြီးတွင် နည်းပညာများ မည်မျှပင် တိုးတက်စေကာမူ မြတ်ဗုဒ္ဓ၏ အဘိဓမ္မာ မြင်ကွင်းနှင့် နှိုင်းယှဉ်ကြည့်ပါက စာမဖွဲ့လောက်ပါ။ Computer ၏ အစိတ်အပိုင်း ဖြစ်သော Central processing

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

unit (CPU) နှင့် နှိုင်းယှဉ်ကြည့်လျှင် ပိုပြီးထင်ရှားပါလိမ့်မည်။

CPU ဆိုတာ ရုပ်ပိုင်းဆိုင်ရာ Hardware ပါ၊ Operating System (OS) ဆိုတာ နာမ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ Software ပါ။ CPU နှင့် OS ပေါင်းပြီး အလုပ်လုပ်ပါတယ်၊ CPU - က လူတွေရဲ့ ဦးနှောက်နှင့်တူပါသည်၊ CPU- မှာ အပိုင်း ကဏ္ဍနှစ်ခုရှိပါသည်၊

၁။ Internal speed - အတွင်းက အလုပ်လုပ်ပုံအမြန်နှုန်း၊
၂။ External speed- အပြင်က အလုပ်လုပ်ပုံ အမြန်နှုန်း တို့ဖြစ်ပါသည်။

၁။ Internal speed - အလုပ်လုပ်ပုံမှာ အကြောင်း (၄) ချက်ရှိပါသည် ၎င်းတို့မှာ -

(က) အချက်လက်ကို လက်ခံခြင်း၊
(ခ) ဘာအချက်လက်လဲ ဟု စောကြောခြင်း၊
(ဂ) တွက်ချက် အဖြေရှာခြင်း၊
(ဃ) အဖြေကို ထုတ်ခြင်း၊

ထိုသို့ အဖြေထုတ်ရာတွင်
(၁) မှသည် (၂) သို့မရောက်မီ တစ်ချက်ဆုံး
(၂) မှသည် (၃) သို့မရောက်မီ တစ်ချက်ဆုံး
(၃) မှသည် (၄) သို့မရောက်မီ တစ်ချက်ဆုံး
(၄) မှသည် (၅) သို့မရောက်မီ တစ်ချက်ဆုံး.

. . ၎င်းမှ ၅။အချက်သို့ ရောက်လျှင် ရောက်ခြင်း External speed-ရောက်ပြီး ဖြစ်ပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထို ဉပမာအတိုင်း လူသားတွင်လဲ
၁။ မြင်ကတည်းက အသိစိတ်ကို ထည့်၊
၂။ ဘယ်သူပါလိမ့် စောကြော၊
၃။ မည်သူဖြစ်ကြောင်း စဉ်းစား တွက်ချက်၊
၄။ အော် မောင်ဘယ်သူပါပဲ ဟု ပြောဆို အသံထွက်
ပြီးပြီးခြင်း External speed ဖြစ်သွားပါသည်။

ထို့ထက်လွန်၍ အထက်ဉပမာပြပါ နည်းပညာများ မပေါ်မီကပင် မြတ်ဗုဒ္ဓသည် လက်ဖျောက်တစ်ချက်တီး အချိန် လေးတွင် ရုပ်ပေါင်း ကုဋေ ငါးထောင်ကျော် ဖြစ်,ပျက် သွား ကြောင်းနှင့် စိတ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်,ပျက် သွားကြောင်း အဘိဓမ္မာဒေသနာတော်၌ အခိုင် အမာ ဟော ကြားတော်မူခဲ့ပါသည်၊ ထိုသို့ ဖြစ်ရာ ရုပ်နာမ်တို့၏ ဖြစ်,တည်, ပျက် လျက်နေသော ဖြစ်စဉ်သည် နဒီသောတော ဝိယ- မြစ်ရေ ယဉ် ကဲ့သို့ တစ်ဆက်တည်းလို့ ထင်ရလောက်အောင် အလွန်ပင် လျင်မြန် လှပါပေသည်။

" တကယ်လို့သာ ခေတ်သစ် သိပ္ပံနည်းကျ လိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်တဲ့ ဘာသာတရားတစ်ခုရှိတယ်ဆိုရင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာပဲဖြစ်လိမ့်မယ် " လို့ သိပ္ပံပညာရှင် အိုင်းစတိုင်းက မိန့်ခွန်းကို အခိုင် အမာ ပြောကြား ခဲ့ပါသည်။

လောကဉပမာအားဖြင့် အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တို့ထက် သာလွန်ပြီး နှိုင်းဆ၍ မရနိုင်သော မြတ်ဗုဒ္ဓ၏ သာသနာ တော်တွင် အလွန်ပင် နက်နဲဆန်းကြယ်လှသည့် အဘိဓမ္မာ တရားတော်တို့ကို စခန်းဝင်ယောဂီ အပေါင်းတို့သည် ဆရာ နည်းကျ ဌာန်ကျကျဖြင့် ကျင့်ကြံ ပွားများ အားထုတ် ကြရပေရာ ရုပ်ဓမ္မ နာမ်ဓမ္မတို့၏ ဖြစ်,တည်,ပျက် နေသော ဖြစ်စဉ်တို့ကို ရှင်းလင်း ဂန စွာ သိကြရသဖြင့် ရှုထောင့်ပေါင်းစုံ ဘက်ပေါင်း စုံမှ ဝေဖန် ပိုင်းခြား အကဲဖြတ် မှတ်ကျောက်တင်ခြင်းကို ခံနိုင် ရည် ရှိကြရတော့ သည်ဖြစ်ရာ ဥုးဇင်းတို့အနေဖြင့် " အနှိုင်းမဲ့ ဘာသာ" ဝင်များ ဖြစ်ကြရသည့်ဘဝတွင် တရားတော်၏ အရ သာကို မိမိ၏ ပါရမီရှိသလောက် ရရှိခံစားရပြီး ဖြစ်ပါသည်။

ထိုသို့ တရားတော်၏ အရသာကို ခံစားရခြင်းမှာလည်း အလွန်ကျေးဇူးကြီးမားသော မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီးမှ ဤကမ္မဋ္ဌာန်းနည်းကို ထိမ်းသိမ်း ခဲ့ခြင်းကြောင့်လည်းကောင်း၊ လက်ရှိ ကမ္မဋ္ဌာန်းဆရာတော် အရှင်ကေလာသမှ အမွေဆက်ခံယူကာ ပြသပေးခဲ့ခြင်း ကြောင့်လည်းကောင်း ရရှိခံစားရခြင်းဖြစ်ပါသည်။ စခန်းတွင် အားလုံးတာဝန်ယူပေးကြသော ဂေါပကအဖွဲ့အားလုံးတို့ကို လည်းကောင်း ပြုစုစောင့်ရှောက်ပေးကြသော ဝေယျာဝစ္စ အဖွဲ့တို့ကိုလည်းကောင်း အတိုင်မသိ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လျှက် . . . .

ရန်ကင်းအေးငြိမ်းရိပ်သာကြီး အနာဂတ်သာသနာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွင် ယခုထက်မက ထွန်းလင်းတောက်ပ တည်တံ့
စေရန် ဆုမွန် ပတ္ထနာဖြင့် . . . .

စခန်းဝင် အမှတ်စဉ် ၇၀/၅
ဦးဝိစိတ္တ (အောင်လံ)
ဓမ္မာစရိယတန်း
မဟာဂန္ဓာရုံကျောင်းတိုက်
ဒေါ်လေးကျောင်းဆောင်
အမရပူရမြို့ ၊ မန္တလေးတိုင်း။
Ph- 02 - 70052

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## " တက်ကပ်မဟုတ် ဆုပ်ကပ် "

မြတ်စွာဘုရားရှင် ထားတော်မူခဲ့တဲ့ သာသနာတော်ကြီးက ဆုပ်ကပ်လို့ ဟောတော်မူထားခဲ့တဲ့ အတိုင်း

ဘုရားဟောနှင့်အညီ တစ်နေ့နှင့် တစ်နေ့၊ တစ်ရက်နှင့် တစ်ရက်၊ တစ်လနှင့် တစ်လ၊ တစ်နှစ်နှင့် တစ်နှစ် မတူတော့ဘူး ဆုပ်နေတာ ဘုရားရှင်ကလဲ တက်ကပ်လို့ မဟောခဲ့ဘူး။

ဆုပ်ကပ်လို့ ဟောထားခဲ့တာကိုပဲ ကြည့်ပါလား။ မြို့မှာရော တောမှာရော ရှိကြတဲ့ ဘုန်းကြီးတွေဘက် ကြည့်ကြည့် လူတွေဘက် ကြည့်ကြည့် ဘုရား ကြည်ညိုမှု တရား ကြည်ညိုမှု သံဃာ ကြည်ညိုမှုတွေ တဖြည်းဖြည်း နည်းလာကြတော့ တာ-

ရှိသေလေးစားမှု ဂါရဝတရားတွေလဲ မရှိကြဘူး။
ရိုင်းကြတယ်။
ကြာလေ သာသနာတော်ကြီးက ဆုပ်လေ၊
ကြောက်စရာ ကောင်းလေပဲ။
ဒါကြောင့် ယောဂီတို့ ဘယ်သူပျက်ပျက် မပျက်ကြနှင့်။
ရတနာသုံးပါးကို ရိုသေကြ၊ လေးစားကြ၊ မမေ့ကြနှင့်။

မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဥာနေ မွန် သို့



မိမိသည် (၁၈. ၆. ၂၀၀၈) နေ့တွင် ရန်ကင်းအေးငြိမ်းရိပ်သာသို့ ဝင်ရောက်ခဲ့ပါသည် ၎င်းနေ့မှာပင် ကိုယ်စိတ်နှလုံး အေးမြခြင်း ငြိမ်ချမ်းခြင်း တိတ်ဆိတ် ငြိမ်သက်ခြင်းတို့ဖြင့် "နေချင့်သဖွယ် ဥာနေမွန်အဖြစ်" သတိမူမိခဲ့သည်၊ ရိပ်သာတွင် ကာယကံ ဝစီကံ မနောကံတို့ဖြင့် ကိုယ်, နှုတ်, စိတ်သုံးပါးစုံသော မေတ္တာရနံ့ သင်းသင်းကို နေ့စဉ် လှိုင်လှိုင် မွှေးကြိုင်ရပါ၏။

အို စာရှုသူ သင်သည် မေတ္တာရနံ့တို့ဖြင့် ကြိုင်လှိုင်မွှေးပျံ့သော ဥာနေမွန် တစ်ခုကို ရှာဖွေနေသည်ဖြစ်ပါအံ့ ရန်ကင်းအေးငြိမ်း အမည်ရသော ဥာနေမွန်သို့ ကိုယ်တိုင် အရောက်လေ့လာကြည့်စမ်းပါဟု ပဏာမ အဦးအစ အနေနဲ့ ညွှန်ပြပါရစေ၊ ဥာနေမွန်၏ ပဓာနဆရာသခင်မှာ အရှင်ကေလာသဖြစ်ပါ၏၊ ဆရာသခင်သည်-

ရှိသေချစ်ထိုက်　　ချီးမွမ်းထိုက်နှင့်<br>
လွဲမိုက်ဆုံးမ　　မေးသမျှခံ<br>
ခမ်ွ နက်နဲ　　ဟောနိုင်မြဲ၍<br>
ပြည့်လျှမ်းညီညာ　　ဤဆရာ ဖွေရှာ တပည့်ခံ -

ဟူသော မယဒေဝလင်္ကာ နှင့်အညီ ဆရာအင်္ဂါ ပြည့်ဝစွာနှင့် ဖြဟွာစိုရ် တရား အစဉ်ထားကာ သူတော်စင် အားလုံးတို့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတွက် "ဓမ္မရေအေး အမြိုက်ဆေး" ကို အချိန်ပြည့် သောက်သုံး နိုင်စေရန် အလေးထား၍ ကြောင့်ကြစိုက်ကာ ညွှန်ကြားတိုက်ကျွေး ဆိုဆုံးမပါ၏။

ဆရာသခင်သည် မိမိတို့အား စတုရာရက္ခ ကမ္မဋ္ဌာန်းကို (၅)ရက်တိုင်တိုင် ရှုပွားစေသည်။ ပြီးမှ အာနာပါန သမထ ကမ္မဋ္ဌာန်းကို " ဂဏနာနည်း" ဖြင့် ရှုမှတ်စေပါ၏။

စတုရာရက္ခကမ္မဋ္ဌာန်းကို ရှုပွားပြီးသောအခါ သဒ္ဓါတရားသည်လည်း တိုးတက်ပွားများလာပါ၏။ ထိုသဒ္ဓါတရားကို အခြေခံ၍ အာနာပါန သမထ ကမ္မဋ္ဌာန်းကို ဣရိယာပုတ်လေးပါးလုံး ပွားများရသောအခါ ပထမ၌ စိတ်သည် လွန်မင်းစွာ ထိန်းရ ခက်ခဲလှပါ၏။ ကြိုးစား၍ ဝါရေဝါမှတ်ကို သန့်ရှင်းအောင် အလေးပေးလိုသော သမ္မာဆန္ဒတို့ကြောင့် ရက်ပိုင်းအတွင်း၌ပင် အေးဆေးတည်ငြိမ်စွာ ရှုမှတ်၍ ရလာခဲ့ပါသည်။ အာနာပါန သမထ ကမ္မဋ္ဌာန်းတွင် နိမိတ်ကို အဝေးအနီး ပို့ရခြင်း ကြီးစေ သေးစေခြင်း ပြည်တွင်း ပြည်ပ ဘုရားများကို ဖူးမြော် ကြည်ညိုရခြင်း နတ်ပြည် ဗြဟ္မာ့ပြည်သို့တိုင် ဘုရားဖူး၍ အတိတ်ဘဝ ခန္ဓာတို့ကို ပြန်လည် မြင်တွေ့ရခြင်းတို့ကြောင့် အံ့သြဖွယ်လည်းဖြစ် ထိပ်လန့်ခြင်း သံဝေဂဉာဏ်ကိုလည်း ဖြစ်စေခဲ့ပါသည်။

နိမိတ်ဖြင့် ပါးဖောက် နားဖောက်ပြုလုပ်၍ ခန္ဓာကိုယ်တွင်း၌ မွှေလိုက်သောအခါ မိမိ၌ ဖြစ်ခဲ့ရှိခဲ့သော အစာအိမ်ရောဂါမှာလည်း တစ်နေ့ထက် တစ်နေ့ သက်သာပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားစခန်း ပြီးဆုံးသည်အထိ အားထုတ် နိုင်ခဲ့ပါသည်။

အို . . . စာရှုသူ အသင့်၌ ရောဂါဝေဒနာတို့ စွဲကပ်၍ ဆင်းရဲခြင်းသို့ ရောက်နေပြားအံ့၊ ဌာနေမှန်ဖြစ်သော ရန်ကင်း အေးငြိမ်းရိပ်သာသို့ အမြန်ဆုံးသာ ကြွလိုက်ပါဟု ထပ်မံညွှန် ပြအပ်ပါသည်။

မိမိသည် ရဟန်းဖြစ်စအချိန်၌ သုတ္တန်တရားတော် တစ်ပုဒ်ကို ဓမ္မကထိက ဆရာတော်ကြီးတစ်ပါး ဟောကြားသ ဖြင့် ကြည်ညိုစွာ နာယူခဲ့ဖူးပါ၏။ ခုဒ္ဒကနိကာယ် ဓမ္မပဒ အဋ္ဌကထာ တဏှာဝဂ်၌လာသော သူကရပေါတိကာ ဝတ္ထု ပင်ဖြစ်ပါ၏။ သုမနာ ထေရီမလေး၏ (၁၃)ဘဝ ကြင်လည် ဖြတ်သန်းလာရသော သံသရာခရီးကို ထိတ်လန့် သံဝေဂ ဖြစ် သည့်အပြင် ပစ္ဆိမ ဘဝတွင်လည်း မဟာသတိပဋ္ဌာန် ဒေသနာ တော်ကို နာယူ ရှုမှတ်၍ အားထုတ်ခဲ့သဖြင့် အာသဝေါ ကင်းကွာ ရဟန္တာထေရီမတစ်ပါး ဖြစ်သွားကြောင်း နာယူခဲ့ရ ပါသည်။ ထို့ကြောင့် ဘဝသံသရာအတွက် အရေးပါလှသော မဟာသတိပဋ္ဌာန် ဒေသနာတော်မြတ်ကို မိမိသည် ကျက်မှတ် ရွတ်ဖတ်၍ သရဇ္ဈာယ်ခဲ့ပါ၏။ သတိပဋ္ဌာန်ဒေသ နာဝယ် အာနာပါန ရှုမှတ်ပုံ အပိုင်းတစ်ပိုင်း ပါရှိသည်ကို ယခင်က စာသိဖြင့်သာ ကျေနပ်ခဲ့ရပါ၏ နှစ်သိမ့်ခဲ့ရပါ၏။

ယခုအခါတွင်ကား ရန်ကင်းအေးငြိမ်းဟူသော ဌာနေ မှန်မှ ဆရာသခင် အရှင်သူမြတ်တို့၏ ကျေးဇူးများကြောင့် အာနာပါန ရှုမှတ်နည်းစနစ်ကို ပီပြင်ကျန ပိုင်နိုင်စွာ ရှုမှတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တတ်ခဲ့ပါသည်။

အို . . . စာရှုသူ အသင်သည် "အာနာပါန ကမ္မဋ္ဌာန်း ရှုမှတ်နည်းကိုလည်းကောင်း" "ဝိပဿနာကမ္မဋ္ဌာန်း ရှုမှတ်နည်းကိုလည်းကောင်း" လက်တွေ့ကျကျ လေ့လာ သင်ယူလိုပါလျှင် ဌာနေမွန်ဖြစ်သော ရန်ကင်းအေးငြိမ်း ရိပ်သာသို့ အချိန်မဆိုင်းပဲ ဆောလျှင်စွာ အရောက်သွား သင့်ပါကြောင်း ညွှန်ပြ၍ အသိပေးအပ်ပါသည်။

စခန်းဝင် အမှတ်စဉ် ၇၀/၂
**ဘိက္ခု အရှင်နာဂသေန**
ပထမကြီးတန်း ၊ Ph; 064-69410
သမန်းကန်ကျောင်း၊ သာစည်မြို့နယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## "သံယောဇဉ်ဖြတ် တရားမှတ်"

' သံယောဇဉ် ' ဆိုတာ
လောကီ သံယောဇဉ် အနှောင်အဖွဲ့တွေက
မပြတ်နိုင်ရင် . . . မပြတ်ဘူး။
မပြတ်ရင် . . . တရားမကျင့်နိုင်ဘူး။
တရားမကျင့်နိုင်ရင် မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်တော့ဘူး။
" သံယောဇဉ် " ဆိုတဲ့ စကားက
" သံယော "ဆိုတဲ့ အတိုင်း ကိုယ်သန်တဲ့ ဘက်ယော ပါသွားတာ၊ အဲဒီလို ယောပါသွားတော့

ယော . . . နောက် ဇဉ်ဆိုတဲ့ အတိုင်း 'ဇဉ်တိုက်ဇက်တိုက်ကြီး' ပါသွားတော့ ပြတ်မရတော့ဘူး။ မကောင်းတဲ့ လောကီ သံယောဇဉ်တွေ ပြတ်မရတော့ – တစ်သံသရာလုံး ကြက်ဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ ငှက်ဖြစ် လိုက်နှင့် သွားရော၊ တွေးကြည့်လေ အင်မတန် ကြောက်စရာ ကောင်းလေပဲ၊ ယောဂီတို့ ဘုရား သာသနာနဲ့ တွေ့တုန်း လောကီ သံယောဇဉ် တွေ ဖြတ်တောက်ပြီး အချိန်ရှိတုန်း ကိုယ့်တရား ကိုယ်ပဲ ကြိုးစားအားထုတ်ကြ။

**ဓောင်းထောင်ဖြေဇင်းထောရ ဆရာတော်ဘုရားကြီး**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဘရေတော်စွ လူ့ဘဝ



တပည့်တော်သည် ပရိယတ္တိနယ်ပယ်မှာ ကျင်လည်ခဲ့သူဖြစ်ပါသည်၊ အသက်အရွယ်ကြီးရင့်သည်အထိ ပါဠိစာပေများကို ကြည့်ရှုခြင်း ပါဠိတော်စာမေးပွဲများ ဖြေဆိုခြင်းဖြင့် ပျော်မွေ့နေသူ ဖြစ်ပါသည်၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်ကြီးများမှ ပရိယတ္တိကို ရပ်နားပြီး ပဋိပတ္တိ အားထုတ်ရန် တိုက်တွန်းတော်မူကြပါသည်၊ "အာမ ဘန္တေ" သာ ခံခဲ့ရပါသည်မည်သည့် ရိပ်သာသို့ ဝင်ရမည်ကိုကား စဉ်းစားမရခဲ့ပါ။

၁၃၆၈-ခုနှစ်၊ နယုန်လထဲတွင် မန္တလေးမြို့ ထန်းတောကျောင်း တိုက်သို့ "ရှိန်းမကား တောရကြီးကျောင်း ဆရာတော် ဦးသူရိယ ကြွလာတော်မူစဉ် စပ်မိစပ်ရာ ပြောဆိုကြရင်း တပည့်တော် တရားအားထုတ်လိုကြောင်း မည်သည့်ရိပ်သာကို ဝင်ရမည်မသိပါ-ဟု လျှောက်ထားရာ ရိပ်သာဝင်မည်ဆိုလျှင် ရန်ကင်းအေးငြိမ်းရိပ်သာသို့ ကိုယ်တိုင် လိုက်ပို့ပေးမည်ဟု အမိန့်ရှိခဲ့ပါသည်၊ လူပြည် နတ်ပြည် ဗြဟ္မာ့ပြည်က ဘုရားများကိုပါ ဖူးလို့ရကြောင်း အမိန့်ရှိခဲ့သဖြင့် စိတ်ဝင်စားမိခဲ့၏၊ မဖြစ်မနေ တရားရိပ်သာသို့ ဝင်မည်ဟု စိတ်ကို ပိုင်းဖြတ်မိခဲ့ပါသည်။

သို့သော်- ထိုအချိန်က အင်္ဂုတ္တရနိကာယ် ပါဠိတော်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စာမေးပွဲက တပိုင်း တစ ဖြစ်နေ၍ စာမေးပွဲ ပြီးဆုံးအောင် ဖြေဆိုနေခဲ့ရသည်- နှစ်-နှစ်လုံးလုံး ရိပ်သာ မဝင်ဖြစ်ခဲ့ပါ။

၁၃၇၀-ခုနှစ်၊ ဝါဆိုလဆန်း(၁၁)ရက်နေ့ စာမေးပွဲပြီးလျှင် ပြီးခြင်း ပုသိမ်ကြီး ရန်ကင်းအေးငြိမ်းရိပ်သာ သွားပြီး စာရင်း သွင်းခဲ့ရပါသည်၊ ဝါခေါင်လပြည့်နေ့ မှစ၍ ရက်(၆၀) တရား စခန်းသို့ ဝင်ခဲ့ရပါသည်။

ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော်ပြသပေးတော်မူ သည့်အတိုင်း

၁။ ဗုဒ္ဓါနုဿတိ ဘာဝနာ (၃)ရက်
၂။ မေတ္တာ ဘာဝနာ (၁)ရက်
၃။ မရဏာနုဿတိ ဘာဝနာ(၁)ရက် စတင်ပွား ရ၏။

ပထမ(၁)လ သမထကျင့်စဉ် တရားများကို စတင်အား ထုတ်ခဲ့ရ၏။ တရားအလင်း နိမိတ်များ ရခဲ့ပါသည် ပထမမိမိ ကျောင်းဝန်း အတွင်းရှိ ဘုရားများကို တရားအလင်း နိမိတ်ဖြင့် ဖူးရသည်၊ ရန်ကင်းတောင်ပေါ်ရှိ ဘုရားများ မန္တလေး ဝန်း ကျင်ရှိ ဘုရားများ မြန်မာပြည်တွင်းရှိ တန်ခိုးကြီး ဘုရားများကို လူကိုယ်တိုင် သွားရောက် ဖူးမြင်ရသကဲ့သို့ ထင်ရှားစွာ ဖူးတွေ့ ရ၍ အံ့ဩမဆုံး ဖြစ်ရပါသည်။

အင်းလေး ဖောင်တော်ဦးဘုရားကို ပကတိ အတိုင်း မြင်ရ၍ ကျိုက်ထီးရိုး ဆံတော်ရှင်ကို ဖူးရန် မေတ္တာပို့ နိမိတ်ပို့လွှတ်သော အခါ နတ်သား တစ်ပါးသည် စောင့်ကြို၍

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေပါသည်။ ခန္ဓာကိုယ်ကြီးသည် ကျောက်တုံးကြီးထဲသို့ အလိုလို စိမ့်ဝင်သွားပြီး ရွှေကလာပ်နှင့် ပူဇော်ထားသော ဆံတော်ကို ဖူးရပါသည်။

အလောင်းတော် ကဿပ ဘုရားကို ဖူးမြှော်သောအခါ တောင် ပေါ်၌ ရုပ်ပွားတော်များ စေတီရင်ပြင် အပြည့် ဝိုင်းပတ်ပူဇော်ထားသည်ကို ဖူးမြင်ရ၏။ ပကတိ အစစ်ကို ဖူးမြင်လိုပါသည်ဟု မေတ္တာပို့ တောင်း ပန်သောအခါမှ ရဟန်းတော် တစ်ပါးက တံခါးဖွင့်ပြ၍ ပရိနိဗ္ဗာန် စံနေတော်မူသော ပကတိ အလောင်းတော်ကို ဖူးမြင် ရသဖြင့် ဝမ်းသာ ပီတိဖြစ်ရပါသည်။

မဇ္ဈိမဒေသ အိန္ဒိယမှ မဟာဗောဓိ စေတီတော်၊ ဓမ္မစကြာ တရားဦး ဟောရာဌာန၊ ကုသိနာရုံ ပရိနိဗ္ဗာန် စံတော်မူရာ ဌာနများကို ထင်ထင် ရှားရှား ဖူးတွေ့ရပါသည်။ ပရိနိဗ္ဗာန် ပြုတော်မူရာ ဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်တွင် မြောက်ဘက်သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် ပြုတော်မူရာ ညောင်စောင်း နံ့ဘေးတွင် ရဟန်းပရိသတ် လူပရိသတ် နတ်ပရိသတ်များ ဝိုင်းဝန်း ဖူးမြှော် နေသည်ကို တွေ့ရပါသည်။

သီရိလင်္ကာရှိ မဟာဗောဓိ စေတီတော်မှ ဥဏ္ဏာလုံ မွေးရှင်ဓာတ် တော်များ၊ ထူပါရုံ စေတီတော်မှ ညှပ်ရိုးတော်၊ ကန္ဒီ စွယ်တော်တိုက်မှ ဘုရားရှင်၏ စွယ်တော် အစစ်စသည်တို့ကို ဖူးတွေ့ရ၏။ ဒက္ခိဏသာခါ မဟာဗောဓိ ပင်မှာ တောင်ဘက်ကိုင်းက မြေပြင်သို့ ကိုင်းနေပြီး မြောက်ဘက်ကိုင်းက ပကတိ အတိုင်း ရှင်သန်နေသည်ကို ဖူးတွေ့ ရပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရှေ့တည့်တည့်မှ မြောက်ဘက်ကပ်လျက် တာဝတိံ သာ စူဠာမဏိ စေတီတော်ကို ဖူးရန် နိမိတ် မလွှတ်ခင် ကြို တင်၍ မေတ္တာပို့ထားသော်လည်း နတ်များ ဘုရားဖူး နေသဖြင့် စေတီတော် အပြင်မှ စောင့်နေ ရပြီး ခဏကြာမှ နတ်သား တစ်ပါးက ပတ္တမြား ကလပ်နှင့် ပြသဖြင့် ဆံတော်ကို ဖူးရပါ သည်။ စွယ်တော်ကို ထင်ထင် ရှားရှား မဖူးရ၍ ညပိုင်း မေတ္တာပို့ပြီး ဖူးသောအခါ စွယ်တော်ကို ထင်ရှားစွာ ဖူးတွေ့ ရပါသည်။

စေတီတော်ကြီးကို စိန်ဖူးတော်မှ စ၍ ဖိနပ်တော် အထိ ဖူးတွေ့ရပါ သည်။ စေတီတော်ကြီး၏ ရင်ပြင်နှင့် အတွင်း အပြင် ဥာပနာများ ရုပ်လုံး ရုပ်ကြွများ ပန်းကနုတ်များနှင့် ပုံဖော်ထားသည်ကို ဖူးတွေ့ရ၏၊ စောင်း တန်း(၄)သွယ် အတွင်း နတ်များ ဘုရားဖူးနေသည်ကိုလည်း တွေ့ရပါ သည်။

စေတီတော်ကြီး၏ မြောက်ဘက်ကပ်လျက် ပင်လယ် ကသစ်ပင်နှင့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်တွင် မယ်တော် ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သား အမှူးရှိသော နတ်ဗြဟ္မာ များ ခြံရံကာ ရောင်ခြည်တော်(၆)သွယ် ကွန့်မြူးလျက် ဘုရား ရှင်တော်သည် အဘိဓမ္မာ တရားဟောကြားတော် မူနေပုံကို သပ္ပါယ်စွာ ဖူးတွေ့ရပါသည်။

အရှေ့တည့်တည့်၏ တောင်ဘက် ကပ်လျက် ဗြဟ္မာ့ ပြည် သုဒ္ဓါဝါသ ၅-ဘုံ၏ အထက်ဆုံး ဖြစ်သော အကနိဋ္ဌဘုံရှိ ဒုဿစေတီတော်ကြီးကို တမူ ထူးခြားစွာ ဖူးတွေ့ရပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သပိတ်မှောက်၏ အထက်တွင် တစ်ဖြောင့်တည်း လုံးပတ် ညီညာစွာ တည်ထားသည်ကို ဖူးတွေ့ရပါသည်။

စိန်ဖူးတော် ငှက်မြတ်နားတော်မှ စ၍ အသေးစိတ် ဖူးတွေ့ရသည်။ စေတီတော်ကြီး၏ အရောင်မှာ နံ့သာဖြူရောင် ဝါကျင့်ကျင့် အဖြူရောင် စေတီတော်ဖြစ်၏။ ဖိနပ်တော်၏ အထက် ပစ္စယံတွင် အရံစေတီ ၄-ဆူရှိ၏။ ဖိနပ်တော်ပေါ်တွင် ပန်းအိုးကြီး(၄)လုံး ပူဇော်ထားသည်ကို ဖူးတွေ့ရ၏။

အတွင်းဌာပနာ ပစ္စည်းများမှာ အင်္ကျီလက်ရှည် အဖြူ၊ တောင် ရှည် ပုဆိုး၊ ခေါင်းပေါင်းဖြူ၊ လက်ကြပ်နှင့် စလွယ် ရွှေရောင်၊ ကျောက်စီ သံလျက်၊ ရွှေခြေနင်း၊ လက်စွပ်များကို ပတ္တမြား ကလာပ်ပေါ်တွင် ပူဇော်ထားသည်ကို ဖူးတွေ့ရပါ သည်။ ပဋိဘာဂနိမိတ်၏ အစွမ်းသတ္တိကား အံ့သြစရာဖြစ် ပါသည်။

စေတီတော်ကြီး၏ ဌာပနာ တိုက်ထဲတွင် အတိတ် အနာဂတ် ပစ္စုပ္ပန် ကြေးမုံ (မှန်ကြီး) သုံးချပ်ရှိ၏။ အတိတ် ကြေးမုံတွင် ကြည့်သောအခါ ဘဝသံသရာ တစ်လျှောက် ကိုယ်တိုင် ဖြတ်သန်းခဲ့ရသော ဘဝများကို တွေ့မြင်ခဲ့ရပါသည်

၁။ တောင်ကြား ရွာငယ်လေး တစ်ရွာတွင် ကျောင်းထိုင် ဘုန်းကြီး တစ်ဘဝ၊
၂။ တစ်ပေခန့်ရှိ ကင်းခြေများ တစ်ဘဝ၊
၃။ တောကြီး မြွေဟောက် တစ်ဘဝ၊
၄။ လှောင်အိမ် အလှောင် ခံထားရသော ကျေးသား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ဘဝ၊

၅။ ကျဉ်းမြောင်းလှသော ရေအိုင် အတွင်းမှာ ငါးကြီး တစ်ဘဝ၊

၆။ ငါး အသေး အမွှား ကလေးများ ဘဝကား မရေ မတွက်နိုင်အောင် များ၏ ။

၇။ ဝက် တစ်ဘဝ၊ ထို ဝက်ဘဝတွင် သတ်လို၍ ဆွဲသွားကြ၏။ မိမိအား သတ်တော့မည်ကိုသိ၍ မလိုက်ပဲ အော်ဟစ်နေသဖြင့် ရှေ့ကဆွဲ နောက်က ဓားနဲ့ ထိုးဆွပေ့၊ ဆွဲခေါ် မရသဖြင့် နံဘေးကို ဓားနဲ့ ထိုးဖောက် လိုက်သဖြင့် ဘုံးဘုံး လဲခဲ့ရ၏၊ ကျောင်းထဲမှ ကိုရင် ကလေးများက ထွက်ကြည့်ကြ၏။ တစ်ချို့ ကိုရင် တွေက ကြောက်လို့ပြေး၊ တချို့က ထိုင် ကြည့်နေကြ၏၊ ကိုရင် ကလေးတွေကို ကြည့်ရင်း အသက် ထွက်ခဲ့ရ၏။

၈။ လူ့ဘဝ ရောက်ခဲ့ရပြန်၏၊ တစ်ဘဝက နန်းတွင်းသူ နန်းတွင်းသားများကို ဆေးကုပေးရတဲ့ နန်းတွင်းသမားတော် တစ်ဘဝ၊

၉။ တစ်ဘဝက ဆင်းဆင်း ရဲရဲနဲ့ သီးနှံ စိုက်ပျိုး စားသောက် ရောင်းချရတဲ့ လူဆင်းရဲ ဘဝ။

၁၀။ တစ်ဘဝက ဘာသာရေးဆရာ သာမဏေ သီလရှင်များကို စာပေ သင်ကြား ပေးရသော ဘဝ၊

၁၁။ ကျောင်းကြီး တစ်ကျောင်းပေါ်တွင် မိမိက ပလ္လင်ပေါ်က စာလိုက် သံဃာတော်တွေကလဲ ကျောင်းနဲ့ အပြည့် စာချ ဘုန်းကြီးဘဝ ထိုထိုဘဝအဆက်ဆက်တို့ကို တီဗွီ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖလ်သား ပြင်ပေါ်တွင် မြင်ရ သကဲ့သို့ ကြည်လင်စွာ ပေါ်လာ၏၊ သမထနိမိတ်၏ အစွမ်းကား အံ့ဩဘွယ်ရာ တွေ့ရ၏။

ဘောဂဝတီ နဂါးပြည်မှ စွယ်တော်ကို ဖူးရန် ကြိုတင်ပြီး မေတ္တာပို့ပါသည်၊ ထိုအခါ လူယောင် ဖန်ဆင်း နဂါး ခေါင်းဆောင်းထားတဲ့ သူများက စောင့်ကြို နေကြပါသည်၊ မိမိက လှေပေါ် ထိုင်ပြီး လိုက်သွားရ၏။ တချို့ နေရာ ရေကို ဆန်ပြီး လှော်ရ၏၊ တချို့ နေရာ ရေစုန် လှော် နေရ၏၊ အောက်သို့ တဖြည်းဖြည်း နိမ့်ဝင်သွား၏၊ နဂါးတွေ ရေချိုး နေရာမှ လက်အုပ်ချီပြီး နေကြ၏၊ တချို့က ပကတိ ဧရာမ နဂါးကြီးတွေ ရေချိုး နေကြသည်၊ လှေပေါ်က ခုံချပြေးချင် လောက်အောင် ကြောက်လိုက်သည့်ဖြစ်ခြင်း၊ ခန္ဓသုတ် ရွတ်လိုက်မှ အားလုံး လူ့ အသွင် ဖြစ်ကုန်ကြ၏၊ ဘုရားကို ဖူးမြင်ရပါပြီ ရေလယ်မှာ ဖြစ်၍ အညာ သီဟတော ဘုရားနှင့် တူနေသည် ကမ်းစပ်မှာ နဂါးတွေက လက်အုပ် ချီပြီး ဘုရားရှေ့သို့ ခေါ် သွားကြသည်၊ စွယ်တော်ကို ဖူးရပါသည်။

ငရဲပြည်သို့ မေတ္တာ ပို့၍ နိမိတ် လွှတ်သော အခါ ယမမင်းကြီးက လက်အုပ်ချီ၍ ကြိုနေ၏၊ လူတွေ အများကြီး တန်းစီ စစ်ဆေး နေသည်ကို တွေ့ရ၏၊ တချို့ကို အဝီစိ ငရဲအိုးထဲသို့ ရိုက်နှက် သွင်းနေသည်ကို တွေ့ရသည်၊ အဝီစိငရဲကား အောက်က သံပြားမြေပြင် လေးဘက် လေးတန်မှာလည်း သံများ ကာရံ ထား၏၊ သံအုပ်ဆောင်းကြီး မိုးထားသည်၊ အခိုး တလူလူ ထွက်နေသည့် ငရဲသားများ အမျိုးမျိုး အဖုံဖုံ ခံစားနေ

ကြရ၏၊ တန်းစီ မှောက်ထားပြီး သံဒလိမ့်တုံးနှင့် အလှိမ့် ခံနေကြရသည်၊ အလွန်သွေး ပျက်စရာကောင်းသော အနိဋ္ဌာရုံ မြင်ကွင်းပါတည်း၊ ဒေဝဒတ်၊ အဇာတသတ်၊ စိဉ္စမာနတို့ကို လည်းတွေ့ ခဲ့ရ၏၊ မိမိနှင့် သိက္ခမ်း နေသော အရက်သွား အဘိုးကြီး ပါးစပ်ထဲ ငရဲမီးများ လောင်းထည့် ခံနေရ၏၊ တကိုယ်လုံး မီးတောက် လောင်ပြီး ပြာဖြစ်သွား၏။ အတိုင်းအရှည် မရှိ သောက်စားခဲ့တဲ့ အကုသိုလ်ကံ မကုန် မချင်း ခံပေဦးပေါ့။ ကံငါးပါး မလုံခြုံသူများ ခံစားနေကြရ သည်ကိုလည်း မြင်ခဲ့ရပါ သည်။

ဥတ္တရကုရု ကျွန်းသူတို့၏ ဝတ်စား ဆင်ယင်ပုံမှာ နန်းတွင်းသူ နန်းတွင်းသားများလို ဝတ်စား ဆင်ယင်ပုံ တွေ့ရ၏၊ လူတွေ၏ ပုံစံက တစ်ဦးနှင့် တစ်ဦး တူသယောင်ယောင်ရှိ၏၊ အားလုံး လူတွေက မျက်နှာ ဝိုင်းတွေ ချည်းဖြစ်၏၊ အိမ်များဆောက်ထားပုံ စနစ်ကျ၏၊ တစ်အိမ်နှင့် တစ်အိမ် ပုံစံတူ၏၊ သူတို့မှာ ပဒေသာပင် ရှိနေ၍ စားဝတ် နေရေး မပူ ပန်ရ သူတို့က မြောက်ကျွန်း လူဖြစ်ရတာ ကံနည်းပါးသည် ပြော၏၊ အသက်တမ်း (၁၀၀၀) ရှည် နေသော်လဲ ကိုးကွယ်စရာ ရတနာသုံးပါး မရှိဟု ပြောပါသည်။

ပါးထွက် နားထွက် လှီးစား ဖြတ်စား သခ်ိန်းစာတွင် ဝမ်းတွင်း ကလီစာများကို မြင်နေရ၏၊ ခန္ဓာကိုယ်ကြီး တစ်ခုလုံး ဖန်တုံး မှန်တုံး ကြီးအလား ထင်မှတ်ရ၏၊ တလက်လက် အရောင်အလင်း ထွက်ကာ မကြာမီ ပျောက်သွား၏၊ကျန်းမာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရေး မကောင်းသူများနှင့် အသင့်တော်ဆုံး သခ်န်းစာ ဖြစ်၏၊

တရားတော်၏ ဂုဏ်ကျေးဇူးကား အတိုင်းမရှိ ကျေးဇူးကြီးမား ပါပေ၏၊ သန္ဒိဋ္ဌိကော-မျက်မှောက် ကိုယ်တိုင် သိမြင်သော တရားတော်ပါပေတည်း၊ အကာလိကော-မသေခင် ခံစားရမည့် တရားတော်ပါပေတည်း၊ ဧဟိပဿိကော-လာကြည့် လုပ်ကြည့် မယုံမရှိနဲ့ စမ်းကြည့် လို့ စိန်ခေါ်ထိုက်သော တရားတော်ဖြစ်ပါပေ၏။

ဝိပဿနာ ရှုသူများ အဘို့ ဝိပဿနာ၏ ရှေ့ပြေး ပုဗ္ဗကိစ္စ လေးပါးကို ပြုလုပ်ရ၏၊ တရားတော်၏အလင်း နိမိတ်ဖြင့် ကြည့်တိုင်းမြင် ရှုတိုင်း ပျက် ပေါ်ရာ ပေါ်ရာကိုသာ ရှုမှတ်ရ၏၊ ရုပ်ခန္ဓာ ကိုယ်ကြီးကို ကြည့်ရှုရာ (၃၂)ပါးသော အစုအဝေးတွေ အကုန်မြင်ရ၏၊ ခန္ဓာကိုယ်မှ အရေပြားနှင့် အသားတွေ ကွာကျကုန်ပြီး အရိုးစုကြီးက တဖြည်းဖြည်း ပြိုကျသွား၏၊ အမှုံ့ အမွှားများ ဖြစ်ကာ ပျောက်ကွယ် သွားသည်ကို တွေ့ရ၏။

ပစ္စယပရိဂ္ဂဟဉာဏ်ကို ရောက်သောအခါ သံသရာခရီး တလျှောက်လုံး ကိုယ်တိုင် ကျင်လည်ခဲ့ရတဲ့ ဘဝတွေကို ပြန်လည် ကြည့်ရှုမိ၏၊ ဘဝခန္ဓာ အပေါ် သံဝေဂ ရမိသည်၊ ပုဂ္ဂိုလ် သတ္တဝါ မှန်သမျှ ကိုယ့်မသာကို ထမ်းပြီး ကိုယ့်လမ်းကိုယ် လျှောက်ကာ သေမည့်ရက်ကို စောင့် ဆိုင်း နေကြရ ပါတကား . . သင်းချိုင်းကုန်း မရောက်မချင်း ကိုယ့်မသာကို ထမ်းပြီး သွားနေကြရ ပါတကား . . လို့ သံဝေဂ ဖြစ်မိ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မိမိ အသက်(၇၀)နား နီးမှ ဒီတရားတွေ တွေ့ရတော့ ပြီးခဲ့တဲ့ အချိန်တွေ အလကား ဖြစ်ကုန်တာကို နှမြောမိ၏။ တော်ပါသေးသည် ပွဲပြီးကာ နီးမှ နေရာ ကောင်းလေး ရလိုက်တာကို ဝမ်းသာရတော့၏။

မေ-ငေါ့အား။ဝတ-စင်စစ်။လာဘာ-အရတော်လေစွတကား
မေ-ငေါ့အား။ဝတ-စင်စစ်။သုလဒ္ဓံ-ကောင်းစွာ ရအပ်ပြီတကား

ဤဝိပဿနာ ကျင့်စဉ်နည်းကို သင်ကြား ပြသပေးတော်မူသော ကျေးဇူးရှင် ရန်ကင်းအေးငြိမ်းရိပ်သာ ဆရာတော် ဦးကေလာသအားရင်း၊ လက်ထောက် ဆရာတော် ဦးခေမာစာရအားရင်း အကြိမ်ကြိမ် ရှိခိုး ကန်တော့ ပါ၏ဘုရား။

တရားစခန်း၌ အစစ အရာရာ စောင့်ရှောက်ပေးသော ကျောင်း ဒါယကာ ဦးသိန်းအောင်နှင့်တကွ ဆွမ်း ဝေယျာဝစ္စ ဆောင်ရွက်ပေးကြသော ဥပါသကာ ဥပါသိကာမ အားလုံးတို့အားရင်း အထူးကျေးဇူးတင် ရှိပါကြောင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

စခန်းဝင် အမှတ်စဉ် ၇၈/၃
ဦးတင်စိုး (တိုင်းရင်းဆေး)
ဓမ္မာစရိယ - ပါဠိပါရဂူ
ဝိနယ, ဒီဃနိကာယ, မဇ္ဈိမ နိကာယ
အင်္ဂုတ္တရ နိကာယဝိဒူ
တောင်ကိုင်း၊ တောင်ရွာ၊ စဥ့်ကူးမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

" တန်ဖိုး သိဖို့ အရေးကြီးတယ် "

ယောဂီတို့ ''ဆရာ မပြ ငါးပိဖုတ်တောင် မတတ်''ဘူးတဲ့ လောကီဘဲ ဖြစ်ဖြစ်၊ လောကုတ္တရာဘဲ ဖြစ်ဖြစ်၊ ဆရာကောင်း သမားကောင်းက လိုတယ် အရေးကြီးတယ် ။

''လက်ဦး ဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ''တဲ့- ကလေးဘဝကထဲက သားသမီးတွေ လိမ္မာရေးခြား ရှိဘို့ မိ,ဖ က အရေးကြီးသလို မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရဖို့ တရားလုပ် တော့မယ် ဆိုရင်လဲ အမှန်အတိုင်း တကယ် တတ်သိတဲ့ ဆရာသမား လိုတယ်၊ တွေ့အောင်လဲ ရှာရမယ်။

ဒါမှ နည်းမှန် လမ်းမှန် ကိုယ်တိုင် ကိုယ်ကျ သိရမှာပေါ့၊ တရား နည်းလမ်းတွေက သာသနာရှိနေပေမယ့် အချိန်အခါ တိုင်း ရှိနေတာ, ထွန်းကား နေတာ မဟုတ်ဘူး။

ဒါကြောင့် ယောဂီတို့ -

အချိန်တန်ဖိုး, တရား တန်ဖိုး, ဆရာ့ တန်ဖိုး သိဖို့ အင်မတန် အရေးကြီးတယ်။

ကြိုးကားကြ . . . ။

မောင်းထောင် ဝိပဿနာ ဆရာတော်ဘုရားကြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ''အိမ်မျော်ရာမှ နိုးထလာသူ''



ဤတရားစခန်းကို ဝင်ဖြစ်ခဲ့ရခြင်းမှာ ဆရာတော် ဦးကေလာသ ရေးသားပြုစုသော မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ ကန္တီနည်း ဥပနိဿျ စာအုပ်ကို ဝယ်ယူ ဖတ်ရှုမိရာမှ အလွန်စိတ်ဝင်စားကာ ဝင်ရောက်ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ၃-ရက် ပွားများရပါသည်။ စိတ်များ စတင်တည်ငြိမ်လာကာ မိမိ၏ ဦးခေါင်းထဲနှင့် နှလုံးသားထဲတို့၌ ဘုရားရှင်ကိန်းဝပ် စံပယ်သကဲ့သို့ ခံစားရပါသည်။ ထို့နောက် မေတ္တာကမ္မဋ္ဌာန်းနှင့် အသုဘ ကမ္မဋ္ဌာန်းများကို တစ်ရက်စီ ပွားများခဲ့ရပါသည်။ မိမိ၏ အသုဘရုပ်များကို အာရုံထဲ၌ စတင်တွေ့ရှိခဲ့ရပါသည်။

ထို့နောက် အာနာပါန ကမ္မာဋ္ဌာန်းကို စတင်ပွားများ၍ ဝါရေ ဝါမှတ် သင်ခန်းစာကို ပွားများရပါသည်။ နွားရိုင်းကဲ့သို့ ရုန်းကန် လှုပ်ရှား ပြေးလွှားနေသော စိတ်ကလေးသည် တဖြည်းဖြည်း ငြိမ်သက်လာကာ စတင်ပွားများပြီး ၂-ရက်အကြာတွင် အလင်းလေးများ စတင်တွေ့ရှိ ရပါသည်။ ထို့နောက်တွင် အလင်းနိမိတ်သည် ပိုမိုအားကောင်းလာခဲ့ပါသည်။ နိမိတ်ရရှိပြီးနောက် ဆရာတော်မှ ဘုရားဖူးခိုင်းစေသည့်အခါတွင်လည်း ဘုရားများကို ဖူးရာတွင် မိမိ၏ ကိုယ်ပွား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရောက်ရှိ နေသည် ကို တွေ့ရပြီး ရုပ်ပွားတော်များကို ဖူးတွေ့ခဲ့ရပါသည်။ ရုပ်ပွားတော်များ၏ ပကတိသွင်ပြင်တော်ကိုလည်း တစ်ဆူဖူးတွေ့ ခဲ့ရပါသည်။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီအားလည်း ရွှေရောင် တစ်ဝင်းဝင်းဖြင့် ဖူးတွေ့ရာဆံတော်ရှင်ဘုရားက ရွှေရောင် ကလာပ်ပေါ်တွင် ရောင်ခြည်တော် ကွန့်မြူးနေသည်ကို ဖူးတွေ့ ခဲ့ရပါသည်။ အလောင်းတော် ကဿပ ဘုရားဖူး သွားရာတွင်လည်း ရွှေအဆင်းရှိသောကိုယ်တော်ကြီးကို ထင်လင်းစွာ ဖူးတွေ့ ခဲ့ရပါသည်။

ထို့နောက် တာဝတိံသာ စူဠာမဏိစေတီကို ဖူးရာတွင်ရွှေရောင် စောင်းတန်းမှတက်ကာ စေတီကို ဖူးတွေ့ ခဲ့ရပါသည်။ ဗြဟ္မာ့ပြည်ရှိ ဒုဿစေတီကို ဖူးရာတွင် ငွေရောင်အတိ ပြီးသော ရင်ပြင်တော်နှင့် စေတီတော် ကြီးကို ဖူးတွေ့ရရာ သဒ္ဓါများ လွန်စွာတိုးပွားခဲ့ရပါသည်။ ထို့နောက် အထက်အောက်၌ နိမိတ် ပို့လွှတ်ကြည့်ရာတွင်လည်း နဂါးပြည်ရှိ စွယ်တော်မြတ်ကို ရောင်ခြည်တော် ကွန့်မြူးနေလျက်ဖြင့် ရွှေကလာပ်ပေါ်တွင် ဖလ်ပေါင်းချောင် အုပ်ထားသည်ကို ဖူးတွေ့ခဲ့ရပါသည်။ စတုတ္ထနည်းတွင် ငြိမ်းစေမည်ဟု ပွားများရာ၌ငြိမ်းအေးချမ်းသာမှုကို ရရှိခံစား ခဲ့ရပါသည်။

ဝိပဿနာတွင် "ရူပပရိဂ္ဂဟ"ကို ပွားရာ၌ ခန္ဓာကြီး၏ဦးခေါင်းရိုးနှင့် နံရိုးများကို ထင်ရှားစွာ တွေ့မြင်ရပါသည်၊ အတွင်း အင်္ဂါ အစိတ်ပိုင်း အကြီးအငယ်များသည် သွေးသံတရဲရဲဖြင့် ပျက်စီးနေပုံများ တွေ့ရှိခဲ့ရာ ရုပ်တရားကြီး၏ ဖောက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြန် ပျက်စီးမှုကြောင့် တပ်မက်ဖွယ် မရှိသည့်အဖြစ်ကို စတင် တွေ့ရှိခဲ့ရပါသည်။

"နာမပရိဂ္ဂဟ"ကို ပွားများရာတွင်လည်း သိတတ်သော နာမ်တရားသည် ရုပ်တရား၏ ပူမှု, အေးမှု, နာကျင်မှု စသည် တို့ကို သိနေသည့် သဘောကိုင်းညွတ်တတ်သော သဘာဝ တရားတို့ကို တွေ့ရှိ ခဲ့ရပါသည်။

"ပစ္စယပရိဂ္ဂဟ"ကို ပွားများရာ၌ အတိတ်ဘဝများကို တွေ့ရှိခဲ့ရပါသည်။ ထိုဖြစ်စဉ်များမှာ ဘုန်းကြီး တစ်ဘဝ၊ ပုရွက် ဆိပ် တစ် ဘဝ၊ နတ်သားတစ်ဘဝ၊ ငရဲခံ နှစ်ဘဝ၊ သူဌေးသား တစ်ဘဝ၊ မျောက် တစ်ဘဝ၊ ဆင် တစ်ဘဝ၊ လူယောက်ျား ကုန်သည် တစ်ဘဝ၊ စစ်သား တစ်ဘဝ၊ ပြိတ္တာ တစ်ဘဝတို့ကို တွေ့ မြင်ခဲ့ရပါသည်။

"သမ္မသနဉာဏ်"ကို ပွားများချိန်၌ ခန္ဓာကိုယ်ကြီးမှာ သွေးသံတရဲရဲ တွေ့ရှိရသလို အရိုးများ အပေါက်များဖြစ်ကာ ပျက်စီးနေပုံ၊ ညာဘက် လက်မောင်းကြီး ပြုပ်ထွက်နေပုံ၊ ညာ ဘက် ဒူးအောက်ပိုင်း ပြတ်ကျ သွားပုံ၊ ဦးခေါင်းကြီးက ကြီးလာ လိုက် ကိုယ်ခန္ဓာက သေးသွား လိုက်ဖြစ်ပုံ ၊ ခြေဖဝါးများ ပြတ် သွားပုံ အစရှိသည်တို့ကို စုံလင်စွာ တွေ့ရှိရပါသည်။ မိမိ၏ ဦးနှောက်ကြီးကိုလည်း တွေ့မြင်ရပြီး ပျက်စီးသွားပုံကိုလည်း ကောင်း နာကျင်ကိုက်ခဲမှု ပူမှု , အေးမှု အစရှိသည့် ဝေဒနာများ ကိုလည်းကောင်း ခံစားခဲ့ရပါသည်။ ကိုယ်ခန္ဓာကြီး ဖောက်ပြန် ပျက်စီးပုံကို ကိုယ်တိုင် လက်တွေ့ သိမြင်ခဲ့ရပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ဥဒယဗ္ဗယ ဉာဏ်" ကို ပွားများချိန်တွင် ခြေဖျား လေးတွေ၌ သွေးစီးဆင်းနေပုံ၊ သွေးတွေ တဖြန်းဖြန်းသွားနေပုံ၊ သွေးတိုး သွေးခုံနေပုံ၊ အကြောများ လှုပ်ရှားနေပုံ၊ ကိုယ်ခန္ဓာ ကြီး၏ နာမှု ကျင်မှု ကိုက်ခဲမှု စသဖြင့် ရုပ်, နာမ်တို့၏ ဖြစ်ပျက် ပုံကို အနုစိတ် တွေ့ရှိရပါသည်။ ဤဉာဏ်ကို ဆက်လက် ပွား များရာ နှာခေါင်း ရိုးကြီး ပေါ်လာပါသည်။ ထို့နောက် ဦးခေါင်း ရိုးကြီး တစ်ခုလုံး ပေါ်လာပြီး နဖူးနေရာမှ အရိုးများ စတင်ပဲ့ကာ ဦးခေါင်းခွံရိုး တစ်ခုလုံး ကြေမွ ပျက်စီးနေသည်ကို မြင်ရ ပါသည်။ မျက်နှာ တစ်ဝိုက်တွင် ပိုးကောင်များ တက်သလို ယားယံပြီး နောက် ပျောက် သွားလိုက် ပေါ်လာလိုက် အစရှိ သဖြင့် ဖြစ်ပျက်စုံလင် အကုန်မြင် ခဲ့ရပါ သည်။

"ဘင်ဉာဏ်"ကို ပွားများရာတွင် မိမိကိုယ်ခန္ဓာကို ပေါ်သမျှ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ပျောက်ပျက် ပျောက်ပျက် သွားသည်များကို သာတွေ့ရှိရပါသည်။ ရိပ်ခနဲ ပျောက်ပျက် နေသည့် ရုပ်နာမ်များအား အနိစ္စသဘော ထင်လင်းစွာ ရှုမှတ် ခဲ့ရပါသည်။ "ဘယဉာဏ်" သို့ရောက်သောအခါ မိမိ၏ ကိုယ် ခန္ဓာကြီးသည် မီးများ တဟုန်းဟုန်းတောက်နေ သကဲ့သို့ ပူ လောင်ကာ ဒုက္ခသဘောကို သိမြင်ပြီး ခန္ဓာကြီးအား ဘေးကြီး အဖြစ် ခံစား လာခဲ့ရပါသည်။ ဆက်လက်ရှုပွား အားထုတ်ရာ တစ်ချိန်၌ တရားရှုမှတ် နေစဉ် ခန္ဓာကြီး၏ ဖြစ်ပျက်များကို ရေပွက်ကဲ့သို့ လျှင်မြန်စွာ ရှုရင်း ပျောက်ပျက်သွားပါသည်။

ရုပ်, နာမ် ခန္ဓာကြီးကို ငြီးငွေ့ကာ လူမှာလည်း ထုံထုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထိုင်းထိုင်း နှင့် ခန္ဓာကြီးအားလည်း မကြည့်ချင်သလို ဖြစ်လာခဲ့ပါသည်။ ပြုံးချင်စိတ်၊ ရယ်ချင်စိတ်များလည်း ကုန်ခန်းလာခဲ့ပါသည်။ နောက်တစ်ချိန် ရှုမှတ်ရာ တွင်လည်း ထိုနည်းတူစွာပင် တွေ့ရှိခဲ့ရပါသည်။ မိမိအနေဖြင့် ဤတရားကို သေသည်အထိ ဆက်လက်ပွားများ သွားရန် ဆုံးဖြတ်ထားပြီး ကိလေသာတောတွင် အိပ်ပျော်နေရာမှ နိုးထခဲ့ရပြီး ဖြစ်ပါ သည်။

ဤ (ကန္ဒီ နည်း)တရားတော်ကို မပျောက်ကွယ် စေ ရန် အစွမ်းကုန် ကြိုးစားပြသပေးခဲ့ သည့် ကျေးဇူးတော်ရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးအား ရိုသေကြည်ညိုစွာဖြင့် ကန်တော့ အပ် ပါသည်။ တပည့်တော်တို့အား တရားပြသ လမ်းညွှန်ပေးခဲ့သည့် ဆရာသမားများ ဖြစ်ကြ သော ရန်ကင်းအေးငြိမ်းဆရာတော် ဦးကေလာသနှင့် လက် ထောက်ဆရာတော် ဦးခေမာသီရိ တို့အားလည်း နှလုံးသား ထဲမှ ကျေးဇူးတင် မဆုံးရှိရသည့်အပြင် ရိုသေစွာဖြင့် ကန်တော့အပ်ပါသည်။ စခန်းဝင်စဉ် ကာလအတွင်း အရိပ်တကြည့်ကြည့်ဖြင့် လိုလေသေးမရှိ ပြုစုစောင့်ရှောက် ကူညီခဲ့ကြသော ဦးသိန်းအောင်၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်မြဟန်နှင့် ဝေယျာဝစ္စအဖွဲ့ဝင်အားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင် အသိမှတ် ပြုအပ်ပါသည်။

စခန်းဝင် အမှတ်စဉ် ၆၉/၂

Dr ညီညီအောင်
မုံရွာမြို့၊ ရုံးကြီးရပ်
ရွှေဒေါင်း လက္ကာက်ခြောက်ဆိုင်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**" ရှေ့ကိုသာ တိုးမြဲတိုး "**

တို့ ယောဂီတွေ တရားအားထုတ်လို့ နည်းနည်းလေး အခက်ခဲတွေ့ရင် နောက်ဆုတ်ချင်ကြတာ။

အိမ်ပြန်ချင်ကြတာ၊ ကိုယ့်အိမ်က တစ်သက်လုံး ကိုယ်သေတဲ့ အထိ နေသွားရမှာ . . .

မရ, မက အားထုတ်မယ်လို့ စိတ်မကူးကြဘူး။

တို့ ဘုရားအလောင်းတော်များ အတုယူစရာ ကောင်းလိုက်တာ၊ ဘုန်းကြီးတို့ ယောဂီတို့အတွက် ခြောက်နှစ်လုံးလုံး ပင်ပန်းကြီးစွာ မချိမဆန့် ဒုက္ခတွေ အမျိုးမျိုး ခံစားရ ပေမဲ့

စိတ်ဓာတ်တွေ ကျမသွားဘူး။

ကပိလဝတ်ပြည် ပြန်မယ်လို့ လုံးဝစိတ်မကူးဘူး။

ဝီရိယတွေလဲ လျှော့မပစ်ဘူး။

ရှေ့ကိုသာ တိုးမြဲတိုးကျင့်ခဲ့တာ။

ကိုင်း ယောဂီတို့ အားကျစရာ မကောင်းဘူးလား။

အတုယူစရာ မကောင်းပေဘူးလား။

ခုခေတ်က မဟုတ်တာ တွေကျတော့ အတုယူကြတယ်။ ဟုတ်တာ ကျတော့ အတုမယူချင်ကြဘူး . . . ဟင်

**ဆောင်းယောင်ခြွေဇင်းတောရ ဆရာတော်ဘုရားကြီး**

## ''အဖြင်ရှင်း'' ၍ ''အသိလင်း'' နိုင်ပါပြီ



ဒီ'ဓမ္မရသ' စာတမ်းကို ဒီနေ့ခေတ် လူငယ်များအတွက် အဓိကရည်ရွယ်ပြီး ရေးတာဖြစ်ပါသည်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်ရရှိ ခံစားရ တဲ့ 'ဓမ္မပီတိ ' မျိုးတွေ စစ်မှန် တဲ့ ငြိမ်းအေးမှုတွေကို ကျွန်တော်နှင့်ထပ်တူ လူငယ်တွေကိုလည်း ရစေချင်လို့ဖြစ်ပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း ခေတ်လူငယ်တစ်ဦး ဖြစ်တဲ့ အပြင် စတီဒီယို ဂီတ အနုပညာသမား (Drum တီးတာပါ) ဘဝနှင့် အခုချိန်ထိ အသက်မွေးဝမ်းကျောင်း လုပ်နေသူပါ။ အခုလို စာတမ်းရေးတဲ့အခါ လူငယ်များ အကြိုက် လိုတိုရှင်းနှင့် ထိထိမိမိ ဝေါဟာရ မျိုးတွေသုံးပြီး စိတ်ဝင်စား သွားအောင်၊ ဖတ်ချင်လာအောင် ခပ်သွက်သွက် "စကားပြော"ဟန်နှင့် တရင်းတနှီး ပုံစံ ရေးမှာဖြစ်ပါတယ်။ 'ဓမ္မ' ကို မထေမဲ့မြင် သဘော ရေးတာလုံးဝ (လုံးဝ) မဟုတ် ရပါဘူး။ ဝေါဟာရ အသုံးအနှုန်းများဒေါသ သင့်ခဲ့ရင် သီးခံ ဖတ်ရှုဖို့ အထူးမေတ္တာရပ်ခံပါတယ်။

မိဘတွေက ' ဗုဒ္ဓဘာသာဝင်' မို့သာ ကျွန်တော် ဗုဒ္ဓဘာသာဝင် ဖြစ်ရတယ်။ လေးနက်တဲ့၊ ပညာပါတဲ့ 'ဘာသာ' ရေးအသိမျိုး မူးလို့တောင် ရှူစရာမရှိ ညောင်းလို့တောင် မှီစရာမရှိပါ။ ၁၉၉၂-ခုနှစ်မှာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြည်နယ်၊ တယ်ဟုန့် ခရိုင် အတွင်းက မြို့တွေမှာ ရှိတဲ့ " Night Club "တွေမှာ (၆) နှစ်ကျော် Drums တီး ခပ်ပြီး အသက်မွေးဝမ်းကျောင်း ခဲ့ရပါတယ်။ 'တရုတ်ပြည်'မှာ (၆)နှစ် နေတယ် ဆိုတာ ကြွားချင်လို့ မဟုတ်ပါဘူး။ " ဘုရား၊ တရား၊ သံဃာ" ရတနာသုံးပါး မထွန်းကားတဲ့ ကွန်မြူနစ်နိုင်ငံမှာ "ရပ်ပြစ်ရှစ်ပါး" ဝင့် ကြွေးသင့်နေတာကို ပြောချင်တာပါ။ ဖိနပ်ဘဝ ရောက်ရတာ တောင်မှ ဖိနပ် ကောင်းကောင်း မဖြစ်ရဘဲ ' ခုံဖိနပ်' ဖြစ်သလိုပေါ့ ခင်ဗျာ။ အဲဒီ အချိန်တုံးက ဆံပင်ရှည်ထား၊ နားကပ်တွေဝတ်၊ အကျီ ဘောင်းဘီ ကြောင် ကျားနှင့် တကယ့်ကို "မျက်နှာမြင် ရိုက်ချင်ပါစေ" ဆုနှင့် မတောင်း ဘဲ ပြည့်ခဲ့သူပါ။ ဂဏန်းကောင်လိုပေါ့ ဘယ်တော့မှ တည့်တည့် မသွားပါ ဘူး။

ကျွန်တော် ဆိုလိုချင်တာက အဲဒီလို အကျင့်စရိုက်တွေ နှင့် လူငယ်တစ်ဦးဟာ အခုလို 'ရန်ကင်းအေးငြိမ်းရိပ်သာ' ကို ရောက်ရှိလာပြီး ဆရာသမားရဲ့ ကျေးဇူးကြောင့် တရားအား ထုတ်ရာမှ ဘယ်လို 'သမထ'တွေ အမြင်ရှင်းခဲ့ပြီး ဘယ်လို 'ဝိပဿနာ'တွေ အသိလင်းခဲ့ တွေ့ရှိ ရရှိခဲ့တယ် ဆိုတာ အားပေး ပါးရ ပြောပြချင်လို့ပါ။ လက်တို့ ပြီးတော့မှ ပြောမှာ မဟုတ် ပါဘူး။ တစ်ကမ္ဘာလုံး ကြားအောင် အော်ချင်တာ ။

'ရန်ကင်းအေးငြိမ်းရိပ်သာ'ကို ရောက်ရှိ လာပုံလေးကို အနည်းငယ် စကားလက်တံ ရှည်ပါရစေ။ (၈. ၈. ၂၀၀၅)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေ့မှာ ကျွန်တော့် မိခင်ကြီးဟာ ဇာတိမြို့လေးမှာပဲ ဆုံးသွားပါတယ်။ ရပ်ဝေးက ပြန်လာမဲ့ ကျွန်တော့်ကို စောင့်ရတဲ့အတွက် အမေ့ အလောင်းဟာ ၅-ရက် လောက်ထားတော့ မြင်လို့ကို မကောင်းပါဘူး။ သောက ပရိဒေဝတွေ အပူမီးတွေ လောင်းကျွမ်းနေတဲ့ ကျွန်တော့်ကို 'တရား'နှင့်ဖြေ ဆိုပြီး၊ နှစ်သိမ့် ကြပါတယ်။ ဖြေရအောင် ကျွန်တော့မှာ ' တရား' မှ မရှိတာ။ တရားနှင့် ဖြေဆိုတာ ဘာကို ပြောတာလဲလို့ သက်ကြီး ဝါကြီး ပုဂ္ဂိုလ်တစ်ဦးကို မေးကြည့်တော့ သူက ရှည်ရှည်ဝေးဝေး ဖြေပါတယ်။ 'ဝိပဿနာ' ပေါ့ကွာတဲ့။ ကျွန်တော်က 'ဝိပဿနာ' နှင့် ဘယ်လောက် ဝေးသလဲ ဆိုရင် (ထင်ရှားအောင် ပြောရ ရင်) 'ဝိပဿနာဆိုတာ' ဘုန်းကြီးရဲ့ ဘွဲ့နာမည် အောင့်မေ့လို့ပါ။ အဲသလောက်ထိ ဖုံးဝေးတဲ့သူပါ။

အမေ့ နာရေး ကိစ္စပြီးလို့ မူဆယ်ပြန်တော့ မန္တလေးက နာမည်ကြီး စာအုပ်တိုက် တစ်ခုမှာ ကျွန်တော်ဖတ်ချင်တဲ့ စာအုပ်တွေ ဝင်ရှာပါတယ်။ ဒီလောက် စာအုပ်တွေ အများကြီး ထဲကမှ 'အေးငြိမ်းရသ' စာအုပ်နှင့် 'ဓမ္မရသ' စာအုပ်နှစ်အုပ်ကို တိုက်တိုက် ဆိုင်ဆိုင် ဝယ်လာခဲ့ ပါတယ်။ ဘာကြောင့် ဝယ်ချင်မှန်း စဉ်းစားလို့ကို မရပါဘူး။ အိမ်ရောက်လို့ ဖတ်ကြည့်တော့လည်း ဘာတွေရေးထားမှန်းကို မသိပါဘူး။ ဒါ 'အမှန်တိုင်း' ဝန်ခံတာပါ။ အဲဒါနှင့် အဲဒီစာအုပ် နှစ်အုပ်ကို ချောင်ထဲ ပစ်ထားလိုက်တာ (၁)နှစ်နီးပါး ကြာသွားပါတယ်။

နောက် ဖတ်စရာ စာအုပ် မရှိတော့မှ ပြန်သတိရပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အေးအေး ဆေးဆေး ပြန်ဖတ်ပါတယ်။ ဖတ်ရင်း ဖတ်ရင်းနဲ့ ကျွန်တော် တော်တော့်ကို စိတ်ဝင်စား လာပါတယ်။ 'ငါလည်း သွားအားထုတ်ရင် ရမလား မသိဘူး'ဆိုတဲ့ အတွေးမျိုး ဝင်လာပါတယ်။ "တရားစခန်း" ဝင်သင့် မဝင်သင့် သေချာစဉ်းစား ဆုံးဖြတ်ပါတယ်။ ကျွန်တော့်ဘဝမှာ ဆင်းရဲလွန်းလို့ ကြိုးစား လိုက်တာ 'ပိုက်ဆံ' ပဲ တွေ့ပါတယ်။ ချမ်းသာခြင်းကို မတွေ့ ခဲ့ပါဘူး။

ကျွန်တော် ကျင်လည်ရတဲ့ လူ့လောကီဝန်းကျင် ဆိုတာ ကလည်း "ဘိန်းစားချင်း အတူတူ 'ရဲ' တိုင်ချင်တဲ့ စိတ်ရှိသူ တွေ"၊ "ဘယ်သူ သေသေ ဖဲရိုက်ဖို့ အဓိက" ဆိုတဲ့ ဖဲသမားလို စိတ်ရှိသူတွေ " ငါ့မြင်း ငါစိုင်း ညောင်ကိုင်း ထိထိ" ဆိုတဲ့ စိတ်ရှိ သူမျိုးတွေနှင့် တစ်နေ့ပြီး တစ်နေ့ ထိတွေ့ ဆက်ဆံနေရ၊ တစ်ခါတစ်ရံ ဒေါသ, သောက, လောဘ တွေနှင့် ဆက်ဆံရနှင့် ပူလောင် လွန်းပါတယ်။ ကျွန်တော့် အိမ် ခေါင်မိုးက ' တောက် တက် ' ကြီးလိုပေါ့ဗျာ တစ်နေ့လာလဲ 'တောက်တက်' နောက် တစ်နေ့လည်း 'တောက်တက်' ပေါ့လေ။

လောကီ စီးပွားရေး ဆိုတော့ ' ဖားရိုက်တဲ့ကိစ္စ' ပါ။ အဲဒီလို ' ဖားရိုက်တဲ့ ကိစ္စ'ကို ကျွန်တော်က ' ဗန္ဒုလ'သွေး သုံးနေမိတယ် ဆိုတာ သတိပြုမိ လာပါတယ်။ လုပ်ချင်တာ တွေထဲက လုပ်သင့်တာ ကိုရွေး လုပ်သင့်တာ ထဲကမှ လုပ်နိုင် တာကို ရွေးဖို့ ဆုံးဖြတ်ပါတယ်။ လောကီ စီးပွားဆိုတော့ ဖြစ်တာလည်းရှိ မဖြစ်တာလည်းရှိ မသေချာပါ။ ဗုဒ္ဓရဲ့ တရားဓမ္မ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(ဝိပဿနာပေ့ါလေ ) ကတော့ အားထုတ်သူအတွက် ကောင်းကျိုးချမ်းသာပဲ ဖြစ်မယ်၊ မဖြစ်ဘူး ဆိုတာမရှိ သေချာတယ် ဒီလို ယုံကြည်စိတ် ရှိသွားပါတယ်။

ဒါနဲ့ပဲ ချက်ခြင်း ဆိုသလို စာအုပ်ထဲမှာ ပါတဲ့ပုဂ္ဂိုလ်တွေရဲ့ ဖုန်းတွေ လိုက်ဆက်တော့ "ဒေါ်အေးရှိ"နှင့် "ဦးညိုဝင်းအောင်"တို့ဆီက ရန်ကင်းအေးငြိမ်းရိပ်သာရဲ့ ဖုန်းနံပါတ်ကို ရရှိခဲ့ပါတယ်။ ဒါနဲ့ပဲ ဆက်သွယ်ပြီး စာရင်းပေး ခဲ့ပါတယ်။ ၁၃၆၈-ခုနှစ်၊ ကဆုန်လဆန်း(၆)ရက်နေ့ (၂. ၅. ၂၀၀၆) အရောက် လာဖို့ မှာတယ်။ ၁၃၆၈-ခု၊ ကဆုန်လဆန်း(၇) ရက်နေ့ (၃. ၅. ၂၀၀၆) စခန်းစမှာ ဖြစ်ပါသည်။ အဲဒီအချိန် ကစပြီး ကျွန်တော် စိတ်ပူရတော့ တာပါပဲ။ စခန်းဝင်မည့် ရက်နား ကျရင် မတော်တဆ ဖျားနာပြီး မသွားဖြစ်မှာစိုး . . . ၊ ဆွေမျိုးအသိုင်းအဝိုင်းက ရှောင်လွှဲ မရတဲ့ မတော်တဆ ကိစ္စဖြစ်ပေါ်လာမှာစိုး. . .၊ လမ်းခရီးက ချောမွေ့ ပါ့ မလား. . .၊ (တောင်ပေါ်လမ်းက ချောက်ကြီးပဲကို ခင်ဗျ) ကောက်ကာငင်ကာ ငါများ တရား အားမထုတ်ရဘဲနဲ့များ သေသွားရင် . . . စသဖြင့် ပေ့ါ ခင်ဗျာ, ပိုတယ်လို့ မထင်ပါနဲ့ သေသေချာချာ တည်ပြီး ကန်တဲ့ 'ပင်နယ်တီ' ဘောလုံးတောင်မှ 'ဂိုးပေါက်' နဲ့ လွဲသေးတာပဲ မဟုတ်လား . . . ။ ဒါပေမဲ့ 'ရိပ်သာ'က မှာတဲ့ နေ့အတိုင်း ချောချောမောမော ရောက်ရှိသွားပါတယ်။

ရောက်ရောက်ချင်း ဆိုသလိုပါပဲ . . .

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကေလာသ'ကို သွားရောက်ဖူးမြော်ပြီး လှူစရာလေးတွေလည်း လှူဖြစ်ပါတယ်။ ဆရာတော့်ကို တွေ့တော့ ကျွန်တော့်စိတ်ထဲတွင် မြင်ဖူးသလိုလို ရင်းနှီးသလိုလို ခံစားရပါတယ် (အမှန်က အခုမှ မြင်ဖူးတွေ့ဖူးတာပါ)။

၁၃၆၈-ခု ကဆုန်လဆန်း (၇)ရက်နေ့ (၃. ၅. ၂၀၀၆) က စပြီး 'အရဟံဂုဏ်တော်' (၃)ရက်, 'မေတ္တာဘာဝနာ' (၁)ရက်, 'မရဏာနုဿတိ ကမ္မဋ္ဌာန်း' (၁)ရက် စတင်ပွားရပါတယ်။ (၈. ၅. ၂၀၀၆) နေ့ကမှ စ၍ အာနာပါန ကမ္မဋ္ဌာန်းကို ပွားရပါတယ်။ ကိလေသာ တောထနေတဲ့ စိတ်တွေကို လေထိရာနှာသီးဖျား သကိကပ်ရတဲ့ ဖုသနနည်းနဲ့ ၁-မှ ၈-ထိ ရေတွက်ပြီး မှတ်ရတဲ့ ဂဏနာနည်းနဲ့ပါ ဖမ်းချုပ်တော့ စိတ်တည်ငြိမ် သွားပြီး သမာဓိတွေရ တရားနိမိတ်တွေ ပေါ်လာပါတော့တယ်၊ တစ်သက်လုံး တစ်ခါမှ မမြင်ဖူးတော့ ဝမ်းသာ အားတက် ဖြစ်ရပါသည်တောင် ပေါ် မြို့ အနေကြာလာတဲ့ ကျွန်တော့် အတွက် မန္တလေး ရာသီဥတုဟာ အတော်နှိပ်စက်ပါတယ် ကျွန်တော့် ရင်ဘတ်ကို ပြောင်းဖူးစေ့နဲ့ ပေါက်လိုက်ရင် 'ပေါက်ပေါက်' တွေ ဖြစ်သွားမတတ်ပါပဲ. . လို့တောင် တင်စား ပြောချင်ပါသေးတယ်။

တရားရချင်လွန်းတော့ ကျွန်တော် အထူးကို ဝီရိယတင် ကြိုးစား ခဲ့ပါတယ် ရရှိလာတဲ့ တရားနိမိတ်တွေကို အသုံးချပြီးတော့ စိတ်ညွတ် ပြီးတော့ ရိပ်သာဝင်း အတွင်းမှာ ရှိတဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘုရားတွေ ရန်ကင်းတောင်ပေါ် က ဘုရားတွေ မန္တလေးမြို့က ဘုရားတွေ စစ်ကိုင်းက ဘုရားတွေ မုံရွာ၊ ပုဂံက ဘုရားတွေ အင်းလေး ဖောင်တော်ဦး၊ ရန်ကုန်၊ ပဲခူးဘုရားတွေနဲ့ ကျိုက်ထီးရိုး ဘုရားတွေ ဖူးခဲ့ရပါသည်။ တရားနိမိတ်နဲ့ ဖူးလိုတဲ့ ဘုရား စေတီကို စိတ်ညွတ်ပြီး နိမိတ် လွှတ်လိုက်ရင် တန်း ရောက် သွားတာပါပဲ အိပ်မက် မက်နေတာ မဟုတ်ပါဘူး၊ စိတ် လှည့်စားမှုလည်း မဟုတ်ပါဘူး လူကိုယ်တိုင် ရောက်သွားသ လို အရှင်လတ်လတ် ဖူးမြင် ကြည်ညိုရတာပါ တရားရဲ့ တန်ခိုး တော်ဟာ အံ့ဩစရာ ကောင်းလွန်းလှပါတယ်၊ ဘုရားစေတီဆီ ရောက်သွားတဲ့ အခါမှာလည်း ကိုယ်ကြိုက်တဲ့ အနီးအဝေး အလင်းအမှောင် ကြိုက်ရာ ရှုထောင့်ကနေ စိတ်တိုင်းကျ ဘဝင် ကျတဲ့အထိ ကြည့်လို့ရပါသည်။

ကျွန်တော် ထူးထူးခြားခြား ဖူးခဲ့ရတဲ့ ဘုရားတွေက တော့ 'အင်းလေး ဖောင်တော်ဦး' ဘုရားနဲ့ 'ကျိုက်ထီးရိုး ဆံတော်ရှင်'ဘုရားပါ (ကြွားတယ်လို့ မထင်နဲ့ခင်ဗျာ) ဖောင် တော်ဦးဘုရားကို ကျွန်တော် မရောက်ဖူးပါဘူး၊ စာအုပ်နှင့် တီဗွီ တွေ ထဲမှာသာ ခဏတဖြုတ် မြင်ဖူးတာပါ ဘုရားဆီကို စိတ် ညွတ်ပြီး နိမိတ်လွှတ်လိုက်တဲ့အခါ ပကတိသစ်သား ဆင်းတု တော် ငါးဆူ ဖူးတွေ့ရပါတယ်၊ ဘာရွှေသင်္ကန်းမှ မရှိဘူး အလယ်မှာ စံပါယ်နေတဲ့ ဆင်းတုတော်က 'သင်းကနက်သား'နဲ့ ထုလုပ်ထား တာဖြစ်ပြီး၊ ဉာဏ်တော်လည်း ပိုကြီးပါတယ် ဘေးမှာ ဝိုင်းထားတဲ့ ဆင်း တုတော်လေး တွေက နီညိုရောင် အသားဖြစ်ပြီး၊ ပုံစံတူ အရွယ်တူဖြစ်ပါတယ်၊ သေချာဖူးနေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တုန်း အချိန် ညာဘက်က ဘုရားတစ်ဆူရဲ့ အောက်ခြေက နေပြီး ဆပ်ပြာ မြှုပ်များလို ရွှေသက်န်းတွေက ဘုရားတစ်ကိုယ် လုံးအား တဖြည်းဖြည်းခြင်း ဖုံးအုပ်သွားပြီးတော့ ယနေ့ အင်း လေး ဖောင်တော်ဦးမှာ မြင်ရတဲ့ ရွှေတုံးကြီးတွေလို ပြန်ဖြစ်သွား တာကို ရင်သပ်ရှုမော ဖူးတွေ့ရပါတယ်။

ကျိုက်ထီးရိုးဘုရား ဖူးစဉ်ကလည်း ဒီလိုပါပဲ တရား နိမိတ်ပို့ပြီး ဖူးလိုက်ချိန် ဘုရားစေတီတော် စံပါယ်တော် မူနေသော ကျောက်တုံးကြီးပေါ် ကျွန်တော် ရောက်သွားပါ တယ်၊ ဌာပနာကို ဖူးချင်ပါတယ်လို့ စိတ်က ညွတ်လိုက်တဲ့အခါ ကျောက်တုံးပေါ်ရှိ စေတီတော် ပျောက်သွားပြီး စေတီနေရာ မှာ လက်ဖက်ရည် ပုဂံလောက် ဝိုင်းစက်ပြီး နှစ်တောင် လောက်နက်တဲ့ အပေါက်ကို တွေ့ရတယ် ငုံ့ကြည့်လိုက်တဲ့ အခါ 'ရွှေဆင်းတုတော်ကလေးများ' 'ရတနာများ များစွာဖူး တွေ့ရပါတယ် ကလာပ်ကလေးတစ်ခု တွေ့ရပြီး ဆံတော် ကိုတော့ မဖူးရပါ။

အိန္ဒိယ မဇ္ဈိမ ဒေသ ဓမ္မစကြာ ဟောရာဌာန, ဖွားတော် မူရာ ဌာန, ဘုရားဖြစ်တော်မူရာ ဗောဓိပင်နှင့် ပရိနိဗ္ဗာန်စံတော် မူရာ ဌာနများ၊ သီရိလင်္ကာနိုင်ငံရှိ 'ဒက္ခိဏာသာခါ ဗောဓိပင်' 'ညှပ်ရိုးတော်' 'စွယ်တော်'တို့ကို ထူးဆန်းအံ့ဩဖွယ် ကြည်ညို ရပြန်ပါတယ်၊ ၎င်းနောက် သေမှရောက်တဲ့ နေရာလို့ ယူဆ လေ့ရှိတဲ့ တာဝတိံသာနတ်ပြည်သို့ တရားအလင်းနိမိတ်ဖြင့် ကျွန်တော်ရောက်သွားခဲ့ပါတယ် တာဝတိံသာ နတ်ပြည်ရှိ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စူဠာမဏိ စေတီတွင် ဌာပနာတိုက်မှ အလောင်းတော်၏ ဆံတော်ကိုလည်းကောင်း ပင်လယ် ကသစ်ပင်နှင့် မြကျောက် ဖျာကိုလည်းကောင်း သုဓမ္မာဇရပ်နှင့် ဝေဇယန္တာ နန်းပြာသာဒ် ဘို့ကိုလည်းကောင်း ထူးဆန်း အံ့ဩဖွယ်ရာ ကြည်ညိုရပါ သည်။

ဖြဟ္မာ့ပြည် အကနိဋ္ဌဘုံရှိ ဒုဿစေတီ ဌာပနာတွင်းမှ အလောင်းတော်၏ အင်္ကျီ (ဖဲစအဖြူရောင်) ပုဆိုး (ဖဲစ အစိမ်း ရောင်) ဖိနပ် (ထိပ်၌ ဟင်္သာပုံ ရွှေသားပါ) သံလျက် (လက်ကိုင် တွင် ရွှေ ကျောက်သံ ပတ္တမြားဖြင့် စီခြယ်) စသည်များကို ဖူး မြင်ရပါတယ်။ ဝမ်းသာ စရာပါ ဒုဿစေတီထဲမှာ ကာလသုံးပါး ကြည့်လို့ရတဲ့ မှန်ချပ်ကို ကြည့်တဲ့ အခါ ရဟန်း တစ်ဘဝ၊ လားမား ဘုန်းကြီး တစ်ဘဝ၊ မြောင် တစ်ဘဝ၊ စပါးကြီး မြွေ တစ်ဘဝ၊ ကိုလိုနီခေတ် ပုလိပ် တစ်ဘဝ၊ သာမန်လူ တစ်ဘဝ နှင့်ရသေ့ တစ်ဘဝကို တွေ့ရပါသည်။

မြောက်ကျွန်းကို တရားနိမိတ်လွှတ်တဲ့ အခါမှာလည်း ၂ဒေသာ ပင်ကြီးတွေ့ရတယ်၊ နောက်ကို လှည့်ကြည့်တော့ ဖွဲ့ဖြောင့်နေတဲ့ လမ်းမကြီး တွေ့ရတယ်၊ ဘေးတစ်ဘက် ဘစ်ချက်မှာ ဘန်ဂလိုလေးတွေလို ရေနံချေးရောင် အိမ်ညို လေးတွေ တန်းစီနေတာပါပဲ၊ လမ်းမကြီးအဆုံးမှာ ရဟတ် ယာဉ် ကွင်းလို ဖြူဖြူ ဝိုင်းဝိုင်းတွေ့ရပါတယ်၊ အနားကပ်ကြည့် တော့ ကျောက်ဖြူတွေ ခင်းထားတဲ့ ကွင်းတစ်ခုပါ။ အလယ်မှာ အဖြူ ရောင် ကျောက်ကုဋင် တစ်လုံး တွေ့ပြန်ပါတယ်၊ ဒါဟာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘာလုပ်တဲ့ နေရာတုံးလို့ စဉ်းစား နေတုံး ရှိသေး၊ ခုနက လမ်းမ ဖြူဖြူကြီး အလယ်မှာ ယောကျာ်း အယောက် (၃၀)လောက်၊ မိန်းကလေး အယောက် (၃၀) လောက်တန်းစီပြီး လျှောက် လာတာ တွေ့ရတယ်။ တွေ့ရတဲ့ မြင်ကွင်းက (Bird's eye view)ပါ ယောကျာ်းတွေ အကုန်လုံး အသက် (၂၀) လောက် ရှိပြီး ရုပ်ချောချော ရွယ်တူ တွေပါ၊ အကျီအဖြူ ပုဆိုး ယော် ရောင်ဝတ်ထားပြီး၊ မိန်းကလေးတွေလည်း အဲဒီအသက် အဲဒီရုပ် အဲဒီအရွယ်လောက် အဲဒီအရောင်မျိုးပဲ ဝတ်ထား ကြတာပါ၊ ဒီလူတွေ ဘာလုပ်တာလည်းလို့ စိတ်ညွတ် လိုက် တော့ ရှေ့မှာ အလောင်းတစ်လောင်း ကိုတွေ့ရပါတယ်၊ အသုဘ အခမ်းအနား Funeral-ceremony ပေါ့ ငိုတဲ့သူ မတွေ့ရပါဘူး၊ သေတဲ့သူကလည်း အသက် (၂၀)အရွယ် လောက်ဖြစ်ပြီးတော့ အကျီအဖြူ , ပုဆိုးအဖြူဝတ်ပြီး ဆေးရုံ သုံး 'လူနာတင် ကက်'လိုမျိုးနဲ့ ထမ်းသွားတာပါ၊ အလောင်း ထည့်တဲ့ ခေါင်း မပါ ပါဘူး၊ အဲဒီအလောင်းကို ခုနက ကျောက် ကုရှင်ပေါ်မှာ သွားတင်လိုက်ပါတယ်၊ ခဏကြာတဲ့အခါ 'ဖြုန်း ခနဲ ငှက်ကြီး တစ်ကောင် (ဋ္ဌင်းတ လိုပါပဲ) ပေါ်လာ ပြီးတော အဲဒီအလောင်းကို ခြေနဲ့ ကုတ်သယ် သွားတာ တွေ့ရ ပါတယ် ကြည့်လို့ကောင်းလိုက်တာ . . . အံ့အားလဲသင့် ဝမ်းလည် ဝမ်းသာ ဖြစ်ရပါတယ်။

ကျွန်တော့် နှာခေါင်းထဲမှာ အသားပိုတွေ ထွက်လာလို့ ၁၉၉၇-ခုနှစ်မှာ ခွဲစိတ်ကုရတော့ အနံ့ခံ အာရုံ ကြောပျက် သွားလို့ အနံ့မရတော့ ပါဘူး၊ ရာသီဥတုတွေ အေးရင်လည်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နှာခေါင်းတွေပိတ် နှာရည်တွေကျ ပါတယ် ပါးထွက်၊ နားထွက်၊ သခ်န်းစာ လီစားဖြတ်စား သခ်န်းစာ လုပ်ရတော့ အဲဒီရောဂါ ၁တွေ အကုန်လုံး ပျောက်ကုန်ပါတယ် ခင်ဗျား . . အားကိုး ၁ရာ တရားတော်တွေပါ။

ဝိပဿနာပိုင်းကို ရောက်တော့ ပထမဆုံး စိတ်ကို ရင်ချိုင့်မှာ ထားပြီး ရူပပရိဂ္ဂဟကို ပွားရပါတယ်၊ ပွားတဲ့ အချိန် နိမိတ်နဲ့ လူတစ်ယောက်ကို မြင်ရပါတယ်၊ ကြည့်နေရင်းနဲ့ အသားတွေ အရည်ပျော်ကျ အရိုးစုတွေ့ရ အဲဒီအရိုးကနေ အမှုန့်တွေ ဖြစ်သွားတာ စတွေ့ရပါတယ်၊ နောက်ပြီး ရင်ညွန့် နေရာမှ မီးထတောက်တာ . . . ခန္ဓာကိုယ် တစ်ခုလုံး ဖြစ်ပျက်နေတာ . . . တစ်ကိုယ်လုံး ပုရွက်ဆိတ် တက်သလို ယားယံ နေတာ . . . ငါ, သူတပါး, ယောကျ်ား, မိန်းမ မရှိ ရုပ်နာမ် နှစ်ပါးသာရှိလို့ စိတ်ထဲက ဆုံးဖြတ်ချက်ချနိုင်တာ . . အဲဒီရုပ်နာမ်တွေ အတိတ်အကြောင်း တရားငါးပါး ကြောင့် ဖြစ်တာလို့ တစ်ထစ်ချ သိသွားတာ စသဖြင့် စာနဲ့ရေး ပြ နိုင်လောက်တဲ့ တန်ဖိုး ကြီးမားလှတဲ့ ဓမ္မ အမွေကို လပိုင်း က်ပိုင်းအတွင်း ကိုယ်တိုင် သိရှိခံစားခဲ့ရပါတယ် . . ဉာဏ်စဉ် ၃ိုင်းလည်း ရှုမှတ်နိုင်ခဲ့ပါတယ်။

ခုမှ ကျွန်တော် ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်တာပါ ၁င်ဗျား. . . မောင်းထောင် မြေဇင်းတောရ ဆရာတော် ဘုရားကြီးရဲ့ ဥပနိဿယကို ကမ္မဋ္ဌာနာစရိယ ဆရာတော် ဇရှင်ကေလာသနှင့် အရှင်သုမင်္ဂလတို့ နည်းပြ လမ်းညွှန်ပေး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တဲ့ ရန်ကင်းအေးငြိမ်းရိပ်သာ တရားစခန်းဟာ အခြား အခြားသော တရားစခန်းများနှင့် မတူပါဘူး၊ အနီရောင်ဟာ ရဲတာချင်းတူပေမဲ့ မီးကျီးခဲနဲ့ ပတ္တမြားဟာ ကွာခြားတယ် မဟုတ်လား . . . သမထကို အခြေခံပြီး ဝိပဿနာကို အားထုတ်တာ ဖြစ်တဲ့အတွက် 'အမြင်ရှင်း ၍ အသိ လင်း' စေပါတယ်။

အခုလို ကာလကောင်း အခါကောင်း ဆရာသမား ကောင်းနဲ့ ဆုံတွေ့ ခွင့်ရစေတဲ့ ရှေးရှေးကကုသိုလ်ကံတွေကို ကျေးဇူးတင်ပါတယ်။

မိတ်ဆွေ . . . ကျွန်တော် တင်ပြတဲ့ စာတမ်းကို ဖတ်ပြီးတဲ့အခါ

၁။ ယုံကြည်ပါသလား . . . ရန်ကင်း အေးငြိမ်းရိပ်သာမှာ တရားအားထုတ်ကြည့်ပါ။

၂။ မယုံကြည်ဘူးလား . . . ရန်ကင်းအေးငြိမ်းရိပ်သာ မှာ တရားအားထုတ်ကြည့်ပါ ။

' သင့် ' . . .

ကလျာဏမိတ္တ

စခန်းဝင် အမှတ်စဉ် ၆၈/င
ကိုညီညီတင်
Drums&Assistant Sound Engineer
Top Studio (မူဆယ်)
ဟ/၁၉၂ ဂန့်ကော်လမ်းခွဲ၊ ဟိုမွန်ရပ်၊ မူဆယ်
Tel- 082- 51330-51783
Mobile Phone (T86) 13628862246

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## " သမထ တရားအား ပွကော်ခြင်း "

၁။ နှာခေါင်းတစ်ခု အခြေပြုဘိ
စိတ်၏တည်ရာ နှာသီးမှာ၊

၂။ ဝင်ထွက်နေပြား ထိုလေအားလျှင်
မြပင်သိပါ နှာသီးမှာ၊

၃။ နှာသီးမှာကပ် ဝင် 'တစ်' မှတ်
ပြည့်လတ်'ရှစ်'မှာ 'တစ်'ချီးပါ။

၄။ လက်ချိုးတစ်ဆယ် ပြည့်ကာဝယ်
မှတ်ဖွယ်တစ်ထစ် လက်ကောက်ဝတ်၊[၁]

၅။ ထိုမှတဖန် တစ်တောင်ထံ[၂]
ဆင့်ပြန်မှတ်သွား 'ပုခုံး[၃]' 'နား[၄]'၊

၆။ နားပြီးချိုစောင်း[၅] ဝဲယာ ပြောင်းသွား
မခြားတူစွာ မှတ်သွားပါလော့

၇။ မှတ်သားဝါရ သန့်ရှင်းကလျှင်
သင့်တွင်နိမိတ် ရကြောင်း ဟိတ်တည်း

၈။ သင်၏နိမိတ် စင်မဖိတ်အောင်
သင့်စိတ်မှာပွား လျှောက်မကြွားနှင့်
စကားများရာ ရောက်မည်တည်း၊

၉။ စိတ်မှာလည်းကြည် နိမိတ်တည်၍
ရှုမည် ရှည်ရှည် ပို့ကြည့်လေ၊

၁၀။ ပို့ကြည့်နိမိတ် မေတ္တာ စိတ်ယှဉ်
ဖူးမြင်ဗုဒ္ဓ ရွှင်ရွှင်ပျသည်
သမထ၏ အကျိုးတည်း။

ကိုမောင်ငယ် (မဘိန်း)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## နိဂုံးစကား

သက်တော်(၂၄) ဝါတော် ၄-ဝါကတည်းက သင်ရိုးပိဋကတ် မျှမက နိကာယ်ငါးရပ်တို့ကိုပင် အာဂုံဆောင်နိုင်ပြီး ငယ်စဉ်မှစ၍ ပရိယတ္တိ ပြည့်စုံတော်မူ၍ ကင်းတောရ အုပ်ဖိုလက်ပံတောရတို့သို့ဝင်ကာ ဆရာနည်း ကျကျဖြင့် ပဋိပတ္တိလုပ်ငန်း၌သာ တစ်သက်တာ ဦးစားပေး သာသနာပြုတော်မူခဲ့သော ကနီရွှေသိမ်တော် တောရဆရာတော် ဘုရားကြီးအား "ငါ့ရှင် ဤယခု ဆရာတို့ပွားများနည်းကို ယောဂီအစဉ်အဆက် ဝဋ်မှထွက် မြောက်ရန် ပါရဂူအမည်တပ်၍ ကျမ်းကြီးတစ်စောင် ရေးရစ်ပါ "ဟု လက်ပံတောရ ဆရာတော်မှ မှာထားခဲ့၏။ ကနီရွှေသိမ်တော်တောရ ဆရာတော်ကား သက်တော် (၈၈)နှစ်ထိ နေတော်မူခဲ့ရာ ပဋိပတ္တိသာသနာဝယ် နှစ်ပေါင်း (၄၀)ကျော်မျှ ဘဝကို နှစ်မြုပ်တော်မူခဲ့ပြီး ယောဂီပါရဂူ၊ သစ္စပါရဂူ၊ သုဇနပါရဂူ၊ ဒဿနပါရဂူကျမ်းများ အပါအဝင် ပဋိပတ္တိကျင့်စဉ်ကျမ်းပေါင်း (၉)ကျမ်းမျှ ရေးသားတော်မူခဲ့၏။

ထိုပဋိပတ္တိကျမ်းပြုအကျော်ထံ ကျင့်စဉ်များကို ဆရာနည်းကျကျ ချဉ်းကပ်လေ့လာ သင်ယူပွားများ အားထုတ်တော်မူခဲ့သော မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီးမှာလည်း ၁၃၂၅-ခုနှစ်မှသည် ၁၃၆၈-ခုနှစ်ထိ နှစ်ပေါင်း ၄၃-နှစ်ကြာမျှ ပဋိပတ္တိသာသနာကို ကိုယ်တိုင် ကျင့်ကြံပြီး တပည့်သာဝကတို့အား ပြသပေးတော်မူခဲ့ပါသည်။ ထို့ပြင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်ဘုရားကြီးအနေဖြင့် ဓမ္မစကျကျမ်း၊ ဒဿနပါရဂူ ကျမ်း (သမထ ပထမပိုင်း၊ ဝိပဿနာ ဒုတိယပိုင်း)၊ ပဋိသမ္ဘိဒါ ဉာဏပါဒက ဂန္ထဓုရဝိနိစ္ဆယ၊ ပဓာနပါရဂူ စသည့်ကျမ်း များ အပါအဝင် ပဋိပတ္တိကျမ်းပေါင်း (၅)ကျမ်း မျှကိုလည်း ရေး သားတော်မူခဲ့သည်။

ထိုသို့ ဆရာစဉ်ဆက် ထိန်းသိမ်းတော်မူခဲ့ခြင်းကြောင့် ယနေ့ ခေတ်ခါတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသ နာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်ဒေါက်တာ အရှင် ကုမာရာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)နှင့် တကွ လောကီ လောကုတ္တရာဘွဲ့ရ, ဘွဲ့လွန် မဟာဘွဲ့ပြီးမှ အစအောက် ထစ်ဆုံး စာလုံးဝမှ မတတ်သော ယောဂီများ အပါအဝင် ကနီ နည်း သမထကျင့်စဉ်များကို ကျင့်ကြံပွားများ အားထုတ် ကြသော ယောဂီတို့ သည် တရားတော်၏ အစိန္တိယျနှင့် ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော်တို့အတိုင်း တရားအရသာကို သန္ဒိဋ္ဌိက မြောက်ရရှိတော်မူခဲ့ကြ ပါသည်။

သန္ဒိဋ္ဌိကမြောက် ကိုယ်တိုင် ရရှိတော်မူခဲ့ကြသော သမထ ဘာဝနာ၏ အကျိုးတရား ပဋိဘာဂနိမိတ်တို့ဖြင့် ပြည်တွင်း ပြည်ပနှင့်ဘုံခြား ကျွန်းခြားဒေသများသို့ ရောက်ရှိ အောင် စေစား၍ ယောဂီများ ဘုရားဖူး ကြရသည့် ဓမ္မရသ ကိုယ်တွေ့စာတမ်းများကို စခန်းဝင် ယောဂီများထဲမှ သင့်လျော် သည့် ယောဂီအချို့တို့ကိုသာ ရွေးချယ်တင်ပြနိုင်ပါ၏။ ဤသို့ ပဋိဘာဂနိမိတ် အစွမ်းဖြင့် ဓမ္မရသများ ခံစားရမှုကို ဖော်ပြ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရာတွင် မယုံကြည်နိုင်စရာသော အကြောင်းအကျိုးတရား တွ ပါလား . . . ဟု ထင်မှတ် အမြင်လွဲနိုင်ပါ၏။

အရုဏာဝတီ သုတ္တန် သံယုတ် ပထမအုပ်တွင် လွန်ခဲ့ သော(၃၁) ကမ္ဘာအထက်၌ သိခီမြတ်စွာဘုရားရှင်နှင့် လက်ယာတော်ရံ အဘိဘူ ရဟန္တာမထေရ်မြတ်ကြီးနှစ်ပါး တို့သည် ဗြဟ္မာ့ဘုံသို့ကြွပြီး ' နီလ ' ကသိုဏ်း တန်ခိုးဖြင့် စကြာဝဠာ တစ်ထောင်ကို အမှောင်ထု ဖန်ဆင်းပြီး နောက် ' ဩဒါတ ' ကသိုဏ်းဖြင့် အားလုံး လင်းထိန်သွားစေကာ စကြာ ဝဠာတစ်ထောင်လုံးရှိ သတ္တဝါ အားလုံးတို့အား အဘိဘူရဟန္တာ မထေရ်မြတ်ကြီး၏ အဆင်းကို မြင်နိုင်စွမ်း အသံကို ကြားနိုင် စွမ်းကြောင်း ဖော်ပြထားပါ၏။ အဘိဘူရဟန္တာမထေရ်မြတ် ကြီး၏ ဣဒ္ဓိဝိဓ အဘိညာဉ် အပ္ပနာဇော၏ တန်ခိုးတော်ပါ တည်း။

ဤတွင် ဥပမာနှိုင်းယှဉ်၍ ဆိုလိုခြင်း မဟုတ်ပါကြောင်း ရိုးရှင်းစွာ ဝန်ခံလိုပါ၏။ ဖော်ပြပါ ယောဂီများ၏ ပဋိဘာဂနိမိတ် မှာမူကား အပ္ပနာစျာန် အဘိညာဉ်တို့၏ အာရုံမဟုတ် ကာမာဝ စရမဟာကုသိုလ် ဥပစာရသမာဓိ၏ အရာမျှသာဖြစ်ပါ၏။

ကြောင်းကျိုးတရား၊ အဟော အပြော အရေးအသား နှင့် ပရိယတ္တိ ကင်းကွာလျှက် မိမိသဘောပေါက်သလို ကမ္မ ဋ္ဌာန်းနည်းပေးတတ်ကြသည့် ရှုပ်ထွေး ပွေလိမ်လှသော လောက အရှုပ်တောတို့တွင် မျက်စိလည် လမ်းမှား မသွားကြ စေဘဲ မြတ်ဗုဒ္ဓ၏ ကျင့်နည်း တရားတော် အစစ်အမှန် များကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဗုဒ္ဓဘာသာဝင်တို့ ထိုက်တန်သလောက် ရရှိကြစိမ့်သောငှါ သမထကို အခြေခံထားအပ်သော သမာဓိအစွမ်း ပဋိဘာဂ နိမိတ်အလင်းတို့ဖြင့် ခန္ဓာကိုယ်၏ ဖြစ်ပျက်ပုံ ဝိပဿနာ မြင်ကွင်းများကို အမှန်တကယ် ရကြ ပါစေသောဟု သမ္မာဆန္ဒ ဖြင့် ဆရာအဆက်ဆက်တို့ထံမှ ကန့်ကူလက်ရစ် လက်ပိုး လက်ထပ် သင်ယူခဲ့ကြသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့၏ တကယ့်မေတ္တာ အခြေခံ သဗ္ဗတ္ထကစရဏာတို့ဖြင့် ပြသပေး လျှက် ရှိပါ ကြောင်း . . . ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဉာဏ မြင်ကြွ အမှန်ပ ဗိတ်ခေါ် မှာ

ရန်ကင်းတောင်ခြေ အရှေ့ဘက်ကမ်းမှာ..မိုငြမ်းတည်ထား ဒို့ရိပ်သာ..
ငြိမ်းသာယာ သမထတရားပြင်.. ဒေါ်တွင် ဝိပသ် ဘာဝနာ...
ယောဂီစုံစွာ ရှုကာပွားလို့ .. လွန်စွာ ကြိုးစား တရားရှာ...
မြေဇင်းဆရာ တည်ကာထားတဲ့.. တကယ့်ဉာန်ကျ ကျင့်နည်းနာ...
ဘဝသံသရာ ရှောင်ခွာဝေးလို့ .. ခန္ဓာအေးငြိမ်း နိဗ္ဗာန်ရှာ ...
ရ–စေကြ...ဉာန, မြင်ကြွ, အမှန်ပ, ဗိတ်ခေါ်မှာ ...။

ဦးဉာဏ်ဝင်း (မောင်းထောင်)

"ဓမ္မ"ကို
ပေးလှူခြင်းသည်ကား
အသိဉာဏ်ရှိကြသောလူများစွာတို့အား
သုတကိုဖြစ်စေ၏။
ရှိပြီးသောသုတကို
တိုးတတ်တောက်ပြောင်စေ၏။
နာမကာယကို ကြည်လင်စေ၏။
အယူဝါဒကို ဖြောင့်မှန်စေ၏။
ကိလေသာမှ သန့်ရှင်းမှု
ဝဋ်အနှောင်အဖွဲ့ လွတ်မြောက်မှုကို
ဖြစ်စေ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဓမ္မဒါန ကုသိုလ် စာလွှာ

ဤ "အရတော်စွ လူ့ဘဝနှင့်
မျှဝေခံစား ဓမ္မရသ စာတမ်းများ" စာအုပ်ကို
ဓမ္မဒါနအဖြစ်
ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြပါသည်။

---

ဤ ဓမ္မဒါန ကုသိုလ်သည် အကျွန်ုပ်အတွက် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်း ဖြစ်ပါစေ။

ဤဓမ္မဒါန ကုသိုလ်အဖို့ကိုလည်း မိဘ, ဆရာ အစထား၍ ၃၁-ဘုံသားတို့အား အမျှပေးဝေလိုက်ပါ၏။

*(အမျှ အမျှ အမျှ ယူတော်မူကြပါ။)*

"ဓမ္မဥ္စ စိရ ဋ္ဌိတိကံ ကရောန္တာ
ဓမ္မ ဒါနံ ဒဒန္တိ နာမ။"

တရားတော်ကို ကြာမြင့်စွာ တည်တံ့အောင် ပြုလုပ်ဆောင်ရွက် သူတို့သည် တရားတော်၌ အလှူဒါန ပြုလုပ်သူတို့ မည်ကုန်၏။

[ဣတိဝုတ္တကဋ္ဌကထာ]

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရန်ကင်းအေးငြိမ်းရိပ်သာ

## မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏
## ကမ္မဋ္ဌာန်းနည်း ဥပဒေသအတိုင်း ဖွင့်လှစ်ပြသပေးလျက်ရှိသော
## တရားရိပ်သာများ

| စဉ် | ရိပ်သာအမည် | တည်နေရာ |
|---|---|---|
| ၁။ | မြေဇင်းတောရ (ပင်မ) | မောင်းထောင်ရွာ ဘုတလင်မြို့နယ် မုံရွာခရိုင် စစ်ကိုင်းတိုင်း။ ဖုန်း- ၀၉.၅၁၄၈၇၀၀ ဥက္ကဋ္ဌ - ဖုန်း - ၀၉ .၆၄၅၀၄၁၁ |
| ၂။ | ရန်ကင်းအေးငြိမ်း ရိပ်သာ | ရန်ကင်းတောင်အရှေ့ဘက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။ ဖုန်း- (ရုံး) ၀၂. ၅၇၂၅၃ ၊ ဆရာတော်- ၀၉.၂၀၃၃၃၄၄ ၊ ဥက္ကဋ္ဌ-၀၉. ၂၀၃၃၉၂၂ ။ |
| ၃။ | အောင်မင်္ဂလာ မြေဇင်းရိပ်သာ | ဘွက်ကြီးကျေးရွာ မှော်ဘီမြို့နယ် ထောက်ကြံ့ တိုးဂိတ်အနီး ဖုန်း- ၀၉. ၅၃၉၆၁၆၀။ |
| ၄။ | ရွှေတောင်ဦး တိုက်သစ် | ဦးဥတ္တရ လိပ်တူကျေးရွာ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်း ဖုန်း-၀၅၇. ၂၇၂၅၆ (ဇါတွင်း၌သာ ဖွင့်လှစ်ပါသည်) |
| ၅။ | ဓနုကူးမြိုင် | ဓနုကူးမြိုင်ရိပ်သာ ထားဝယ်မြို့ တနင်္သာရီတိုင်း ။ ဖုန်း- ၀၉. ၈၄၁၃၉၃(ဆောင်းတွင်း၌သာ ဖွင့်လှစ်ပါသည်) |
| ၆။ | အောင်ချမ်းသာ ကျောင်း | ဦးသုရိယ(ရှိန်းမကားဆရာတော်)စဉ့်ကူးမြို့နယ် ရေတော်ရွာ။ ဖုန်း-၀၂.၄၉၂၃၀, ၇၉၄၀၀, ၇၉၄၈၄ ။ (ဇါတွင်း၌သာဖွင့်လှစ်ပါသည်။) |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရတော်စွ လူ့ဘဝ

# ဓမ္မဒါန အလှူရှင်များ

၁။ ဆရာတော် ဦးကေလာသ (သာသနဓဇဓမ္မာစရိယ)
ရန်ကင်းအေးငြိမ်းရိပ်သာ။

၂။ ဦးခင်ထူး + ဒေါ်ခင်သန်း(ခ)ဒေါ်သောင်းမြ သင်းနွယ်ဦးပွဲရုံ
မိုလ်ချုပ်လမ်း ကျွန်းလှမြို့ မိသားစု၊ ကောင်းမှု။
ဖုန်း – ၀၇၅–၅၉၁၈၇

၃။ ဦးတင့်ဆွေ + ဒေါ်ခင်မာရီ မိသားစု၊
ဆည်မြောင်း ဦးစီးဌာန ပုသိမ်ကြီးမြို့။

၄။ ဦးအောင်ကျော်စိုး + ဒေါ်တင်မိုးအေး မိသားစု ကောင်းမှု၊
ကျော်ကျော်ကားပစ္စည်း ရောင်းဝယ်ရေး မန္တလေးမြို့။

၅။ ဦးစံမြင့် + ဒေါ်စိန်ကျင် သမီး – မနေရည်အောင်
(STARESOURCES Co. Ltd)
အမှတ်(၂၇၂) အခန်း – ၆၀၂ ဓနလိုင်တာဝါ
ပြည်လမ်း စမ်းချောင်း ရန်ကုန်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)